မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က စတင်ထူထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၉၉)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်

၂၀၁၃ ခုနှစ်၊ ဧပြီ ၂၂ ရက်၊ တနင်္လာနေ့

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

ထစ်ချုန်းမိုး

၂၂-၄-၂၀၁၃

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာသွန်းရန်ရှိသည်။

မြန်မာနိုင်ငံ၌ စင်ကာပူကုမ္ပဏီများ ကဏ္ဍစုံရင်းနှီးမြှုပ်နှံရန် နားလည်မှုစာချွန်လွှာရေးထိုး

အာကာသင်္ဂီန်း-ရေးသားသည်

စင်ကာပူ ဧပြီ ၂၁

မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးလုပ်ငန်းတွင် စင်ကာပူကုမ္ပဏီများက ရင်းနှီးမြှုပ်နှံလုပ်ကိုင်သွားရန် အစီအစဉ်များရှိကြောင်း စင်ကာပူနိုင်ငံ Bouygues Construction က သတင်းထုတ်ပြန်သည်။

ရန်ကုန်မြို့ အပြင်ဘက် ပဲခူးမြစ်ကမ်းတွင် တည်ဆောက်မည့် နေအိမ်ခန်းပေါင်း ၄၉၈၀ ခန့်ရှိ အဆောက်အအုံများ ကားရပ်ဝန်များနှင့် အခြားတည်ဆောက်ရေး လုပ်ငန်းများအတွက် စင်ကာပူဆောက်လုပ်ရေးကုမ္ပဏီက အမေရိကန်ဒေါ်လာ ၇၄ သန်းခန့် အကုန်အကျခံကာ တည်ဆောက်သွားရန် စီစဉ်လျက်ရှိသည်။

အဆိုပါ တည်ဆောက်ရေးလုပ်ငန်း စတင်နိုင်ပါက အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေါ်ထွက်လာနိုင်ပြီး နေအိမ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

လက်မှတ်ရေးထိုး

စင်ကာပူနိုင်ငံသည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန်အတွက် အစီအစဉ်များရှိနေပြီး နယ်ပယ်ကဏ္ဍအသီးသီးဖြစ်သော စက်မှုလုပ်ငန်း၊ ဆက်သွယ်ရေးနှင့် ဆေးရုံလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက်လည်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။

(ဆင်ဟွာ)

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁ မိုင်ခန့်အကွာရှိ ရဲရွာရေလှောင်တမံ။

မိုးမရောက်မီ ဓာတ်အားမပြတ်တောက်ရေး ထိန်းသိမ်းမောင်းနှင်ပေးနေ

နေပြည်တော် ဧပြီ ၂၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁ မိုင်ခန့်အကွာရှိ ရဲရွာရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ရောက်ရှိပြီး စက်ရုံအတွင်း ဓာတ်အားပေးစက်တစ်လုံးစီအလိုက် ဓာတ်အားများ ထိန်းချုပ်မောင်းနှင်နေမှု၊ ဓာတ်အားပေးစက်များမှ ကီလိုဝပ်နာရီသန်းပေါင်း (၅ ဒသမ ၃)သန်းကျော် ဓာတ်အားထုတ်လုပ်မောင်းနှင်ပေးနေမှုနှင့် ဓာတ်အားထိန်းချုပ်ခန်းတွင် ဝန်ထမ်းများ တာဝန်ထမ်းဆောင်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းတိုင်း လုပ်ငန်းတာဝန်ထမ်းဆောင်မှု အရည်အသွေးတိုးတက်ဖောင် အမြဲတမ်းလေ့ကျင့်ဆောင်ရွက်ရေး၊ စက်စွမ်းအားပြည့် မောင်းနှင်နိုင်ရေးအတွက် ဓာတ်အားပေးစက်များ ကြံ့ခိုင်ရေးကို ဆောင်ရွက်ရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ရဲရွာရေလှောင်တမံ ရေသိုလှောင်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ရေလှောင်တမံအတွင်း ရေဧက ပေ ၁၁၈၀၀၀၀ ကျော် သိုလှောင်ထားမှု၊ ယခင်နှစ် ရေသိုလှောင်မှုပမာဏထက် ၂၈ ပေ ကျော် ပိုမိုသိုလှောင်ထားနိုင်မှုနှင့် တမံအတွင်း ရေဝင်ရောက်မှုနှင့် လက်ရှိရေသိုလှောင်ထားနိုင်မှုအခြေအနေအထားအရ မိုးရာသီအထိ ဓာတ်အားပေးစက်များ မောင်းနှင်ပေးနိုင်မှု *စာမျက်နှာ ၃ ကော်လံ ၅* ❒

ယနေ့ မာတိကာ

သစ်သီးဆိုင်တန်းများနှင့် စည်းကမ်းမဲ့ယာဉ်များကြောင့် လမ်းပိတ်ဆို့ စာ-၂

နာပိုလီတာနီ အီတလီ သမ္မတအဖြစ် ပြန်လည်ရွေးချယ်ခံရ စာ-၄

ကိုရီးယားကျွန်းဆွယ်မှ ဆွေးနွေးပွဲ ရောင်ခြည် စာ-၅

အညာနွေအတွက် ရေမခက်ရေး ဆည်မြောင်းဌာနက ကူညီပေး စာ-၁၀

သရက်သီးများ ရန်ကုန်ဈေးကွက်သို့ဝင်နေပူပြင်း၍ စားသုံးသူများ ချိန်ဆနေ စာ-၁၁

အာဆင်နယ် တတိယနေရာ ပြန်ရောက် စာ-၁၄

မြောက်ကိုရီးယားက ဒုံးပစ်လောင်ချာများ ထပ်မံပြင်ဆင် နိုင်ငံတကာသတင်းစာမျက်နှာ ➤ ၄

ရင်ခုန်ရဦးမယ့် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့ နိုင်ငံတကာအားကစား စာမျက်နှာ ➤ ၁၄

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာစာမျက်နှာ အချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လူသားစွမ်းရည်မြှင့်တင်ကြမည်

လူတို့သည် ရှေးအစဉ်အဆက်ကပင် မိမိတို့၏ အတတ်ပညာနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို နောင်လာနောက်သားများအား လက်ဆင့်ကမ်းခဲ့ကြသည်။ မိမိတို့၏ အသိဉာဏ်ခွန်အားကို အသုံးပြုပြီး မိမိဘဝ၏အခြေခံလိုအပ်ချက်ဖြစ်သည့် စားရေး၊ ဝတ်ရေး၊ နေရေးအတွက် လုပ်ကိုင်ဆောင်ရွက်နေကြရသည်။

လူ့ဘောင်ဘဝတွင် လူတို့၏ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာဖွဲ့စည်းမှုများသည် အပြန်အလှန်ကျေးဇူးပြုပြီး ပြောင်းလဲလျက်ရှိသည်။ ပညာရေးသည် လူ့ဘောင်ဘဝ၏ စိတ်ပိုင်းဆိုင်ရာဖွဲ့စည်းမှု၏ တစ်စိတ်တစ်ဒေသဖြစ်သည်။ ပညာရေးဟူသော ဝေါဟာရကို ရှေးပညာရှင်ကြီးများမှ ယခုခေတ် ပညာရှင်ကြီးများအထိ မိမိတို့၏ အတွေးအခေါ်ယုံကြည်ချက်များနှင့်အညီ အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုရေးသားကြသည်။

ပညာရေးဟူသောစကားရပ်၏ မူလဇာစ်ဖြစ်သည် ပြုစုပျိုးထောင်ခြင်း၊ တိုးတက်ဖွံ့ဖြိုးဖြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းဟု အဓိပ္ပာယ်ရသည်။ ခေတ်မီပညာရေး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ဒီမိုကရေစီတွေးခေါ်မှုနှင့် စိတ္တဗေဒပညာလွှမ်းမိုးမှုတစ်လျှောက် လူတစ်ဦးစီ၏ စွမ်းအင်ဖြင့် ဖွံ့ဖြိုးနိုင်သမျှ၊ ဖွံ့ဖြိုး၊ ပြည့်စုံနိုင်သမျှပြည့်စုံပြီး မိမိပါဝင်သောလူ့အဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်နိုင်သူတစ်ဦးဖြစ်စေရန်ဖြစ်သည်။

ယနေ့ ကျောင်းသားလူငယ်များအနေဖြင့် တစ်ဦးချင်းစွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လေ့ကျင့်ကြရမည်ဖြစ်သည်။ ကျောင်းသားလူငယ်လေးများသည် တိုယ်တိုင်ဖန်တီးနိုင်စွမ်း ရှိကြရမည်ဖြစ်သည်။ မိမိကိုယ်တိုင် အရည်အချင်းပြည့်ဝနေရန် လေ့ကျင့်သင်ယူကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် သဘာဝသယံဇာတများ ပေါများကြွယ်ဝသည်။ သို့သော် နိုင်ငံတကာနှင့်ယှဉ်လျှင် နောက်ကျနေသည်ကို တွေ့ရမည်ဖြစ်သည်။ ယင်းမှာ အဖိုးတန်သဘာဝသယံဇာတများကို အကျိုးရှိအောင် အသုံးချနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များလိုအပ်ချက်ကြောင့်ဖြစ်သည်။ ယင်းလိုအပ်ချက်ကို ပညာရေးကသာ မွေးဖွားသန့်စင်ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

ပညာရေးကဏ္ဍသည် တစ်ဦးချင်းအတွက်သာမက နိုင်ငံတော်၏ အနာဂတ်ကာလအတွက်ပါ အရေးကြီးပေသည်။ မိမိတို့တတ်မြောက်ထားသည့် ပညာရပ်များကသာ အဆုံးအဖြတ်ပေးနိုင်မည်ဖြစ်သည်။ တိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် သဘာဝသယံဇာတထက်ပို၍ အရေးကြီးသည်မှာ လူသားစွမ်းရည်ဖြစ်သည်။ လူသားစွမ်းရည်ပြည့်ဝရန်အတွက် လူငယ်လူရွယ်လေးများကို ပညာရေးကဏ္ဍမှ လေ့ကျင့်ပျိုးထောင်တည်ဆောက်ပေးခြင်း၊ လူငယ်လူရွယ်လေးများကလည်း ထူးချွန်ထက်မြက်ရန် ကြိုးစားအားထုတ်ခြင်းဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်း လိုက်ပါနိုင်မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ဟိုတယ်ခရီးဝန်ကြီး ရှမ်းပြည်နယ်အတွင်း လုပ်ငန်းများကြည့်ရှုစစ်ဆေး

တောင်ကြီး ဧပြီ ၂၁

ရှမ်းပြည်နယ်အတွင်း တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည် ဟိုတယ်လုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ ရှင်းလင်းပြောကြားခြင်းနှင့် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးရန် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ဧပြီ ၁၉ ရက်နံနက် ၁၀ နာရီက ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးခန်း၌ ပြည်နယ်ဝန်ကြီးချုပ်အမှူးပြုသော အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာထာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဟိုတယ်ဇုံတည်ဆောက်ပြီးစီးမှုအခြေအနေများ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုအခြေအနေများ၊ အင်းလေးကန်ရေရှည်တည်တံ့ရေးအတွက် ဝန်ကြီးဌာနမှ ဝူးပေါင်းထိန်းသိမ်းဆောင်ရွက်ပေးရမည့် အစီအမံများအား ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ မွန်းလွဲ ၂ နာရီထွင် သက်ဆိုင်ရာပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ဗီလာအင်းထေးစပါးရီဆော့ဟိုတယ်၌ ဒေသခံဟိုတယ်လုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများ၊ ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်ရန်၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာပါက ဒေသထည်းဖွံ့ဖြိုးတိုးတက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်အခြေအနေများအား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်ထက်၍ ပြည်တောင်စုဝန်ကြီးနှင့်အဖွဲ့သည် အင်းလေးဒေသအတွင်း တည်ဆောက်လျက်ရှိသည် ဟိုတယ်များ၊ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဟိုတယ်ဇုန်လုပ်ငန်းပြီးစီးမှုတို့အား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

နိုင်ထွန်း(TGI)

သစ်သီးဆိုင်တန်းများနှင့် စည်းကမ်းမဲ့ယာဉ်များကြောင့် လမ်းပိတ်ဆို့

ထင်သာမြင်သာ ပြုပြင်စရာ

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၏ မြို့လယ်ကောင်လမ်းမကြီးဖြစ်သည့် ဗိုလ်ချုပ်လမ်းမကြီးပေါ်တွင် ယာဉ်သွားလာမှုအမြဲပိတ်ဆို့နေတတ်သည်။ ဗိုလ်ချုပ်ထမ်းသည် တစ်လမ်းမောင်းထမ်းဖြစ်ပြီး စည်ပင်သာယာဈေးကြီး အရှေ့ဘက်တွင်ရှိသော လမ်းဖြစ်ကာ ဆေးရုံကြီးရှေ့ကဆင်းလာသော ကွတ်ခိုင်လမ်းမကြီးနှင့်ဆုံရာနေရာလည်းဖြစ်သည်အပြင် မြို့လယ်အချက်အချာကျသော နေရာတွင်ရှိသည့် လမ်းတစ်လမ်းဖြစ်သည်။

အဆိုပါလမ်းပေါ်တွင် သစ်သီးအရောင်းဆိုင်များသည် လမ်းတစ်ဝက်လောက်အထိ ဈေးခင်းရောင်းချလျက်ရှိသည်။ ထို့အပြင် ဆိုင်ကယ်များနှင့် ကားများသည် သတ်မှတ်ထားသောနေရာတွင်မရပ်ဘဲ စည်းကမ်းမဲ့စွာ ယာဉ်နှစ်ထပ် သုံးထပ် ရပ်ထားသောကြောင့် လမ်းပိတ်ဆို့မှုဖြစ်နေပါသည်။

လားရှိုးမြို့သည် ထူဦးရေတူထပ်လာပြီး မော်တော်ကားများ၊ ဆိုင်ကယ်များ၊ သုံးဘီးဆိုင်ကယ်အငှားယာဉ်များသည် ဗိုလ်ချုပ်လမ်းပေါ်တွင် မလွဲမသွေ သွားလာနေကြရသည်။ ကျောင်းဆင်းချိန်၊ ဈေးသိမ်းချိန်၊ ညဈေးခင်းချိန်ဆိုလျှင် အဆိုပါလမ်းမကြီးသည် လမ်းပိတ်ဆို့နေသဖြင့် ဈေးပြန်အိမ်ပြန်သူများသည် ပထက်ဖောင်းပေါ်မှ သွား၍မရသောကြောင့် လမ်းပေါ်မှတက်ပြီး သွားလာနေရသောကြောင့် ယာဉ်အန္တရာယ် အမြဲကြုံတွေ့နေရသည်။

စည်ပင်သာယာ ဈေးကြီးအနောက်ဘက် မျက်နှာစာတွင် ပြည်နယ်ဆေးရုံကြီးရှိကြောင်း၊ လားရှိုးကြီးဘက်မှာနေသော ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦး သားဖွားဖို့ဆေးရုံသို့ ကားနဲ့အလာ ထမ်းပေါ်မှာပိတ်ဆို့နေ၍ အခက်အခဲကြုံခဲ့ရကြောင်း မိတ်ဆွေတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ထို့ကြောင့် ထားရှိုးမှာနေသည် ပြည်သူတွေ၏အသံမှာ လမ်းပေါ်ဈေးခင်းသော သစ်သီးဆိုင်တွေကြောင့် လမ်းပိတ်ဆို့တာလား၊ စည်းကမ်းမဲ့ယာဉ်တွေကြောင့် ထမ်းပိတ်ဆို့တာလားဟု ပြောဆိုနေကြသည်။

ဇော်လွင်(လားရှိုး)

ဝင်းပကျေးရွာ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

သထုံ ဧပြီ ၂၁

သထုံမြို့နယ် ဝင်းပကျေးရွာအုပ်စု ဝင်းပကျေးရွာ ဝင်းပကျောင်းတိုက်တွင် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များအတွက် ယဉ်ကျေးမှုဗုဒ္ဓဘာသာတရား၊ အသိပညာ၊ ဉာဏ်ပညာများ တိုးထက်လာစေရန် ဝင်းပကျောင်းတိုက်(သတ္တမ)အကြိမ် ယဉ်ကျေးလိမ္မာသင်ထန်းဖွင့်ပွဲကို ဧပြီ ၁၉ ရက် ညနေ ၄ နာရီက ကျောင်းပရာ ဝင်းပကျောင်းတိုက်ဆရာတော်ဦးပညာအားအမှူးထား၍ ကျေးရွာများမှ အလှူရှင် ဒါယကာ၊ ဒါယိကာမများ၊ သင်တန်းဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲတွင် တောင်စွန်းဓမ္မဒူတပညာဇောတဆရာတော်ကြီး၏ တပည့်ဖြစ်သော အရှင်စန္ဒောဒယ(ဓမ္မဒူတ)တိုက်အုပ်ဆရာတော်၊ ဓမ္မဒူတဇောတဝန်တောရဆောက်န္တာရာမကျောင်းတိုက် ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့က ဦးဆောင်တရားပြ၍ ငါးပါးသီလသရဏဂုံသုံးပါးတို့ကို အဓိကထား၍ သင်ကြားပြသပေးမည်ဟု သိရှိရသည်။ သင်တန်းတွင် အရှင်စန္ဒောဒယ(ဓမ္မဒူတ) ဆရာတော်က နံနက်အရုဏ်တက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညတစ်ကြိမ် စုစုပေါင်း သုံးကြိမ် ဦးဆောင်တရားပြ၍ ဒေသခံဆရာ ဆရာမ ၁၆ ဦးတို့မှလည်း လုပ်အားဒါနဖြင့် ယဉ်ကျေးလိမ္မာသင်တန်းတွင် အချိန်ပိုင်းသင်ကြားပို့ချပေးမည်ဟု သိရှိရသည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းတွင် ကျေးရွာအုပ်စုအတွင်းရှိ ဝင်းပကျေးရွာ၊ ဒညင်းကုန်းကျေးရွာ၊ ရေတွင်းဖြူကျေးရွာ၊ ဝိယော်ကျေးရွာ၊ စော်ကဲစုကျေးရွာများနှင့် အခြားသောကျေးရွာများမှ ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ စုစုပေါင်း ၁၄၇ ဦး တက်ရောက်သင်ကြားသင်ယူပြီး သင်တန်းကာလမှာ ဧပြီ ၁၉ ရက်မှ ၂၂ ရက်အထိဖြစ်ကြောင်း သိရှိရသည်။ **ခွန်(ဝင်းပ)**

နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်၊ မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့် ဟင်းချက်ပြုတ်ခြင်းမပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ/ငွေဆောင်
Ph: 209077, 09-731 67000
209388, 09-731 68000

အာရှနဂါး
ချောင်းသာ/ငွေဆောင်
နံနက်/ည
Ph : 703790,09-861-9008
707062,09-861-7770

JADE Travel & Tours
26.4.2013 - 90000/-

GOLDEN STAR
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ(နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph:209200,430480,544383

ပြည်တွင်းသတင်း

○ ကျောဖုံးမှ

ထွက်ပေါက် တိုင်းရင်းသားကယ်ဆယ်ရေးစခန်းသို့ရောက်ရှိ လှည့်လည်ကြည့်ရှုပြီး စခန်းရှိမိသားစုဝင်များအား တွေ့ဆုံ အားပေးစကားပြောကြားသည်။ ယင်းနောက်တောင်ပေါ် ကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စုဝင်များအား တွေ့ဆုံအားပေးစကားပြောကြားပြီးနောက် ပေါက်တောမြို့နယ် ကြိမ်နီပြင် ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိကာ ဒုက္ခသည်များအား နေရာချထားမှုအခြေအနေနှင့် ကယ်ဆယ်ရေးစခန်းအား လှည့်လည်ကြည့်ရှုပြီး စခန်းရှိ အိမ်ထောင်စုဝင်များအား တွေ့ဆုံအားပေးစကား ပြောကြားသည်။ မွန်းလွဲ ၁ နာရီခွဲတွင် စစ်တွေမြို့နယ် အုန်းတောကြီးနှင့် စက်ရုံစု ကယ်ဆယ်ရေးစခန်းများသို့ လှည့်လည်ကြည့်ရှုပြီး အိမ်ထောင်စုဝင်များအား တွေ့ဆုံအားပေးစကား ပြောကြားသည်။ ယင်းနောက်စစ်တွေ တပ်နယ်ဗန္ဓုလဧည့်ရိပ်သာ၌ စစ်တွေမြို့နယ် ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိနေကြသည် ကျောက်ဖြူနှင့်ပေါက်တောမြို့နယ်တို့မှ ဒုက္ခသည်ရပ်မိရပ်ဖများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။ ညနေ ၄ နာရီ မိနစ် ၂၀ တွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားကြပြီး ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူတို့၏ ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တွေ့ဆုံအားပေး

ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ တယ်ဆယ်ရေးစခန်းများရှိ အိမ်ထောင်စုဝင်များအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။

(သတင်းစဉ်)

ပုခန်းကြီးရေးဟောင်းသုတေသနပြတိုက် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်

နေပြည်တော် မေ ၂၁

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် ယမန်နေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပုခန်းကြီးမြို့ဟောင်းရှိ ပုခန်းကြီးရေးဟောင်းသုတေသနပြတိုက်ကို ကြည့်ရှုစစ်ဆေးပြီး ပြတိုက်သည် ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လည်ပတ်သော နေရာဖြစ်သဖြင့် ပြတိုက်ပစ္စည်းများ ပြသရာတွင် ခေတ်မီစေရန်နှင့် ပြတိုက်ပတ်ဝန်းကျင်နှင့် ပြတိုက်အတွင်း သပ်ရပ်လှပစေရေးအတွက် ထိန်းသိမ်းရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များ ကြိုတင်စီမံထားရှိရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် ပုခန်းကြီးမြို့ဟောင်း မြို့ရိုးများထိန်းသိမ်းထားရှိမှု၊ ပုခန်းကြီးမြို့ဟောင်း သစ်သားကျောင်းတော်ကြီးနှင့် ပုခန်းငယ်ရှိ သစ်သားကျောင်းတော်များ ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုများနှင့် ဆက်လက်ပြုပြင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအတွင်းရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဗြိတိန်နိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ

ရန်ကုန် မေ ၂၁

ဗြိတိန်နိုင်ငံ Westminster Foundation for Democracy ၏ ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအတွင်းရေးမှူး ဦးမောင်တိုး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဗြိတိန်နိုင်ငံလွှတ်တော်သို့ လေ့လာရေးခရီးသွားရောက်ရန် ယနေ့နံနက် ၈ နာရီတွင် လေကြောင်းခရီးဖြင့်ထွက်ခွာရာ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ဦးမင်းဆွေနှင့် ဦးညီညီမြင့်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်မေစန်းသိန်းတို့ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၂-၅-၂၀၁၃ (တနင်္လာနေ့)

နံနက်ပိုင်း

၆း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀	ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း
၈း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၈း၂၅	Road to 27th SEA Games (Yachting-1) ကျော်ကျော်ဇံ၊ ထွန်းထွန်း၊ မင်းသွေး၊ ဝေမင်းအောင်
၉း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း

နေ့လယ်ပိုင်း

၁၁း၀၀	ရင်ခုန်လက်ကမ်းတေးသစ်လမ်း
၁၃း၁၅	ဆေးရောင်စုံ ရုပ်ရှင် **ခုတော့သိပြီမင်းကို ကိုယ်ချစ်သည်** (ဒုတိယပိုင်း)
၁၄း၁၅	ဆေးရောင်စုံ ရုပ်ရှင် **ခုတော့သိပြီမင်းကို ကိုယ်ချစ်သည်** (တတိယပိုင်း)
၁၅း၀၀	ပြည်တွင်းသတင်း

ညပိုင်း

၁၆း၀၀	ပြည်တွင်းသတင်း
၁၆း၁၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သမိုင်း၊ ပထဝီ၊ စိတ်ပညာအထူးပြုများ) (သမိုင်း)
၁၆း၅၀	Road to 27th SEA Games (ဝူရှူး)
၁၇း၁၅	ရောင်စုံရေးသီ တေးပန်းချီ ထူးအိမ်သင်
၁၈း၀၀	ပြည်တွင်းသတင်း
၁၈း၂၀	SEA Games ဇာတ်လမ်းတို **နှလုံးသားနှင့်ရင်း၍** မင်းရာဇာ၊ ဇော်ဝင်းမောင်၊ ဆုပန်ထွာ(ဒါရိုက်တာ-မောင်ပြည်ဝ) ပန်းဝေသီ
၁၈း၅၀	နိုင်ငံခြားဇာတ်လမ်းတွဲ နှမြီးတဲ့ချစ်သမီး(အပိုင်း-၃၇)
၁၉း၀၀	ပြည်တွင်းသတင်း
၂၀း၀၀	ပြည်တွင်းသတင်း+ နိုင်ငံတကာသတင်း+ မိုးလေဝသသတင်း
၂၀း၃၅	People Talk
၂၀း၄၅	နိုဝ်ဝံတော်သမ္မတ၏ **နိုင်ငံ့ရွှမ်းဆောင်ရည်ဆု** (စိုက်ပျိုးထုတ်လုပ်မှု တောင်သူလယ်သမားနှင့် လုပ်ငန်းရဝ်ဆု)
၂၁း၀၀	ပြည်တွင်းသတင်း၊ - ခေတ်ဦးရုပ်မြင်တေးသံစဉ်

အထက်မြန်မာပြည်လက်ရွေးစင် ဘောလုံးသမားဟောင်းနှင့် အကောက်ခွန် (မန္တလေး) အသင်းတို့ချစ်ကြည်ရေးမိတ်ဆက်

မန္တလေး မေ ၂၁

မြန်မာနှစ်သစ်ကူးအထိမ်းအမှတ်အဖြစ် အထက်မြန်မာပြည် လက်ရွေးစင်ဘောလုံးသမားဟောင်းများအသင်းနှင့် အကောက်ခွန် (မန္တလေး) ဘောလုံးအသင်းတို့ ယနေ့ ညနေ ၄ နာရီကချစ်ကြည်ရေး မိတ်ဆက်ဘောလုံးပြိုင်ပွဲကို မန္တလေးမြို့ ဗထူးအားကစားကွင်းတွင် ယှဉ်ပြိုင်ကစားကြရာ အထက်မြန်မာပြည် လက်ရွေးစင်ဘောလုံးသမားဟောင်းများအသင်းက ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲအပြီးတွင် အကောက်ခွန်(မန္တလေး) ဘောလုံးအသင်းမှ လူမှုကူညီရေးဆောင်ရွက်ရန်အတွက် အထက်မြန်မာပြည် လက်ရွေးစင်ဘောလုံးသမားဟောင်းများအသင်းသို့ ငွေကျပ် နှစ်သိန်းပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေးကိုယ်ပွား)

❒ ရှေ့ဖုံးမှ

အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ရန္တာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ယခုနှစ် မေလနှင့် မိုးရာသီမရောက်မီအထိ ပြည်သူလူထုသို့ လျှပ်စစ်ဓာတ်အားမပြတ်တောက်စေရေးအတွက် ရေကိုထိန်းသိမ်းပြီး မောင်းနှင်ပေးလျက်ရှိကြောင်းနှင့် စက်တစ်လုံးလျှင် ၁၉၇ ဒသမ ၅ မဂ္ဂါဝပ်ရှိ စက်လေးလုံးဖြင့် စုစုပေါင်းစက်တပ်ဆင် အင်အား ၇၉၀ မဂ္ဂါဝပ် ထုတ်လုပ်မောင်းနှင်ပေးနေသော ဓာတ်အားပေးစက်ရုံ တစ်ခုဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်း

အမေရိကန်က ဆီးရီးယားအတိုက်အခံအုပ်စုအား စစ်ရေးထောက်ပံ့မှုတွင် ကန်ဒေါ်လာသန်း ၁၃၀ ပေးမည်

ဝါရှင်တန် ဧပြီ ၂၁

အမေရိကန်နိုင်ငံက ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အဆတ် အစိုးရအား တိုက်ခိုက်နေသည် စစ်သွေးကြွများကို စစ်ရေးထောက်ပံ့မှုတွင် အမေရိကန်ဒေါ်လာသန်း ၁၃၀ ပေးသွားမည်ဟု အစိုးရအရာရှိတစ်ဦး၏ ပြောကြားချက်အရသိရသည်။

တူရကီနိုင်ငံ အစ္စတန်ဘူမြို့တွင် မိတ်ဖက်ဆီးရီးယားအုပ်စုနှင့် တွေ့ဆုံစဉ်အတွင်း ဆီးရီးယားအတိုက်အခံများသို့ အမေရိကန်အနေဖြင့် ကူညီထောက်ပံ့မှုအတွက် အသေးစိတ်ပြင်ဆင်ထားမည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ဆိုကြောင်း၊ အမေရိကန်အစိုးရဌာနမှ အမည်မဖော်လိုသူထိပ်တန်းအရာရှိထစ်ဦးက ဧပြီ ၂၀ ရက် အစောပိုင်းက ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ အမေရိကန်၊ ဘာရိန်း၊ ဂျာမနီ၊ ပြင်သစ်၊ ဆော်ဒီအာရေဗျနှင့် ကာတာထိုအပါအဝင် စစ်သွေးကြွအုပ်စုမှ ခေါင်းဆောင်များ ပါဝင်တက်ရောက်မည်ဟုပြောကြားသည်။

ယင်းစစ်ရေးထောက်ပံ့မှုတွင် သံချပ်ကာအင်္ကျီများ၊ တင့်ကားများ၊ ညကြည့်မျက်မှန်များနှင့် အဆင့်မြင့်ဆက်သွယ်ရေးကိရိယာများလည်း ပါဝင်ကြောင်း ၎င်းအရာရှိက ဆက်လက်ပြောကြားသည်။ **(ဝရက်စ်တီဗွီ)**

ဂျပန်၌ အင်အားပြင်းငလျင်လှုပ်

တိုကျို ဧပြီ ၂၁

အင်အားရစ်ခ်ျတာစကေး ၆ ဒသမ ၇ ရှိ အင်အားပြင်းငလျင်တစ်ခု ဂျပန်နိုင်ငံတိုရီရီးမားကမ်းလွန်၌ လှုပ်သွားခဲ့ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီ (ဂျေအမ်အေ)က ပြောကြားသည်။

အဆိုပါ ငလျင်သည် မြောက်လတ္တီကျု ၂၉ ဒသမ ၉ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၃၉ ဒသမ ၆ ဒီဂရီအကြား မြေအောက်အနက် ၄၅၀ ကီလိုမီတာအကွာတွင် လှုပ်ခဲ့ခြင်းဖြစ်ကြောင်း ဂျေအမ်အေက ပြောကြားသည်။

ယင်းငလျင်ကြောင့် ထိခိုက်ပျက်စီးမှုမသိရသေးသော်လည်း ထိုကျိုမြို့၌ အဆောက်အအုံများ လှုပ်ယမ်းသွားခဲ့သည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

တရုတ်ငလျင် သေဆုံးသူ ၂၀၃ ဦး၊ ဒဏ်ရာရရှိသူ သောင်းကျော်ရှိ

စီချွမ် ဧပြီ ၂၁

ထရုတ်နိုင်ငံ စီချွမ်ပြည်နယ်၌ ဧပြီ ၂၀ ရက်က လှုပ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် သေဆုံးသူ ၂၀၃ ဦးရှိသွားပြီဖြစ်ကြောင်း တရုတ်တာဝန်ရှိသူများက ပြောကြားသည်။

ဆက်လက်ရှာဖွေ

အဆိုပါငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူ သို့မဟုတ် ပျောက်ဆုံးသူ ၁၁၅၀၀ ရှိကြောင်း၊ ပြိုကျအဆောက်အအုံများကြားမှ ထိခိုက်ဒဏ်ရာရရှိသူများအား ဆက်လက်ရှာဖွေကယ်ဆယ်မှုများ ပြုလုပ်လျက်ရှိကြောင်း တာဝန်ရှိသူများက ဆက်လက်ပြောကြားသည်။ **(ဆင်ဟွာ)**

မင်္ဂလာဆောင်သွားသည့်ဘတ်စ်ကားတိမ်းမှောက်မှုဖြစ်ပွား

လစ္စဘွန်း ဧပြီ ၂၁

မြောက်အိုင်ယာလန်နိုင်ငံ လစ္စဘွန်မြို့ အပြင်ဘက်တွင် မင်္ဂလာဆောင်ဧည့်သည်များ ထင်ဆောင်လာသော ဘတ်စ်ကားတစ်စီး တိမ်းမှောက်မှု ဖြစ်ပွားခဲ့ကြောင်း၊ ယင်းထိမ်းမှောက်မှုကြောင့် ၁၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဧပြီ ၂၁ ရက်က ဘီဘီစီ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ ဘတ်စ်ကားတိမ်းမှောက်မှုသည် ဧပြီ ၂၀ ရက်က လစ္စဘွန်မြို့ အပြင်ဘက် ဘာလီနာဟင့် လမ်းမပေါ်တွင် ဖြစ်ပွားခဲ့ပြီး လမ်းဘေးရှိ လယ်ကွင်းတစ်ခုအတွင်းသို့ ထိုးကျကာ တိမ်းမှောက်သွားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ယင်းဘတ်စ်ကားပေါ်တွင် လူပေါင်း ၆၀ အား တင်ဆောင်လာကြောင်း၊ ၁၄ ဦးဒဏ်ရာရရှိပြီး ၎င်းတို့အား ဆေးရုံသို့ပို့ဆောင်ပေးထားကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်အရသိရသည်။ ကျန်သည့် လူပေါင်း ၄၆ ဦးကို ကယ်ဆယ်ရေးသမားများက တွက်ခွာခွင့်ပြုခဲ့ကြောင်း၊ ဒရင်နာ-ဘာလီနာဟင့် လမ်းဆုံကိုလည်း ပိတ်ထားခဲ့ကြောင်း၊ ဖြစ်ပွားသည့်နေရာသို့ လူနာတင်ယာဉ် ၁၁ စီးရောက်လာကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ဖြစ်ပွားမှုနှင့်ပတ်သက်ပြီး ရဲတပ်ဖွဲ့တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။ တိုသို့မတော်တဆမှုဖြစ်ပွားချိန်တွင် ယင်းဘတ်စ်ကားသည် ခရစ်ယာန်ဘာသာရေးအဖွဲ့မှ ဧည့်သည်များကို မင်္ဂလာဆောင်လက်ခံကျင်းပရာနေရာသို့ တင်ဆောင်လာခြင်းဖြစ်သည်။ **(ဘီဘီစီ)**

နာပိုလီတာနို အီတလီသမ္မတအဖြစ် ပြန်လည်ရွေးချယ်ခံရ

ရောမ ဧပြီ ၂၁

အီတလီသမ္မတ ဂျော်ဂျီယိုနာပိုလီတာနိုသည် ဒုတိယအကြိမ်သမ္မတသက်တမ်းအတွက် ဝင်အရွေးခံရန် နိုင်ငံအတွင်းရှိ နိုင်ငံရေးပါတီများ အားလုံး၏ မေတ္တာရပ်ခံမှုအား လက်ခံခဲ့ပြီးနောက် အီတလီနိုင်ငံ သမ္မတအဖြစ် ပြန်လည်ရွေးချယ်ခံခဲ့ရကြောင်း ဧပြီ ၂၀ ရက်က ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

ခြောက်ကြိမ်တိုင် မဲခွဲဆုံးဖြတ်ရာတွင် မဲရွေးချယ်သူ ၁၀၀၇ ဦးတို့က နှစ်လကြာနိုင်ငံရေးအကျပ်အတည်းကို အဆုံးသတ်ရန်အတွက် အသက် ၈၇ နှစ်အရွယ် မစ္စတာနာပိုလီတာနိုကို ဧပြီ ၂၀ ရက်က ဆန္ဒမဲပေးခဲ့ကြသည်။ နာပိုလီတာနိုသည် ပါလီမန်အတွင်း သတ်မှတ်ထားသော မဲအရေအတွက် ၅၀၄ မဲကို ရယူပြီး အလွယ်တကူပြင့် အနိုင်ရရှိခဲ့သည်။

မိမိအနေဖြင့် လိုအပ်ချက်များကို မိမိစွမ်းဆောင်နိုင်သမျှ ဖြည့်ဆည်းပေးသွားမည်ဟု စဉ်းစားတားကြောင်း၊ နိုင်ငံ၌ ရှေ့ဆက်လုပ်ဆောင်ရမည် မိမိ၏တာဝန်ဝတ္တရားများကို မိမိအနေဖြင့် ရှောင်ရှားနိုင်မည်မဟုတ်ကြောင်း မစ္စတာနာပိုလီတာနိုက ပြောကြားခဲ့သည်။ မဲပေးပြီးအချိန်တိုအတွင်း၌ နိုင်ငံအတွင်း ကျန်ရှိနေသည့် ခက်ခဲသော အခြေအနေတစ်ရပ်ကို ၎င်းက လက်ခံခဲ့သည်။

နောက်သီတင်းပတ်အနည်းငယ်အတွင်း သို့မဟုတ် ရက်အနည်းငယ်အတွင်း စတင်လုပ်ဆောင်မည်ဟု အခိုင်အမာ မျှော်လင့်ထားကြောင်း၊ နိုင်ငံတော်အဖွဲ့အစည်းများ အနေဖြင့် ပြင်းပြသည့်ရည်ရွယ်ချက်နှင့်အတူ ၎င်းတို့၏ လုပ်ငန်းများအား ရှုထောင့်အားလုံး မှ ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်းလည်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ နာပိုလီတာနိုသည် နိုင်ငံ၏ငွေကြေးဆိုင်ရာ အကျပ်အတည်းအား ကိုင်တွယ်ရန် ယာယီညွန့်ပေါင်းအစိုးရဘုတ်အဖွဲ့ တစ်ဖွဲ့ကိုလည်း တစ်ပြိုင်တည်းရွေးချယ်သွားမည်ဟု မျှော်လင့်ထားသည်။

ယင်းနေ့အစောပိုင်းက အီတလီအမတ်များသည် ငါးကြိမ်မဲခွဲရာတွင် သမ္မတတစ်ဦးအား ရွေးချယ်ရန် မအောင်မမြင်ဖြစ်ခဲ့သည်။ လျှို့ဝှက်မဲအများစုမှာ ဗလာမဲများဖြစ်ကြသည်။

နာပိုလီထာနို၏ ခုနစ်နှစ်မြောက် သမ္မထသက်ထမ်းသည် မေ ၁၅ ရက်တွင် ကုန်ဆုံးမည်ဖြစ်သည်။ မစ္စတာနာပိုလီထာနိုသည် ဒုထိယသမ္မထသက်ထမ်းခုနစ်နှစ်ကို ရရှိမည့် အီထလီနိုင်ငံ၏ သမိုင်းထွင် ပထမဆုံးသမ္မတဖြစ်လာခဲ့သည်။ **(အောက်ပုံ)** **(ဘီဘီစီ)**

တင်မောင်လွင် - စုစည်းသည်

မြောက်ကိုရီးယားက ဒုံးပစ်လောင်ချာများထပ်မံဖြန့်ကြက်

ပြုံယမ်း ဧပြီ ၂၁

မြောက်ကိုရီးယားက ကိုရီးယားကျွန်းဆွယ်တင်းမာမှု အရှိန်မြင့်နေစဉ် ၎င်း၏ဒုံးပစ်လောင်ချာနှစ်ခုကို နိုင်ငံအရှေ့ပိုင်းသို့ ပြောင်းရွှေ့ချထားလိုက်ကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ပြုံယမ်းက ၎င်း၏ အရှေ့ဘက်ကမ်းခြေတွင် ဒုံးကျည်စမ်းသပ်ရန် ပြင်ဆင်နေစဉ် ယင်းကဲ့သို့ ဒုံးပစ်လောင်ချာနှစ်ခုကို ပြောင်းရွှေ့ချထားလိုက်ခြင်းဖြစ်သည်။

လွန်ခဲ့သော သီတင်းပတ်တွင် မြောက်ကိုရီးယားစစ်တပ်က စကတ်ဒုံးကျည်များပစ်နိုင်သည်ဟု ယုံကြည်ရသော ဒုံးပစ်လောင်ချာနှစ်ခုကို တောင်ဟမ်ယွန်းပြည်နယ် အရှေ့မြောက်ပိုင်းသို့ ပြောင်းရွှေ့ချထားလိုက်ကြောင်း ယွန်ဟတ်သတင်းအေဂျင်စီက တောင်ကိုရီးယားတပ်တန်းတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားလျက် ဧပြီ ၂၁ ရက်တွင် ဖော်ပြသည်။

“ကျွန်တော်တို့အနေနဲ့ မြောက်ကိုရီးယားက ဧပြီ ၁၆ ရက် နောက်ပိုင်း ဒုံးပစ်လောင်ချာနှစ်ခုထပ်မံပြောင်းရွှေ့ခဲ့တာကိုတွေ့ရှိခဲ့ပါတယ်” ဟု အဆိုပါ တာဝန်ရှိသူက ပြောကြားသည်။

ပြောကြား

ကိုရီးယားကျွန်းဆွယ် အခြေအနေသည် အမေရိကန်က နျူကလီးယားသယ်ဆောင်နိုင်သည့် B-52 နှင့် B-2 Stealth ဗုံးကြဲလေယာဉ်များ ကိုရီးယားကျွန်းဆွယ်တွင် ပျံသန်းခဲ့ပြီးနောက် တင်းမာမှုများမြင့်တက်ခဲ့သည်။ မြောက်ကိုရီးယားက အမေရိကန်ပြည်မအပါအဝင် အာရဝစ်ဖိတ်စစ်စခန်းများအားလုံးကို တိုက်ရန်ခြင်ဆင်လျက်ရှိသည်ဟု ပြောကြားသည်။ **(အပေါ်ပုံ)** **(ပရက်စ်တီဗွီ)**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအတွင်းရှိ ခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းများမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်းများဆောင်ရွက်ရန် လိုအပ်သည် ကတ္တရာများကို(မြန်မာငွေကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
(က)	ကတ္တရာ(၈၀/၁၀၀)	၁၇၅၉·၃၈ တန်

တင်ဒါလျှောက်လွှာစိတ်ရက် - ၃-၅-၂၀၁၃ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ညနေ ၁၅း၃၀နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၂-၄-၂၀၁၃ရက်မှ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

ကတ္တရာတင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၇၁-၂၃၇၆၄၊ ၂၂၅၄၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တိုင်းဒေသကြီးအစိုးရအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းများမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည် အဆောက်အအုံနှင့် လမ်း/တံတားတည်ဆောက်ရေးလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်အတွက် တိုင်းရင်းသားပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာမှူးကြီးရုံး၊ ဖုန်း-၀၇၁-၂၃၇၆၄၊ ၂၂၅၄၁တို့သို့ ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင် လာရောက်၍သော်လည်းကောင်း မေးမြန်းနိုင်ပါသည်။

၃။ သို့ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၂-၄-၂၀၁၃ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ တိုင်းရင်းသား လုပ်ငန်းရှင်များအနေဖြင့် လမ်း/တံတားတည်ဆောက်ရေးနှင့် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် လိုအပ်သော အချက်အလက်ပုံစံ၊ တင်ဒါ၊ အာမခံကြေးပေးသွင်းမှု၊ ချလန်နှင့် ဈေးနှုန်းများ ပြည်စုံစွာဖြင့် တင်ဒါစိစစ်ရေးကော်မတီ၊ စစ်ကိုင်းတိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီးရုံးသို့ ၃-၅-၂၀၁၃ရက် ညနေ ၁၆း၀၀နာရီအရောက် တင်ဒါပေးသွင်းနိုင်ကြောင်းနှင့် တင်ဒါပုံစံများကို စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတွင် ထုတ်ယူနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

တင်ဒါစိစစ်ရေးကော်မတီ
စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့

ကိုရီးယားကျွန်းဆွယ်မှ ဆွေးနွေးပွဲ ရောင်ခြည်

မောင်မဟာ

အခြေအနေတင်းမာနေတဲ့ ကိုရီးယားကျွန်းဆွယ်မှာတော့ မြောက်ကိုရီးထားတို့က သူတို့ရဲ့တောင်းဆိုမှုတွေကို လိုက်လျောမယ်ဆိုရင် တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်မယ်လို့ စကားဆိုလိုက်ပြီဖြစ်ဝါတယ်။

ကုလသမဂ္ဂအနေနဲ့ မြောက်ကိုရီးထားအပေါ် အရေးယူဝိတ်ဆို့မှုတွေရုပ်သိမ်းရင် အမေရိကန်နဲ့ တောင်ကိုရီးထားတို့ရဲ့ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွေရပ်ဆိုင်းရင် တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်မယ်လို့ မြောက်ကိုရီးထားရဲ့ အမျိုးသားကာကွယ်ရေးကော်မရှင်က ကြေညာချက်ထစ်ရပ်ထုတ်ပြန်ခဲ့ထယ်လို့ မြောက်ကိုရီးထားသထင်းဌာန ကေစီအင်န်အေက မေ ၁၈ ရက်မှာ သထင်းဖော်ပြလိုက်ဝါတယ်။

ဒီလို မြောက်ကိုရီးထားတို့ရဲ့ ထောင်းဆိုမှုကို နားလည်ရန် ခက်ခဲဝါထယ်လို့ တောင်ကိုရီးထားနိုင်ငံခြားရေးဝန်ကြီးဌာနက တုံ့ပြန်ခဲ့ဝါထယ်။ ခြိမ်းခြောက်မှု တိုးမြှင့်နိုင်ဖို့အတွက် အကြောင်းပြချက်တစ်ရပ်လို့ ဖြစ်နေတယ်လို့ ဆိုဝါတယ်။

မြောက်ကိုရီးယားရဲ့ တောင်းဆိုမှုက ထစ်ဖက်သတ်ကျနေပြီး ညီညွတ်မျှတမှုမရှိဘူးလို့လည်း တောင်ကိုရီးထားတို့က ပြောကြားနေဝါထယ်။ မြောက်ကိုရီးထားတို့ကတော့ ဝထမအဆင့်အနေနဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီကနေပြီး ဖြေရှင်းရပ်သိမ်းမှုထွေပြုလုပ်ရမထ်လို့ ဆိုနေဝါထယ်။

ဒါ့အပြင် မိမိထို့နိုင်ငံကို ချူကလီးထားစစ်ပွဲထစ်ရပ် ဖန်တီးနေထယ်လို့ စွပ်စွဲခြိမ်းခြောက်အကျပ်ကိုင်မှုတွေကိုလည်း လက်ခံမှာမဟုတ်ဘူးလို့ မြောက်ကိုရီးယားတို့က ဆိုနေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မြောက်ကိုရီးယားတို့ရဲ့ တွေ့ဆုံဆွေးနွေးမှုအတွက် စကားစတင်ခြင်းဟာ ကိုရီးယားကျွန်းဆွယ်မှာ တင်းမာမှုထွေ လျော့ကျစေတဲ့ ခြေလှမ်းဖြစ်

တယ်လို့ တရုတ်တို့က ပြောကြားနေဝါတယ်။ တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနကတော့ မြောက်ကိုရီးယားရဲ့ တွေ့ဆုံဆွေးနွေးလိုမှုကို ကြိုဆိုဝေမယ့် ရေရှည်ကာလမှာ မြောက်ကိုရီးထားရဲ့ ခြိမ်းခြောက်မှုထွေကို ဟန့်ထားကာကွယ်ဖို့အထွက် ထောင်ကိုရီးထားနဲ့ အမေရိကန်ထို့ရဲ့ စစ်ရေးပူးဝေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်သွားမယ်လို့ ဆိုနေဝါတယ်။

အမေရိကန်တို့ကလည်း မြောက်ကိုရီးယားရဲ့ တွေ့ဆုံဆွေးနွေးမှုကို ကြိုဆိုလိုက်ပြီး ကြိုတင်သတ်မှတ်မှုတွေမရှိတဲ့ တွေ့ဆုံဆွေးနွေးမှုမျိုးကို လိုလားတယ်လို့ ဆိုနေဝါတယ်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းကတော့ နှစ်နိုင်ငံဝူးတွဲကို ပြန်လည်ဖွင့်လှစ်နိုင်ဖို့အတွက် ပြုလုပ်သင့်ထထ်လို့ ထိုက်ထွန်းနေဝါထယ်။ ကီဆောင်စက်မှုဇုန်ဟာ မေ ၃ ရက်ကထည်းက မြောက်ကိုရီးထားတို့က ဝိတ်ထားခဲ့တာဖြစ်ဝါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီလကတည်းက မြောက်ကိုရီးထားထို့ရဲ့ နျူကလီးယားစမ်းသပ်မှုကြောင့် တင်းမာမှုတွေဖြစ်ပေါ်ခဲ့ရတဲ့ အခြေအနေကနေပြီး အခုလို တွေ့ဆုံဆွေးနွေးမှုစတင်ဖို့ အရိပ်အရောင်သမ်းလာတာကို ကမ္ဘာတစ်ဝန်းက စိတ်ဝင်စားစွာ စောင့်ကြည့်နေလျက်ရှိဝါတယ်။

အမျိုးသမီးများ ဗီတာမင်ဒီကြွယ်ဝဖို့ လိုအပ်

အမျိုးသမီးများထွင် ဗီတာမင်ဒီ ဓာတ်ချို့တဲ့ဝါက သားအိမ်တွင်း ကြွက်သားအကျိတ်တည်ခြင်းများ တစ်နည်းအားဖြင့် သားအိမ်အတွင်းနံရံအသားလုံးများဖြစ်ဝေါ် စေနိုင်သည်ဟု လေ့လာမှုအသစ်တစ်ရပ်က ဆိုထားကြောင်း မေ ၁၉ ရက်က နယူးယောက်တိုင်းမ်သတင်းစာတွင် ရေးသားဖော်ပြထားသည်။

ဗီတာမင်ဒီကြွယ်ဝမှုသည် တော်တော်များများသော ရောဂါအမျိုးအစားတိုဖြစ်ပွားခြင်းမှ ကာကွယ်ဝေးနိုင်ကြောင်း ယခင်က လေ့လာတွေ့ရှိပြီးဖြစ်သော်လည်း သားအိမ်တွင်းအကျိတ်တည်ခြင်းကို တားဆီးဝေးနိုင်ကြောင်း တွေ့ရှိမှုမှာ ယခုဝထမဆုံးဖြစ်ဝါသည်ဟု ရေးသားထားသည်။ သားအိမ်တွင်း အကျိတ်အဖုဖြစ်ဝေါ်လျက်ရှိသူ အမျိုးသမီးများသည် နာကျင်ကိုက်ခဲမှုများ၊ သွေးလျှံခြင်းများ စသည့်ဒုက္ခများကို ခံစားကြရသည်။

သုတေသီများသည် အသက် ၃၅ နှစ်မှ ၄၉ နှစ်အကြားရှိ အသားညိုသူ အမျိုးသမီး ၆၂၀၊ အသားဖြူသူ အမျိုးသမီး ၄၁၀ တို့အား ၎င်းတို့၏သွေးတွင်းဗီတာမင်ဒီကြွယ်ဝမှု၊ ကျန်းမာရေးအခြေအနေတို့ကို စစ်တမ်းကောက်ယူသုတေသနပြုခဲ့ရာ သုံးပုံနှစ်ပုံခန့်မှာ သားအိမ်တွင်း အကျိတ်တည်မှုဖြစ်ပွားနေသည်ကို တွေ့ရှိခဲ့ရသည်။ အသားညိုသူ ၁၀ ရာခိုင်နှုန်းနှင့် အသားဖြူသူ ၅၀ ရာခိုင်နှုန်းလောက်သာ ဗီတာမင်ဒီကြွယ်ဝမှုအခြေအနေကို တွေ့ရသည်။ ဗီတာမင်ဒီကြွယ်ဝသည် ဆိုသည်မှာ သွေး တစ်မီလီလီတာထွင် ၂၀ နာနိုဂရမ် ဗီတာမင်ဒီရှိသော အခြေအနေကို ဆိုလိုခြင်းဖြစ်သည်။ သုတေသီများသည် အဆိုဝါအမျိုးသမီးများ အသက်

အရွယ်၊ ကိုယ်လက်လှုပ်ရှားမှု၊ နေရောင်ခြည်ရရှိမှု စသည်တို့ကို နှိုင်းယှဉ်တွက်ချက်ပြီးနောက် ဗီတာမင်ဒီကြွယ်ဝသူအမျိုးသမီးများသည် အကျိတ်ဖြစ်ဝေါ်မှု ၃၅ ရာခိုင်နှုန်းလျော့နည်းသည်ဟု ဆိုကြသည်။

အမျိုးသားကျန်းမာရေး သက်မွေးကျောင်းမှ သုတေသီခေါင်းဆောင် ရောဂါပြန့်ပွားခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာဝညာရှင် ဒိုနာဒေးဘာရက်က မိမိတို့၏ လေ့လာမှုသည် ကူးစက်ရောဂါပြန့်ပွားခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာအတွက်အခြေခံသော လေ့လာမှုတစ်ခုသာဖြစ်ပါကြောင်း၊ ထပ်မံလေ့လာဖို့လိုအပ်နေသေးကြောင်း၊ သို့သော် ဗီတာမင်ဒီကြွယ်ဝမှုကတော့ ကျန်းမာရေးအတွက် အထူးကောင်းမွန်ပြီး သားအိမ်အကျိတ်ဖြစ်ဝေါ်မှုအဝါအဝင် အခြားသောရောဂါ တော်တော်များများဖြစ်ပေါ်စေခြင်းမှ ကာကွယ်ဝေးနိုင်ဝါကြောင်း ဆိုထားသည်။

နေခြည် - ရေးသားသည်

နိုင်ငံတကာသတင်း

ရုရှားသူဌေးအာမာနော့ အချမ်းသာဆုံးဖြစ်လာ

ရုရှားစီးပွားရေးလုပ်ငန်းရှင်ကြီး အလီရာအူမာနော့သည် ဗြိတိန်နှင့် အိုင်ယာလန်တွင် ပေါင် ၁၃ ဒသမ ၃ ဘီလီယံဖြင့် အချမ်းသာဆုံးပုဂ္ဂိုလ်ဖြစ်လာကြောင်း ဆန်းဒေးတိုင်း(မ်)ချမ်းသာသူများစာရင်းတွင် ဖော်ပြသည်။ အသက် ၅၉ နှစ်ရှိ အဆိုပါ သန်းကြွယ်သူဌေးကြီးသည် အာဆင်နယ် ဘောလုံးကလပ်ကို ၃၀ ရာခိုင်နှုန်း ပိုင်ဆိုင်ထားသည်။ ဝါနာဂီတလုပ်ငန်းမှ လန်ဗကဗန်နစ်က ပေါင် ၁၁ ဘီလီယံဖြင့် ဒုတိယအချမ်းသာဆုံးသူဌေးကြီးဖြစ်လာသည်။ သံမဏိလုပ်ငန်းရှင် လပ်ရှ်မီးမစ်တဲလ်က ဝထမနေရာမှ စတုတ္ထနေရာ ရောက်ရှိသွားခဲ့သည်။ ဗြိတိန်နှင့် အိုင်ယာလန်တွင် ချမ်းသာသူဝေါင်း ၁၀၀၀ ခန့်ရှိသည်။

အီရတ်တွင် ပြည်နယ်ရွေးကောက်ပွဲများစတင်

အီရတ်နိုင်ငံတွင် ၂၀၁၁ ခုနှစ် အကုန်ပိုင်းက အမေရိကန်တပ်များ ရုပ်သိမ်းသွားပြီးနောက် ဝထမဆုံးအကြိမ် ပြည့်နယ်ရွေးကောက်ပွဲ ကျင်းဝခဲ့သည်။ ၂၀၀၃ ခုနှစ် အမေရိကန်တို့ ကျူးကျော်ခဲ့ပြီးနောက် ဝထမဆုံးအကြိမ် ရွေးကောက်ပွဲကို အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးတာဝန်ထမ်းဆောင်ဝေးခဲ့ကြသည်။ ရွေးကောက်ပွဲတွင် အကြမ်းဖက်မှုများ ပျံ့နှံ့လာ၍ ဆွန်နီအများစုနေထိုင်ရာ ပြည်နယ်နှစ်ခုထွင် အစိုးရက ရွေးကောက်ပွဲရွှေ့ဆိုင်းခဲ့ရသည်။ အီရတ်ပြည်သူ ၁၄ သန်းနီးဝါးက ပြည်နယ်ကောင်စီတွင် အမတ်နေရာ ၃၇၈ နေရာအထွက် အမတ်လောင်း ၈၀၀၀ ကျော်ဝါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ လွန်ခဲ့သော သီတင်းဝတ်က ရီးယိုက်တိုကို ဝစ်မှတ်ထားလျက် အသေခံဗုံးဖောက်ခွဲမှုများပြုလုပ်ခဲ့ရာ ဒါဇင်နှင့်ချီ၍ သေဆုံးခဲ့ရသည်။ မဲရုံနှစ်ခုလည်း တိုက်ခိုက်ခံခဲ့ရသည်။

မူရှာရက်ဖ် နှစ်ပတ်ကြာ ဖမ်းဆီးခံရ

ဝါကစ္စထန်ခေါင်းဆောင်ဟောင်း ဝါဗက်ဇ်မူရှာရက်ဖ်အား ၂၀၀၇ ခုနှစ်က ထရားသူကြီးများအား တရားမဝင်ဖမ်းဆီးမှုဖြင့် နှစ်ဝတ်ကြာ ဆက်လက်ဖမ်းဆီးထားလိုက်ပြီဖြစ်ကြောင်း ထာဝန်ရှိသူများက ပြောကြားသည်။ မစ္စထာမူရှာရက်ဖ်သည် ၁၉၉၉ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ဝါကစ္စတန်နိုင်ငံကို အုပ်ချုပ်ခဲ့သည်။ ၎င်းအား မေ ၁၉ ရက်က ဖမ်းဆီးထားသည်။ မစ္စထာမူရှာရက်ဖ်အား အကြမ်းဖက်မှုဥပဒေအရ ထရားစွဲဆိုရန် ဖမ်းဆီးထားခြင်းဖြစ်သည်။ ၎င်းသည် လာမည့် ရွေးကောက်ပွဲထွင် ဝါဝင်ယှဉ်ပြိုင်ရန် ကြိုးစားခဲ့သော်လည်း ယခုအထိ ရွေးကောက်ပွဲကော်မရှင်က အမည်စာရင်းထင်သွင်းရန် လက်မခံဘဲရှိသည်။ ၎င်းအား နေအိမ်အကျယ်ချုပ် ဖမ်းဆီးထားခြင်းဖြစ်သည်။

Star Wars ရုပ်ရှင်ဇာတ်ကားသစ် လာမည့် ၂၀၁၅ ခုနှစ်တွင် ရုံတင်ပြသမည်

Star Wars ရုပ်ရှင်ဇာတ်ကားသစ်ကြီးကို ၂၀၁၅ ခုနှစ်ထွင် ရုံထင်ပြသနိုင်လိမ့်မည့်ဖြစ်ကြောင်း ရုပ်ရှင်ကားထုတ်လုပ်သူ ဒစ်နေးက ပြောကြားလိုက်သည့်။ ကြယ်ထာရာစစ်ဝွဲဟု လူသိများလှသည့် အဆိုဝါ ရုပ်ရှင်ဇာထ်ကားသစ်ကြီးကို ထခင် ထုတ်လွှင့်ပြသခဲ့သော ဇာတ်ကားများထက် အကောင်းဆုံးရိုက်ကူးထားကြောင်း ဒါရိုက်တာ ဂျေဂျေအဘမ်းက ပြောကြားခဲ့သည်။

Star Wars ရုပ်ရှင်ဇာထ်ကားများကို ထိထွင်ဖန်တီးသူ ဂျော့လူးကတ်(စ်)က လူးကထ်စ်ရုပ်ရှင်ကုမ္ပဏီကို ပြီးခဲ့သည့်နှစ်က ဒစ်နေးကုမ္ပဏီသို့ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံဖြင့် ရောင်းချခဲ့သည်။

၂၀၁၅ ခုနှစ်တွင် ရုံတင်မည့် Star Wars ရုပ်ရှင်ကားကြီးသည် ဝရိသတ်များ၏ ထောင်းဆိုမှုအရ အကောင်းဆုံးရိုက်ကူးပြသသွားမည်ဖြစ်ကြောင်း ဒစ်နေးကုမ္ပဏီဥက္ကဋ္ဌ အလန်ဟွန်းကပြောကြားသည်။ အဆိုဝါ ဇာထ်ကားကြီးအတွက် လောရင့်ကထ်ဒန်းနှင့် စီမွန်ကင်းဘတ်ထို့က ဇာထ်ညွှန်းရေးဝေးထားသည်။ ယင်းဇာတ်ညွှန်းရေးဆရာများသည် X- men ကဲ့သို့သောသိပ္ပံ ဇာတ်ကားများကို ဇာတ်ညွှန်းရေးဝေးခဲ့ကြသည့် နာမည်ကြီး ဇာတ်ညွှန်းရေးဆရာများဖြစ်ကြသည်။

မြင့်မောင်စိုး - ရေးသားသည်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

တိုင်းရင်းသားလူမျိုးများအတွက် အများပြည်သူဝန်ဆောင်မှု မီဒီယာ

ဒေါက်တာသီတာတင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟုခေါ်တွင်သည့် ကျွန်ုပ်တို့၏ နိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်ကြသော နိုင်ငံတစ်ခုဖြစ်သည်။ သို့ဖြစ်၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၁) နိုင်ငံတော်အခြေခံမူများ၏ ပုဒ်မ (၂၂)တွင် နိုင်ငံတော်သည်-

(က) တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်ရန် ကူညီဆောင်ရွက်မည်၊

(ခ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်။

(ဂ) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်တို့ ပါဝင်သော လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်ဟု ဖော်ပြပါရှိသည်။

ထိုသို့ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိသည်နှင့်အညီ နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးတို့၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ ဘာသာစကား၊ စာပေအနုပညာယဉ်ကျေးမှုတို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ခိုင်မာလာစေရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မကြာသေးမီကာလများအတွင်း နေ့စဉ်ထုတ်သတင်းစာများတွင် နိုင်ငံပိုင်သတင်းစာလုပ်ငန်း(ကြေးမုံနှင့်မြန်မာ့အလင်းသတင်းစာ)နှင့် မြန်မာ့ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့ကို အများပြည်သူဝန်ဆောင်မှု သတင်းစာနှင့် အများပြည်သူဝန်ဆောင်မှု ရေဒီယိုနှင့်ရုပ်မြင်သံကြားသို့ ပြောင်းလဲလုပ်ဆောင်မည်ဖြစ်ကြောင်း ကြေညာတားသည်ကိုတွေ့ရပါသည်။ အဆိုပါ အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းများထွင် ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးများအတွက်လည်း အလေးအနက်ထား၍ **ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။**

အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုသည်မှာ အများပြည်သူများကို မီဒီယာဖြင့် ဝန်ဆောင်မှုပေးရာတွင် အစီအစဉ်အမျိုးမျိုးအဖုံဖုံကို တင်ဆက်ပေးရုံသာမကဘဲ သာမန်အားဖြင့် အလေးထားခြင်းမခံရသော လူအုပ်စုများ အပါအဝင် လူနည်းစု တိုင်းရင်းသားမျိုးနွယ်စုဝင် ပရိသတ်များအတွက် အစီအစဉ်များ၊ ပြည်သူအများအားယဉ်ကျေးမှုနှင့်ပညာရေးဆိုင်ရာအသိပညာများဖြန့်ဖြူးပေးရန် ရည်ရွယ်ပါသည်။ အများပြည်သူများအား ယဉ်ကျေးမှုနှင့် အသိဉာဏ်ပညာ တိုးတက်မြင့်မားလာစေရန် ရည်သန်ကာ အဖြတ်အစွန်းကို အဓိကမထားဘဲ ဆောင်ရွက်သော ဝန်ဆောင်မှုဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးသော ယခုအခါသမယတွင် ဒီမိုကရေစီစနစ်နှင့်လျော်ညီစွာ အများဖြည်သူများကို မီဒီယာဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်းကို ရေးဆွဲလျက်ရှိပါသည်။ ရည်ရွယ်ချက်မှာ **အများပြည်သူတို့၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး အကျိုးစီးပွားများကို ဖော်ဆောင်ပေးနိုင်ရန် အတွက်ထည်းကောင်း၊ လွတ်လပ်ပြီး အနှောင်အဖွဲ့ကင်းလွတ်သော အများပြည်သူဝန်ဆောင်မှုမီဒီယာများ** ပေါ်ပေါက်လာစေရန်အတွက်လည်းကောင်း ရည်ရွယ်ပါသည်။ အများဖြည်သူဝန်ဆောင်မှု မီဒီယာဆိုင်ရာ အခြေခံမူများမှ အချက်အချို့မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လွတ်လပ်စွာထုတ်ဖော်ရေးသားခွင့်နှင့် လွတ်လပ်စွာသတင်းပေးပိုင်ခွင့်ကို ကျင့်သုံးရမည်။

(ခ) တိုင်းရင်းသားလွှမျိုးစု၊ ယဉ်ကျေးမှုနှင့် ဘာသာကွဲပြားမှုများကို ထည့်သွင်းစဉ်းစားကာ အများပြည်သူအား ပန်ဆောင်မှု၊ ဖျော်ဖြေမှု၊ အသိဉာဏ်ပညာနှင့်သတင်းအချက်အလက်များပေးမည် အစီအစဉ်များကို ပြည့်စုံစွာဖော်ပြရမည်။

(ဂ) အများပြည်သူအကျိုးငှာ ပုဂ္ဂလိက မီဒီယာများမှ ဖော်ပြနိုင်ခြင်းမရှိသည် အစီအစဉ်များအား ဖြည့်စွက်ပေးခြင်း၊ ပြည်သူလူထု၏ လိုအပ်ချက်နှင့် အကျိုးစီးပွားများအား ဖြည့်ဆည်းပေးခြင်း၊ ပြည်သူလူထု၏ အမြင်နှင့်ရှုထောင့်အမျိုးမျိုးတို့ကို ဖော်ပြပေးခြင်းစသည် အရည်အသွေးပြည့်မီသော ဆန်းသစ်သည် အစီအစဉ်များကို ဖော်ပြရမည်။

အခြေခံမှုကို အကောင်အထည်ဖော်ရမည် လုပ်ငန်းစဉ်များအနက် တိုင်းရင်းသားများအတွက် ဆောင်ရွက်ရန်လုပ်ငန်းစဉ်များမှာ **မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံး၏ မတူကွဲပြားသော ယဉ်ကျေးမှုများကို ထင်ဟပ်စေလျက် အမျိုးသားရေးစရိုက်လက္ခဏာကို ပေါ်လွင်အောင်ဖော်ပြခြင်းနှင့် တိုင်းရင်းသားလူမျိုးစုံများနှင့် လူနည်းစုများအတွက် ၎င်းတို့ ဘာသာစကားဖြင့် ဖော်ပြထုတ်လွှင့်သည် အစီအစဉ်များပါပင်ခြင်း**တို့ဖြစ်ပါသည်။

အများပြည်သူများကို မီဒီယာဖြင့် ဝန်ဆောင်မှုပေးခြင်းဖြင့် ပြည်သူများအား ယဉ်ကျေးမှုနှင့် အသိဉာဏ်ပညာတိုးတက်မြင့်မားလာစေပြီး နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေသည် ပြုပြင်ပြောင်းလဲရေးမူဝါဒတစ်ခုဖြစ်သော ကောင်းမွန်သောအုပ်ချုပ်မှု (good governance) နှင့် တရားဥပဒေစိုးမိုးရေး (Rule of Law) ဟူသည့် ရည်မှန်းချက်များကို ရရှိစေနိုင်မည့် လုပ်ငန်းတစ်ခုအဖြစ်ခံယူကာ အများပြည်သူဝန်ဆောင်မှုမီဒီယာကို ပေါ်ပေါက်လာစေရန် ရည်သန်၍ ပြန်ကြားရေးဝန်ကြီးဌာနက ၂၀၁၁ ခုနှစ်မှ စတင်ကာ အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကြမ်းကို ရေးဆွဲဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ အများပြည်သူများအား ယဉ်ကျေးမှုနှင့် အသိဉာဏ်ပညာတိုးတက်ဖြင့်မားလာစေခြင်းသည် စီးပွားရေးလုပ်ငန်းများကဲ့သို့ အမြတ်အစွန်းကို ကိန်းဂဏန်းများဖြင့် လတ်တလောတွက်ချက်ကာ မပြနိုင်သော်လည်း ရေရှည်တွင် တင်ရားမမြင်သာသည် (intangible) လူမှုရေးအကျိုးအဖြတိများ သိသာတင်ရားစွာ တိုးပွားလာနိုင်မည်ဖြစ်ပါသည်။

အဆိုပါဥပဒေကြမ်းပေါ်ပေါက်လာပါက ဒေသတွင်းသတင်းများကို အလေးတားဖော်ပြသည် ဒေသအဆင့်ထုတ် (Regional Newspaper) သတင်းစာများလည်း ပေါ်ထွန်းလာမည်ဖြစ်ပါသည်။ တို့အပြင် UNESCO နှင့် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည် International Media Support (IMS)၊ Friedrich Ebert Stiftung (FES) တို့၏ အကူအညီဖြင့် ရေးဆွဲလျက်ရှိသည် Broadcast Law ဥပဒေကြမ်းတွင် တိုင်းရင်းသားလူမျိုးစုများနှင့် လူနည်းစုများအတွက် ၎င်းတို့၏ ဘာသာစကားအစီအစဉ်များပါရှိ တုတ်လွှင့်ပေးသည် Community Radio Station များကို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတွင် လိုင်စင်ရယူကာ တူတောင်နိုင်ရန် ဆွေးနွေးဆောင်ရွထ်လျက်ရှိသည်။

အစိုးရသတင်းစာနှစ်စောင်ကို အများဖြည်သူဝန်ဆောင်မှု သတင်းစာအဖြစ် စတင်ပြောင်းလဲနေပြီဖြစ်သောကြောင့် တိုင်းရင်းသားများအကြောင်း ပိုမိုဖော်ပြလာသည်ကို တွေ့ရပါသည်။ နောင်တွင် အများပြည်သူဝန်ဆောင်မှု သတင်းစာအဖြစ် ပီပီပြင်ပြင်ဖြစ်ပေါ်လာပါက တိုင်းရင်းသားတို့၏ သီချင်းများ၊ သဘောထားအမြင်များ၊ ခံစားချက်များ၊ ရိုးရာဓလေ့ထုံးစံများ၊ ဘာသာစကားများ၊ ဒေသန္တရဗဟုသုတများ၊ ရိုးရာဓလေ့ အစားအစာများ အကြောင်းများ၊ ပို၍စုံလင်စွာ ဖော်ပြနိုင်မည်ဖြစ်ပါသည်။ ယခုထက်ပို၍ ရေးသူကလည်းရေးကြရန်၊ ထုတ်လုပ်သူများကလည်း ထုတ်ဝေသွားရန် အားပေးလိုက်ပါသည်။

မြန်မာ့အသံမှ ယခုထုတ်လွှင့်လျက်ရှိသည့် တိုင်းရင်းသားအစီအစဉ် ထုတ်လွှင့်နေမှုများမှာ တိုင်းရင်းသားဘာသာစကား ၁၄ မျိုးကို နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တစ်ကြိမ်၊ နေ့လယ် ၂ နာရီမှ ည ၁၀ နာရီအတိ တစ်ကြိမ် ထုတ်လွှင့်လျက်ရှိရာမှ တပ်မံအားဖြည့်သည့်အနေဖြင့် အများပြည်သူကို မီဒီယာဖြင့် ဝန်ဆောင်မှုပေးရန် မြန်မာ့ရေဒီယိုနှင့် ရုပ်မြင်သံကြားမှ ရုပ်သံလိုင်းသစ်တစ်ခုဖြစ်သည် ပြည်ထောင်စုရုပ်သံလိုင်းကို ယခုနှစ်အတွင်း လာမည့် စက်တင်ဘာလမှစတင်ပြီး ထုတ်လွှင့်ပြသရန် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါအစီအစဉ်သစ်တွင် ဘာသာကြီးရစ်ခုဖြင့် ထုတ်လွှင့်ပြသမည်ဖြစ်သည်။ ၎င်းဘာသာကြီးရှစ်ခုမှာ ကချင်၊ ကယား၊ ကရင်၊ ချင်းဘာသာ(၂)ဘာသာ၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် တိုင်းရင်းသားရေးရာတို့ဖြစ်သည်။ ချင်းဘာသာစကားဖြင့် ထုတ်လွှင့်ရာတွင် ချင်း(ဖလမ်း)ဘာသာဖြင့် လည်းကောင်း၊ ချင်း(မင်းတပ်)ဘာသာဖြင့် လည်းကောင်း ထုတ်လွှင့်ပေးမည်ဖြစ်သည်။ ထုတ်လွှင့်ချိန်မှာ နံနက် ၆နာရီမှ ည ၁၁ နာရီအထိဖြစ်ပါသည်။ ထုတ်လွှင့်ပြသမည် အစီအစဉ်များမှာ ၎င်းတို့၏သီချင်းများ၊ ရိုးရာဓလေ့ထုံးစံများ၊ ရိုးရာဓလေ့ ဟောပြောချက်များ၊ ဒေသသတင်း၊ နိုင်ငံတော်မှ ထုတ်ပြန်သော သထင်း၊ မြန်မာ့ရေဒီယိုနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်သော သတင်းအကျဉ်းများ ဖြစ်သည်။

ယင်းပြည်ထောင်စု ရုပ်သံလိုင်းကို ထုတ်လွှင့်ပြသနိုင်ရန် လိုအပ်သည်များကို ကြိုတင်လုပ်ဆောင်နိုင်ရန် ယခုနှစ်မတ်လအတွင်းက သက်ဆိုင်ရာပြည်နယ်အစိုးရများနှင့် ညှိနှိုင်းဆွေးနွေးပွဲကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၏ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံတွင် ပြောင်းလဲကျင့်သုံးသော ဒီမိုကရေစီစနစ်နှင့် လျော်ညီစွာ မီဒီယာလွတ်လပ်ခွင့်ကို ပေးသည့်အနေဖြင့် စာပေစိစစ်ရေးစနစ် (censorship) ကိုလည်း ၂၀၁၂ ဩဂုတ်လမှ စတင်ကာ လုံးဖျက်သိမ်းခဲ့ပြီး ဂျာနယ်ထုတ်ဝေခွင့်များကို ပိုမိုခွင့်ဖြုခဲ့သည်။ ထုတိဝေခွင့်အားလုံးလည်း on line မှ မိနစ်ပိုင်းပြင့် ခွင့်ပြုချက်များ ထုတ်ပေးလျက် ရှိပါသည်။ တို့ကြောင့် ယခုအချိန်အထိ တိုင်းရင်းသားဘာသာဖြင့် ထုတ်ဝေလျက်ရှိသည် ဂျာနယ်များမှာ မွန်ဘာသာဖြင့် ဂျာနယ် နှစ်စောင်၊ မွန်-မြန်မာ နှစ်ဘာသာဖြင့် တစ်စောင်၊ ရှမ်း-မြန်မာ နှစ်ဘာသာဖြင့် တစ်စောင်နှင့် ပိုးကရင်-မြန်မာ၊ စကောကရင်-မြန်မာ၊ တီးတိန်ချင်း-ဖြန်မာ အစရှိသည့် ဘာသာစကားများဖြင့် ထုတ်ဝေသည့် ဘာသာရေးစာစောင်များလည်း ရှိနေပြီဖြစ်ပါသည်။ ယခုအခါ တိုင်းရင်းသားဘာသာဖြင့် နေ့စဉ်သတင်းစာများ ထုတ်ဝေခွင့်ပြုထားပြီးဖြစ်ရာ မကြာမီ တိုင်းရင်းသားနေ့စဉ်သတင်းစာများကိုလည်း တွေ့မြင်လာရတော့မည်ဖြစ်သည်။ အစိုးရသတင်းစာနှစ်စောင်က **အများပြည်သူပန်ဆောင်မှု သတင်းစာအဖြစ် စတင်ပြောင်းလဲနေပြီပြစ်သောကြောင့်** တိုင်းရင်းသားများအကြောင်း ပိုမိုဖော်ပြလာသည်ကိုတွေ့ရပါသည်။ နောင်တွင် **အများပြည်သူဝန်ဆောင်မှု သတင်းစာအဖြစ် ပီပီပြင်ပြင်ဖြစ်ပေါ်လာပါက** တိုင်းရင်းသားတို့၏ သီချင်းများ၊ သဘောတားအမြင်များ၊ ခံစားချက်များ၊ ရိုးရာဓလေ့ထုံးစံများ၊ ဘာသာစကားများ၊ **ဒေသန္တရ**ဗဟုသုတများ၊ ရိုးရာဓလေ့ အစားအစာများအကြောင်းများ၊ ပို၍စုံလင်စွာ ဖော်ပြနိုင်မည်ဖြစ်ပါသည်။ ယခုတက်ပို၍ **ရေးသူကလည်း ရေးကြရန်၊ ထုတ်လုပ်သူများကလည်း ထုတ်ဝေသွားရန် အားပေးလိုက်ပါသည်။**

အစိုးရအသစ် တာဝန်ယူချိန်မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေအည် တိုင်းရင်းသားများ၏ အရေးအရာများကို ဦးစားပေးကာ တိုင်းရင်းသားအစီအစဉ်များ တိုးချဲ့ထုတ်လွှင့်ရန်အထွက် ဖြစ်နိုင်သမျှ ကြိုးစား၍ အစီအစဉ်တကျ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေခဲ့ခြင်းဖြစ်ပါသည်။ ယင်းအားထုတ်မှုများကြောင့် တိုင်းရင်းသားလူမျိုးများ အားလုံး၏**အကျိုးကို ဖော်ဆောင်ပေးမည် အများပြည်သူပန်ဆောင်မှု မီဒီယာဥပဒေကြမ်း**သည် မကြာမီထွက်ပေါ်လာတော့မည်ဖြစ်ကြောင်း **ရေးသားတင်ပြလိုက်ရပါသည်။**

ပအိုဝ်းတိုင်းရင်းသားလူငယ်ကွန်ရက်မှ ပညာဒါနသင်တန်းများဖွင့်လှစ်

သထုံ ဧပြီ ၂၁

"ခွန်တန်နွယ်" ပအိုဝ်းတိုင်းရင်းသားလူငယ်များကွန်ရက်မှ စီစဉ်ကာ ဖွင့်လှစ်သင်ကြားပေးမည် ပညာဒါနသင်တန်းဖွင့်ပွဲကို ဧပြီ ၁၉ ရက် နံနက် ၈ နာရီခွဲက မွန်ပြည်နယ် သထုံမြို့နယ် နောင်ကုလားအလယ် ရွာတိုက်ကျောင်း ဓမ္မာရုံ၌ကျင်းပသည်။ ယင်းသင်တန်းတွင် အခြေခံကွန်ပျူတာပညာ၊ အင်္ဂလိပ်စာနှင့် ပအိုဝ်းတိုင်းရင်းသားစာပေများကို သင်ကြားပေးမည်ဖြစ်ပြီး သထုံခရိုင်အတွင်းရှိ ကျေးရွာများမှ တိုင်းရင်းသားလူငယ် ၂၀၀ ကျော်ကို စားရိတ်ငြိမ်း အခမဲ့သင်ကြားပေးကာ သင်တန်းတာလမှာ ဧပြီ ၁၉ ရက်မှ မတ် ၂၃ ရက်အထိ ကြာမြင့်မည်ဖြစ်သည်။

အခမ်းအနားထွင် သထုံမြို့မေမေဒနီကျောင်းတိုက်ဆရာတော်နှင့် ခဲမောက်ကျေးရွာ စင်ကာပူကျောင်းဆရာတော်တို့က ဩဝါဒကတာများ မြွက်ကြားပေးခဲ့ကြပြီး သတ်ဒေသ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်သန်းရွှေက တိုင်းရင်းသားလူငယ်များအား ပညာရည်ထိုးတက်ဖြင့်မားပြီး ခေတ်မီတိုးတက်ကာ ကမ္ဘာနှင့်အညီ ရင်ပေါင်တန်းနိုင်သည့် စွမ်းရည်များပိုင်ဆိုင်နိုင်စေရန် ရည်ရွယ်ပြီး ယခုသင်တန်းကို ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် စဉ်ဆက်မပြတ် ကြိုးစားသင်ယူကာ လေ့လာသွားကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။ **(ဝဲပုံ)**

ယင်းနောက် သထုံဒေသ (PNO) ဗဟိုဌာနခွဲ ဥက္ကဋ္ဌ ဦးခွန်တင်ရွှေနှင့် ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)မှ အထွေထွေအတွင်းရေးမှူး ဦးခွန်မြင့်ထွန်း ကိုယ်စား တာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုအမှာစကားပြောကြား ပေးခဲ့ကြပြီး "ခွန်တန်နွယ်"ပအိုဝ်း တိုင်းရင်းသားလူငယ်များကွန်ရက်မှ တာဝန်ရှိသူတစ်ဦးက သက်ဆိုင်ရာ ဘာသာရပ်အလိုက် သင်ကြားပြသပေးကြမည် သင်တန်းဆရာများနှင့် သင်တန်းသားများအား မိတ်ဆက်ပေးခဲ့ကြောင်း သိရှိရသည်။

သက်ဦး(သထုံ)

ရမည်းသင်းမြို့လုံးကျွတ် သက်ကြီးပူဇော်ပွဲ

ရမည်းသင်း ဧပြီ ၂၁

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့လုံးကျွတ် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ဧပြီ ၁၇ နံနက် ၉ နာရီက ရမည်းသင်းမြို့ ရန်အောင်ပြင် သာသနာ့ဗိမာန်၌ ကျင်းပသည်။

ရပ်ကွက်များမှ အသက် ၈၀နှင့်အတက် အဘိုး ၂၉ ဦး၊ အဘွား ၆၆ ဦး ပေါင်း ၉၅ ဦးတို့အား ငွေ၊ ဂါရဝပြုပစ္စည်းများဖြင့် ခရိုင်မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ မော်တော်ယာဉ်အဖွဲ့၊ မိခင်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ကန်တော့ကြသည်။

ဘိုးဘွားများကိုယ်စား ဦးခန့်ကြည် ၉၃ နှစ် ကြည်တော်ကုန်းရပ်ကွက်က ကျေးဇူးတင်စကားပြောကြားသည်။

ရွှတ်ဖတ်

အလားတူ နှစ်ဆန်းတစ်ရက် နံနက် ၅ နာရီခွဲက ရမည်းသင်းမြို့နယ် ပြည်ခိုင် ဖြိုးပါတီက (၁၉)ကြိမ်မြောက် အသက် ၈၀နှင့်အတက် ဘိုးဘွား ၃၀အား တာဝန်ရှိသူများက ငွေ၊ ဂါရဝပြုပစ္စည်းများဖြင့် ကန်တော့ကြသည်။ မွန်းလွဲ ၂ နာရီ တွင် သံဃာ ၁၀ပါးက မြို့တွင်းသို့ ကားဖြင့်ကြွရောက်ပြီး ပြည်သူများဘေးအန္တရာယ်ကင်းရန် ပရိတ်တရားများ ရွှတ်ဖတ်ပေးခဲ့ကြကြောင်း သိရသည်။

(ပ၁၁)

ပြည်တွင်းသတင်း

ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများသို့ သောက်သုံးရေဖြန့်ဝေလှူဒါန်း

ပန်းတောင်းမြို့နယ်ရှိ ကျေးရွာများ၌ ပြည်သူများသို့ ရေဖြန့်ဝေလှူဒါန်းနေမှုကို တွေ့ရစဉ်။

ပန်းတောင်း ဧပြီ ၂၁

ရေ အ ည်တည်တံ့ရေးအတွက် ပြန်လည် င်ဆ တူးဖော်ရန်နှင့် ဒေသ ဖြိုး ရေးအတွက် အတတ်နိုင်ဆုံး တူ ဆောင်ရွက် ပေးသွား ည့် အ ကြောင်းအရာ ျားကို ရှင်းလင်း ပြ ကြ ခဲ့သည်။ (၁၀)

မန္တလေးဘူတာတွင် မြစ်ငယ်တွဲပြင်စက်ရုံသို့ ပို့ဆောင်မည့် ရထားတွဲမီးလောင်

မန္တလေး ဧပြီ ၂၁

မန္တ ေးဘူတာ ကြီး စကြ (၁၀) တွင် ယနေ့ညနေ ၄ နာရီ ၅ မိနစ်တ မြစ်ငယ်တွဲပြင်စက်ရုံသို့ ပြင် ဆင်ရန် ပို့ဆောင်မည့် ရထား တွဲ အမှတ် BNUEZ-12665 လေ ခြောက်ခန်းတွဲ တွဲဆိုင်းတွင် မီးလေ ဖြစ်ပွားရာ ညနေ ၄ နာရီ မိနစ် တွင် မီးငြိမ်းသွားခဲ့ သည်။

ဖြစ်စဉ်မှာ တွဲဆိုင် ပေါ် အခြေအနေမဲ့မ ဘတ်ရောက်နေထိုင်ရာမှ တူရှင်ေ လိပ်မီးကျန်ခဲ့၍ မီးကူးစက်လောင် မ်ခဲ့သည်။

အဆိုပါ မီးလောင်ရာသို့ မီးသတ်ယာဉ် ၃၅ စီးနှင့် မီးသတ် တပ်ဖွဲ့ဝင် ျား ရ ားဝန် မ်များ၊ ဝန်ရှိသူများ ပေါင်းငြိမ်းသတ်နိုင်ခြင်းကြောင့် အထတ်တ အိပ်စင်တွဲ တ တွဲ လောင် ကျွမ်းခဲ့သည်။

အခင်းဖြစ်ပွားရာသို့ တိုင်း ေသ လမ်းပန်း က်သွယ်ရေးဝန် ဌာနဝန်ကြီး ဦး ဆ ရောက်ကြည့်ရှုပြီး ထပ်မံမဖြစ်ပွားစေရန်၊ လုံခြုံရေးနှင့် သန့်ရှင် ဆောင်ရွက်ကြရန်၊ ဖြ ွား ကြောင်းရင်းတို အ န် စစ် ာင်ပြရေးတို့ကို မှာကြ းခဲ့သည်။

ထင်မောင်(မန္တ ကိုယ်ပွား)

မြစ်ငယ်တွဲပြင်စက်ရုံသို့ ပို့ဆောင်မည့် မီးလောင်ခံရသော ရထားတွဲ။

ကျန်းမာရေးနှင့်မညီညွတ်သည့် သန့်စင်ခန်းများ သန့်ရှင်းစေလို

နေပြည်တော် ဧပြီ ၂၁

နေပြည်တော် ဥ တသန့်စေတီတော်၌ တန် ရိုက်စနစ်ဖြင့် သန့်စင်ခန် ဝန်ဆော င်မှုလုပ် န်းသ သန့်ရှင်းမှုမရှိဘဲ ကျန်းမာ ရေးနှင့်မညီညွတ်သည့် အတွက် အနယ် ယ ရပ်မှ ဘုရ ဖူးပြည် ျား စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း သိ သည်။

" အသုံးပြု တစ်ယော တစ်ရာ ပ်တော့ ယူတယ်ဗျာ။ သန့် င်းမှု ဝ် ဆော ဝ တောင် ဘူး" ဟု ဘုရားဖူး ည်သူ စ်ဦးက ပြောသည်။ နေပြည်တော်ရှိ ဥ တသန္တိစေတီတော် အထင်တ ဘု တစ် ု ဖြစ်ပြီး ယနေ့အ ါ အများပြည်သူ ဘုရားဖူးမျ စည်ကာ ရှိ ည် သို့သော်လည်း သန့်စင်ခန်းမှာ တ မသန့်ရှ သည့် ဘုရားဖူး ပြ သူများ အဆင် ပြေကြကြောင်း သိရသည်။

"တ ငြ ပြည်နေ့က ဌာနဆိုင် ဝတ်ရွက်အသင်းတွေ ဘုရားတို့ ွာကြ တယ်။ သ ်စင်ခန်း သွာ တော့ တစ်ယောက်ငွေကျပ်တစ်ရ တာ တယ်။ ဒါ တောင်း င့် မဖြစ်သင့် လို့ တ အသုံးပြုခပေးကြပါတယ်။ သို့သော်လည်း သန့်စင်ခန်း သန့်ရှင်းမှုကျတော့ တောင် ဘု" ဝတ်ရွတ်သည့် ဝန်ထ မ်များ တ ပြော သည်။

ငွက်ပျော တွင် ဌာန ိုင်ရာအလိုက် ဝတ်အသင်း ား သွာ ကြ သည့်အ လတ်ဆွဲခြင်း၊ အိ ်ယူ ဝင်ခွင့် မရှိသဖြင့် (အချို့) သ စင်ခန်း အသုံးပြု ပေးစရာမ ၍ ာင့် ယှက် သည် အ ပါ နှ ချို့၌ သန့်စင်ခန် အ ုံးပြုသူ ာ သဖြင့် သန့်စင်ခန် သန့်ရှင်းမှုမရှိသည့်အတွက် ကျ းမာရေးနှင့်မညီညွ ကြောင်း လည်း သိ သ ။

အနယ်နယ်အရပ်ရပ် ဘုရား ပြည်သူ ျား ကျ ်းမာရေး င့်ညီညွတ် သန့်စင်ခ များကို တာ န်ရှိသူ ားတ သန့် ပေးစေလိုကြောင်း သ။

ဦးမောင်(ဲကျန်)

စန်းသော်တာငွေစုငွေချေးအသင်းသားများအား ချေးငွေပေးအပ်

မန္တလေး ဧပြီ ၂၁

သမဝါယမဝန်ကြီး ာနမှ ဆင် ရဲ နွမ်းပါးမှု လျှော့ချရေး အစီအစဉ်ဖြင့် ငွေစုငွေချေးသမဝါယမအ ်း များ ဖွဲ့စည်းပေးပြီး သ အတိုးနှုန်းဖြင့် ချေးငွေမှာ လျှာတ်ရှိရာ ဧပြီ ၂၀ ရက် နံနက်တ မန္တ ေး အောင် မြေသာစံမြို့နယ ပြည် ရန်လုံရပ်ကွ ရန်တင် မှု စန်းသော်တာငွေစုငွေချေ သူ အသင် သားများ ငွေထုတ်ချေးခြင်း ပေးအပ်ပွဲ ကျင်းပသည်။

ရှေ့ဦးစွာ မြို့နယ်ဦးစီးအရာရှိ တော်စန်းလင်း၊ တွ ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုး လွယ်တို့တ စကာ ပြောကြား သည်။ ဦးစီးမှူး ဦးညွန့်ေ အသင်း ဥက္ကဋ္ဌတို့ ဆင်းရဲနွမ် ေ အဘွက် အသင်းစုမှ ရခြ နှ စည်းတပ် တ်များ ရှင် သည်။

ထို့နောက် ဦးစီးမှူး ဦးညွန့် ဆွ စန်းသော်တာ ငွေစုငွေချေး သမဝါ အတွက် ပံ့ပိုးချေးငွေများ လိုက်ကြောင်း သိရသည်။ (၀၂၆)

သကြင်္န်ကာလအတွင်း ဖမ်းဆီးဆိုင်ကယ်များ တရားစွဲဆိုတင်ပို့ပြီး ထုတ်ပေးမည်

မုံရွာ ဧပြီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် မ သင်္ကြန်ကာလတ သရုပ် တ် ပ်ဇောဖွင့်၊ ရှေ့ခေါင်း နံပါတ်ပြားမပါ စည် တ မဲ့ စီး သဖြင့် ဖမ်းသိမ်း များကို ဧပြီ ၂၂ ရက်တွင် မုံရွာတရားရုံး တရားစွဲ ိုတင်ပို့သွားမည်ဖြစ်ပြီး ဆို မှ ဒ ထောက်အထ းများနှင့် ထုတ်ယူရန် မုံရွာ ့ယာဉ် တပ်ဖွဲ့ခွဲမှူးရုံးမှ စုံစမ်း ရသည်။

"စည်းကမ်းနဲ့ မညီလို့ဖမ်းဆီးထားတဲ့ ဆ ကယ် ၄ စီးရှိပါတ ် အိပ်ဇောဖွင့်စီးဘဲ့ င်တယ်တွေကို တော့ အိပ်ဇော ပြောင်း တပ်ပြီးမှ ထုတ်ခွင့် ေး မှာ " ဟု ယာဉ်ထိန်းရုံးမှ တာ န်ရှိ တစ်ဦးတ ပြောသည်။

ယခုနှစ် မုံရွာ သင်္ကြန်တွင် သတ် ရာက ကြ အနေဖြင့် ဆိုင်တယ် ားအား စည် တမ် င့်အညီ ထိ မ် သဖြင့် (ဝဲပုံ) ယာဉ်တိုက နည်းပ ခဲ့ပြီး သင်္ကြန်နှင့် သော ထူးခြားဖြစ်စဉ်မရှိကြောင်း သာမန် ဖြစ်ရိုဖြစ်စဉ် ယာဉ် ကမှု အနည် ယ်သာ ကြောင်း မုံရွာ ရိုင် ရဲဘပ်ဖွဲ့မှူးရုံးမှ သ ရသည်။

"အိပ် ဇောဖွင့်စီးတဲ့ ဆိုင်တယ် အိပ်ဇောသံ ကျယ်ထော တဲ့ ဆိုင် တယ်တွေတ သင်္ကြ ကာလတင် မ ဘု ပ် ပါတယ်။ လည်း ဒ ပါတယ်။

ပြည်သူတွေတိ တ်တလန့် ဖြစ်စေတာမို့ပါ" ဟု မုံရွာမြို့ အလယ် ရပ်တွ ်နေသူတစ်ဦးတ ပြောသည်။

နုံကြီး င်

စပါးအိမ်ကွင်း၌ မန်စီးတီးရှုံးပွဲကြုံ

လန်ဒန် ဧပြီ ၂၁

အင်္ဂလိ ပရီမီယ လိဂ် ပွဲစဉ် ၃၄ အဖြစ် စ နှင့်မန်စီးတီးတို့ ယှဉ်ပြိုင်ကစ ခဲ့ကြ မ်ကွင်းတွင် မန်စီးတီးကို တစ်ဂိုးဖြင့် အနိုင်ရရှိ သည်။

မန်စီးတီးတို့ အ ဘွင် တစာ ခဲ့ရ လည်း ပွဲစပြီး ၅ မိနစ်အကြာ ရီတ တ်ဗက်ဇ် ဖန်တီးပေ ဦး စပါးတို့ ခေါ်ဂိုး ရှိရေ အ နယ် ကစားခဲ့သော်လည်း ပထ ပိုင် င် မန်စီး ီး၏ ဦး မှုဖြင့် ပွဲပြီး သည်။

ဒုတိယပိုင် ပွဲ န် ၇၅ မိနစ်တွင် ဒမ်ဆော တ ပ အတွက် ပထမဆုံး ခေါ်ဂိုး သွင်းယူခဲ့သည် ပွဲချိန် ၇၉မိနစ်တွင် ဒီဖို က(ယာပုံ)အနီးတပ် သွင်ယူလိုက် ပ အသင်း အနို စတင်ရရှိ ဲ တိ ပမြော တိုတော့ စ းအသင်း၏ နာမည်ကြီး စ ဂါရတ်ဘေ လ်တ ပွဲချိန် ၈၂ မိနစ်တွင် သွင် ယူ သွာ သည် မန်စီး တီးတို့ ခေါ်ဂိုးရရှိရေ အကြိုက် အနယ် တစားခဲ့သော် ည် ပွဲ သည်အထိ ခေါ်ဂိုးမရ ပြီ သွာ သည်။

စပါးတ မန်စီးတီးတို့ အနိုင်ရလိုက်သဖြင့် ထိပ် ရောတဲ့ မန်ယူအတွက် အလ အ ပိုထော ထွာ ပြန်ပြီ ဖြစ်သည်။ (ဘီဘီစီ)

လင်မယားရန်ဖြစ်ရာမှ ယောကျ်ားဖြစ်သူက နေအိမ်မီးရှို့

ညောင်လေးပင် ဧပြီ ၂၁

ပဲခူးတိုင်းဒေသ ြီး ညောင်လေး ပင်မြို့နယ် ပုဇွန် င်းကျေးရွာ၌ ဧပြီ ၂၀ ရက် ည ၆ နာရီတ ားရန်ဖြစ် ဘားမားရာ ယော ဖြစ်သူတ နေအိမ်ကို မီးရှို့ သဖြင့် သုံးပင် တ်လည်နေအိမ် ရှို့မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ညောင်လေးပင်မြို့နယ် ရဲစခန်းတွင် စခန် ရဲအုပ်ညွှန့်သန်းတာဝန် ဒုရဲအုပ်စိုးမင်း သန့် ပုဇွန်မြောင်းကျေးရွာ ပ်ချုပ်ရေး ဦးကျော် သတင်းပေးပို့ခဲ့သဖြင့် သွားရောတ်စစ် ဆးရာ ပုဇွန်မြောင်းကျေးရွာ ရပ်တွတ်နေ အောင်တျော်စိုး (ခ) အိုး အသတ်(၂၅ နှစ်) (ဘ) ဦးတင်နွယ်သည် အရက်သေ ာများသောက်စားမူ ယစ်ပြီး လင်မယားချင် ားများ န်ဖြစ်ခဲ့ပြီးနောက် ၎င်းတို့ အိမ်ဖြစ်ေ ပုံ့ပင်ပတ်လည် ၁ ငယ်မိုး၊ ထရံတာနေအိမ်အား မီးရှို့ သဖြင့် နေအိမ်မှာမီး ဟောင်ပျာ်စီး ာ သည်။ (အပေါ်ပုံ) နေအိမ်မီးရှို့သူ အောင်ကျော်စိုး(ခ) မီးလောင်ပြီး တ်ပြေ သဖြင့် န် ဒုရဲ ပ်ဝင် ထွန်းအောင် င့်တာဝန် သူ ားတ လိုက်ထိ မ် ခဲ့သည်။ သို့ ါ နေအိမ်အားပျက်စီးစေရန် သိလျက်နှင့် တ်ဆီး မှုကျူးလွန်သူ အောင် ဒုရဲအုပ်စိုးမင်းသန့်တ ဝ ားလိုပြုလုပ် တိုင်တန်းလာ ညောင်လေးပင်ရဲစခန်းတ အမှုအာခိုင်မာအောင်တည် က်၍ အမြန် ရာ စွဲတင်နိုင်ရေး ဆောင်ရွက် တ်ရှိ ကြာင်း သ င်းရရှိသည်။

နေထင်း (ညောင်လေးပင်)

ပြည်တွင်းသတင်း

ရေရှည်တည်တံ့ဖွံ့ဖြိုးမှုရရှိရန်နှင့် ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီနိုင်ရေး မျက်ခြည်ပြတ်မခံဘဲ ဖွံ့ဖြိုးမှုအမြင်များဖြင့် စီမံကိန်းရေးဆွဲကြရန်လို

နေပြည်တော် မေ ၂၁

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် မေ ၂၀ ရက်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိတ္ထီလာခရိုင်၊ ကျောက်ဆည်ခရိုင်၊ မန္တလေးတိုင်းဒေသကြီး စီမံကိန်းရုံးများတွင် လည်းကောင်း**(ယာပုံ)**၊ မေ ၂၁ ရက် တွင်ပြင်ဦးလွင်ခရိုင်စီမံကိန်းရုံးတွင် လည်းကောင်း တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်စီမံကိန်းမှူးများဖြင့် တွေ့ဆုံ၍ ၂၀၁၂-၂၀၁၃ ခုနှစ်(၅)နှစ် စီမံကိန်း ဒုတိယနှစ်အတွင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုနှင့်၂၀၁၃-၂၀၁၄ခုနှစ် စီမံကိန်း ရည်မှန်းချက်များအပေါ် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရေးဆွဲနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီများကို ဖွဲ့စည်းထားပြီးဖြစ်၍ ယင်းကော်မတီဝင်များ၏ ဆွေးနွေးညှိနှိုင်းတင်ပြချက်များ၊ လိုအပ်ချက်များကို ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများတွင် တည်သွင်းရေးဆွဲလျက်ရှိကြောင်း၊ ရေရှည်တည်တံ့ဖွံ့ဖြိုးမှု (Sustainable Development) ရရှိရန်နှင့် ထောင်စုနှစ် ရည်မှန်းချက်များ (Millennium Development Goals) ပြည့်မီနိုင်ရေး မျက်ခြည်ပြတ်မခံဘဲ ဖွံ့ဖြိုးမှုအမြင်များဖြင့် စီမံကိန်းရေးဆွဲကြရန်လိုကြောင်း၊ ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၄)ရပ်ကိုအခြေခံ၍ ဒေသရှိ သဘာဝအရင်းအမြစ်များ၊ လူသားအရင်းအမြစ်များ၊ ငွေကြေးအရင်းအနှီးများစသည့်အရင်းအမြစ်များကို အခြေခံကာ ပြည်သူတို့၏ အမှန်တကယ် လိုအပ်ချက်များ၊ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကိုပါ ဖြည့်စွက်၍ ရေရှည်ဖွံ့ဖြိုးတိုးတက်နေသည့်ဒေသဖြစ်နေစေရန် တည်သွင်းစဉ်းစားဖို့ လိုအပ်ကြောင်း၊ စီးပွားရေးတိုးတက်မှု (Economic Growth) တစ်ခုတည်းကိုသာမစဉ်းစားဘဲ ဒေသတစ်ခုလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်မှု (Regional Comprehensive Development) ရရှိနိုင်ရန် မည်သည့်စီးပွားရေးစင်္ကြံ (Economic Corridor) မျိုးဖြင့် လုပ်ဆောင်နိုင်မည်ကို တည်သွင်းရေးဆွဲတတ်ရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာဒေသအလိုက် ရရှိနိုင်မည့် စီးပွားရေးအခွင့်အလမ်းများ အလုပ်အကိုင်အခွင့်အလမ်းများ၊ စီးဝင်လာမည့် ရင်းနှီးမြှုပ်နှံမှုများ၊ ရွှေ့ပြောင်းလုပ်သားများ၊ အခြားအခြေခံအဆောက်အအုံများ စသည်အခွင့်အလမ်းများကို တည်သွင်း စဉ်းစားရေးဆွဲ၍ ရလဒ်အမြစ်ထိုးတက်လာမည့် (Economic Growth) နှင့် ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်မှု (Regional Comprehensive Development) တို့ကို အချိတ်အဆက်မိမိရေးဆွဲအကောင်အထည်ဖော်ကြရန် လိုအပ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေဆိုးမြောင်း ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

မန္တလေး မေ ၂၁

မန္တလေးမြို့တော် သန့်ရှင်းသာယာလှပရမည်။ အမှိုက်သရိုက်ကင်းစင်၍ ရေဆိုးထုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ စဉ်ဆက်မပြတ် အရှိန်အဟုန်မြှင့်၍ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မေ ၂၁ ရက် နံနက် ၇ နာရီက မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် သီရိဟေမာအရှေ့ရပ်ကွက် ၈၆ နှင့် ၈၇ လမ်းကြား ၂၇ လမ်း ရေဆိုးထုတ်မြောင်း ရေစီးရေလာကောင်းရန် စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ ၂၇ လမ်း လမ်းဘေးဝဲယာ ရေဆိုးထုတ်မြောင်းအတွင်းမှ မြောင်းစာအမှိုက်သရိုက်များ၊ ရွံ့နွံများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးဝန်ထမ်းများက တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေး အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းနိုင်၊ သန့်ရှင်းရေးဌာနခွဲမှူး၊ လက်ထောက်ဌာနခွဲမှူးတို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်ကြသည်။

အဆိုပါ ရေဆိုးထုတ်မြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် သန့်ရှင်းရေးဆောင်ရွက်ခြင်းကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစန်းလင်း၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲမှူး ဦးအေးကို၊ ဒုတိယတပ်ခွဲမှူး မြင့်အောင်တို့က လိုအပ်သည်များ ကူညီပံ့ပိုးပေးကြောင်း သိရသည်။

(၀၂၆)

◆ ***ကျောဖုံးမှ***

စီစဉ်ထားရာ လာအို၊ အင်ဒိုနီးရှား၊ ဘရူနိုင်း၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံများမှ အားကစားသမား ၃၅၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဂျူနီယာတန်းနှင့် စီနီယာတန်း ကကွက်နှင့်အတ်ကပြိုင်ပွဲများကို လျှပ်စစ်ကိုယ်ကာဗာ အမှတ်ပေးစနစ်ဖြင့် ကျင်းပယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းနှင့် အားကစားဝါသနာရှင်ပရိသတ်များ အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

▲ ***ကျောဖုံးမှ***

ယာဉ်ရောင်းသူများက လုံခြုံရေးများတားရှိမှုကိုလည်း စနစ်တကျမှတ်တမ်းများ တားရှိကာ ခွင့်ပြုပေးတားသည်။

မေ ၂၂ ရက်(ယနေ့)မှ စတင်ကာ ယာဉ်ဝင်ခွင့်ကောက်ယူရာတွင် သုံးတန်ယာဉ်တစ်စီး တစ်ကြိမ်ဝင်လျှင် ငွေကျပ် ၂၀၀၊ သုံးတန်မှ ငါးတန်အထိ ယာဉ်တစ်စီးဝင်လျှင် ငွေကျပ် ၃၀၀ နှင့် ငါးတန်အောက် ယာဉ်တစ်စီးဝင်လျှင် ငွေကျပ် ၅၀၀ ကောက်ခံသွားမည်ဖြစ်သည်။ သီရိမင်္ဂလာ ယာဉ်ရောင်းဝယ်ရေးစခန်းအတွင်း တစ်ကြိမ်ဝင်လျှင် တစ်ကြိမ်ငွေပေးဆောင်ရမည်ဖြစ်သည်။

လောလောဆယ်၌ သီရိမင်္ဂလာ ယာဉ်ရောင်းဝယ်ရေးစခန်းတွင် နေ့စဉ်ယာဉ်ရောင်းဝယ်မှုမှာ ပုံမှန်ဖြစ်လျက်ရှိပြီး သုစျေးသုယာဉ် အမျိုးအစားအလိုက် ပုံမှန်ရောင်းဝယ်မှုဖြစ်လျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

သစ်တောသစ်ပင်ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး အလှတိုး

မြန်မာပြည်အလယ်ပိုင်း မြေလတ်ဒေသတောင်တွင်းမြို့မှ ဆက်လက်ပြုပြင်ထိန်းသိမ်းရန်လိုအပ်နေသည့်သမိုင်းဝင်ရတနာပွင့်လှကန်တော်ကြီး

မြန်မာပြည် အလယ်ပိုင်း မြေလတ်ဒေသ မကွေးတိုင်းဒေသကြီးအတွင်းရှိ ပုဏ္ဏဝတီ(ခေါ်)တောင်တွင်းကြီးမြို့ကို မြို့တည်ခဲ့သော မင်းအဆက်ဆက်က ရတနာတင်းတိမ်၊ ရတနာပြောင်မွန်၊ ရတနာဒေဝီ၊ ရတနာပင်စည်၊ ရတနာပွင့်လှ၊ ရတနာပေါင်းချုပ်၊ ရတနာဗိမာန် ဟူသော ရတနာခုနစ်ပါးနှင့် ထူးခြားသော ဝိသေသရှိစွာ သတ်မှတ်ခဲ့ကြသည်။ ထိုရတနာခုနစ်ပါးအနက် ရတနာပွင့်လှ ကန်တော်ကြီးသည် မြို့၏ မြို့ဦး၊ မြို့တိုင်တွင် တည်ရှိနေပြီး တောင်သူများ၏ လယ်ဧက ၁၃၀၀ ခန့်နှင့် ဒေသခံပြည်သူ မြို့သောက်သုံးရေ အတောက်အကူ အကျိုးပြုသော မြို့ကျက်သရေဆောင် ရတနာကန်ဖြစ်ကြောင်း သိရှိရသည်။

၂၀၁၁-၂၀၁၂ ခုနှစ်တွင် တောင်တွင်းကြီးမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်၏ စီမံဆောင်ရွက်မှုဖြင့် တောင်တွင်းမြို့မှ ရတနာပွင့်လှ ကန်တော်ကြီးအား အနက် ငါးဝေခန့်တူးဖော်ကာ ကန်ပေါင်အဆင့်မြှင့်တင်ခြင်း၊ အပန်းဖြေနေရာများဖော်ထုတ်ခြင်းဖြင့် သာယာလှပအောင်ဆောင်ရွက်ရန် စီမံပေးခဲ့ကြောင်းသိရှိရသည်။ ယင်းသို့ဆောင်ရွက်ရာတွင် မြေတူးရန်နေရာများအား စနစ်တကျ ကွန်တိုမျဉ်းအလိုက် အလံနီ၊ အလံပြာများ စိုက်ကာ စက်ယန္တရားများဖြင့် ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါဆောင်ရွက်မှုများအား မြို့နယ်ရှိ ဒေသခံပြည်သူများက ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြောင်း သိရှိရသည်။

ယင်းသို့ပြုပြင်ရာတွင် တူးထုတ်ရမည့် မြေကျင်းပေါင်း ရှစ်သောင်းခန့်ကို မြို့နယ်အတွင်း အကျိုးရှိစွာ အသုံးပြုရန်နေရာများ သတ်မှတ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ သို့ရာတွင် ကန်ရေကမခန်း လုပ်ငန်းအရှိန်ရဆဲမှာပဲ မိုးဦးက စောစောရွာချခဲ့လေတော့ ရာသီဥတုအခြေအနေမပေး၍ စီမံချက်ဝါ လုပ်ငန်းအချို့ ဆိုင်းငံ့ခဲ့ရသည်။ သို့ရာတွင် အများပြည်သူများ အပန်းဖြေစေနိုင်ရန်အတွက် ကန်မြေကိုတူးပြီး အပန်းဖြေရေလယ်ကျွန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အရေးကြီးသည့်နေရာများ တောင့်တင်းအောင် တာပေါင်များ မြှင့်ပေးခဲ့ကြောင်း၊ အေးစေတီဘုရား ရေလယ်ပေါင်းကူးထံတားနှင့် တစ်ဆက်တည်း ကန်ပတ်လည် မြေသားပေါင်များအား ကျယ်ပြန့်ညီညာလှပစွာ ယခင်ကကန်ပေါင်ကြီးနှင့်မတူအောင် အချိန်တိုတိုအတွင်း စွမ်းဆောင်ပေးနိုင်ခဲ့ကြောင်း၊ ကျန်ရှိနေသော စီမံချက်ပါ လုပ်ငန်းများအား ဆက်လက်လုပ်ဆောင်သွားနိုင်ရန်လည်း ယနေ့လွှတ်တော်စနစ်နှင့် နိုင်ငံတော်အစိုးရထံမှ ဘတ်ဂျက်တင်ပြဆောင်ရွက်ရန် ကြိုးစားလျက်ရှိကြောင်း၊ ဆောင်ရွက်ပြီးသမျှ သာယာလှပမှုများကြောင့် ဒေသခံပြည်သူများ စိတ်လက်ချမ်းသာစွာဖြင့် နံနက်စောစော လမ်းလျှောက်ရင်း ကျန်းမာရေး လေ့ကျင့်ခန်းလုပ်သူများ၊ ညနေခင်းလမ်းလျှောက်သူများ၊ အပန်းဖြေသူများဖြင့် ယခင်ကနှင့်မတူ ရတနာပွင့်လှကန်တော်ကြီးတွင် စည်ကားသိုက်မြိုက်နေသည်ကို တွေ့မြင်နေရကြောင်း၊ သို့သော် ယနေ့ လွတ်လပ်သော မီဒီယာခေတ်တွင် အချို့သော မီဒီယာများက မြို့ကျက်သရေဆောင် ရတနာပွင့်လှ ကန်တော်ကြီး သာယာလှပရေး ဆောင်ရွက်နေမှုအပေါ် တိတိကျကျ မြေမြေမြစ်မြစ် လေ့လာမေးမြန်းမှုမရှိဘဲ သတင်းရေးသားမှုကြောင့် ဆောင်ရွက်ရန်ကျန်ရှိနေသောလုပ်ငန်းများ ရပ်ဆိုင်းသွားမည်ကို စိုးရိမ်မိပါ၍ မြို့နေပြည်သူများ ကိုယ်စား မြို့မိမြို့ဖတစ်ဦးဖြစ်သူ ဦးလှမြင့်က တောင်းပန်အပ်ပါကြောင်း မကွေးတိုင်းဒေသကြီး သတင်းစာဆရာများ အသင်းသို့ အတည်ပြု ပြောကြားခဲ့သည်။

အဆိုပါ မြို့ကျက်သရေဆောင် ရတနာပွင့်လှ ကန်တော်ကြီးအား ယခင်ကတက် သာယာလှပအောင် ဆောင်ရွက်ခဲ့မှုသည် ပကတိအရှိတရားဖြစ်ပြီး မျက်ကွယ်ပြု၍ မရနိုင်ကြောင်း။ တစ်နိုင်ငံလုံး မိုးရာသီဥတုဖောက်ပြန်ခဲ့၍ မိုးရွာသွန်းရက် နည်းပါးခဲ့ခြင်း၊ နိုင်ငံအဝန်းဆည်ကန်များ (အထူးသဖြင့်) မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် ရေဝင်နည်းခဲ့ခြင်း၊ ဒေသအလိုက် စံပြအတူးစိုက်ကွင်းများ တူတောင်ခြင်း၊ စိုက်ပျိုးဧကပိုမိုများပြားလာခြင်းကြောင့် စိုက်ပျိုးသီးနှံများ အောင်ရေလုံလောက်အောင် ထုတ်ပေးရခြင်းများသည် ဖြစ်ရပ်မှန်များဖြစ်ကြောင်း၊ လက်ရှိအခြေအနေအရ ဆည်/ကန်တိုင်းတို့တွင် ရေအနည်းငယ်သာကျန်ရှိခြင်း၊ ရေလုံးဝခန်းခြောက်နေမြင်းတို့သည် ဆယ်စုနှစ်တစ်စုအတွင်း မကြုံဖူးခဲ့ကြောင်း၊ ရတနာပွင့်လှကန်ကြီးတွင် ရေခန်းခြောက်နေမြင်းကိုအခွင့်အခါကောင်းအဖြစ်ရှုမြင်ပြီး နည်းလမ်းကောင်းရာဖွေကာ တိုးတက်မြစ်တွန်းမှုကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယနေ့ခေတ်ကာလတွင် ပြည်သူကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရ တာဝန်ရှိသူများ ပူးပေါင်းညှိနှိုင်းပြီး ကန်တော်ကြီးကန် တိုးတက်ဖွံ့ဖြိုးရေးကို မိုးမကျမီ အမြန်ဆုံးဆောင်ရွက်သင့်ပါကြောင်း ဒေသခံပြည်သူများ၏ ကိုယ်စား တင်ပြလိုက်ပါသည်။

ဟသ်ာ(တောင်တွင်းကြီး)

မင်းကွန်းဒေသမှ မြန်မာ့ယဉ်ကျေးမှုအနုပညာ... နိုင်ငံခြားခရီးသွားဧည့်သည်များ စိတ်ဝင်စား...

မိတ္ထီလာ မေ ၂၁

ကမ္ဘာကျော် မင်းကွန်းပုထိုးတော်ကြီးတည်ရှိရာ မင်းကွန်းဒေသရှိ မြန်မာ့ယဉ်ကျေးမှုအနုပညာလက်ရာများအား နိုင်ငံခြားသားခရီးသွားဧည့်သည်များ စိတ်ဝင်စားစွာ လေ့လာကြည့်ရှုပြီး အမှတ်တရလက်ဆောင်ပစ္စည်းအဖြစ် ဝယ်ယူသူများပြားကြောင်း သိရသည်။

“မန္တလေးမြို့ဘက် ရောက်တဲ့ နိုင်ငံခြားခရီးသွား ဧည့်သည်ထိုင်း မင်းကွန်းဒေသဘက်ကို ဧရာဝတီမြစ်ကို မြတ်ပြီး လာရောက်ကြတာများတယ်။ မင်းကွန်းဆရာတော်ဘုရားကြီးပြတိုက်၊ ဘွားဦးဇွန်း ဘိုးဘွားရိပ်သာ၊ မင်းကွန်းပုထိုးတော်ကြီးအပြင် အခြားစိတ်ဝင်စားဖွယ်ကောင်းတဲ့ ရှေးဟောင်းမြန်မာ့ယဉ်ကျေးမှုအနုပညာလက်ရာတွေကို မင်းကွန်းဒေသမှာ အများအပြားတွေ့နိုင်တယ်လေ။ နိုင်ငံခြားခရီးသွားဧည့်သည်အများစုစိတ်ဝင်စားဆုံး မင်းကွန်းပုထိုးတော်ကြီးနဲ့ မင်းကွန်းခေါင်းလောင်းကြီးပြီးရင် အမှတ်တရပစ္စည်းအရောင်းဆိုင်လေးတွေမှာ ခင်းကျင်းခြသရောင်းချပေးတဲ့ မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာ မင်းသားမင်းသမီးရုပ်၊ ဇော်ဂျီရုပ်၊ မျှူးကြီးမတ်ရာရုပ်စတဲ့ ရေးမြန်မာဝတ်စားဆင်ယင်မှုကို တင်ဟပ်တဲ့အနုပညာလက်ရာမျိုးတွေနဲ့ ပန်းချီ၊ ပန်းပု၊ ကြေးသွန်း အနုပညာလက်ရာတွေကို စိတ်ဝင်စားဆုံးဖြစ်ပါတယ်။ မင်းကွန်းဒေသရောက် အမှတ်တရလက်ဆောင်

ကန်ကြီးထောင့်မြို့နယ် ကြပ်ကုန်းကျေးရွာ အမှတ်(၁၄၀) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၂၁

ယမန်နေ့ နံနက် ၉ နာရီ မိနစ် ၂၀ တွင် ပုသိမ်ခရိုင် တန်ကြီးထောင့်မြို့နယ် မြင်းတဆိပ်အုပ်စု ကြပ်ကုန်းကျေးရွာ အမှတ်(၁၄၀) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည့် ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်ကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပရာ ရေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးသန်းထွန်း၊ တန်ကြီးထောင့်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတော်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး ပညာရေး ဒုတိယညွှန်ကြားရေးမှူး ဦးကြည်အောင်၊ ပုသိမ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်နှင့် ကန်ကြီးထောင့်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယာယီမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးချစ်လွင်နှင့် တိုင်းဒေသကြီး ပညာရေးဒုတိယညွှန်ကြားရေးမှူးတို့က အမှာစကား ပြောကြားကြသည်။ ယင်းနောက် ရွှေဆုပန်တမူဏီ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ထွန်းက ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများနှင့် ကျောင်းပညာရေးငွေပဒေသာပင်အတွက် ငွေကျပ်သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဒေါ်လှရီနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဇင်သက်တို့က လက်ခံကြသည်။

အဆိုပါ ကြပ်ကုန်းကျေးရွာ အမှတ်(၁၄၀) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်အတွက် အလျားပေ ၆၀၊ အနံပေ ၃၀ ရှိသည့် (RC)တစ်ထပ်ကျောင်းဆောင်သစ်ကို ပညာရေးဌာန ရန်ပုံငွေကျပ် ၂၁၆ သိန်းဖြင့် ရွှေဆုပန်တမူဏီက ဆောက်လုပ်ပေးခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ကြပ်ကုန်းကျေးရွာနှင့် ရေလယ်စုကျေးရွာရေမြောင်း တူးဖော်နေမှု၊ ရေလယ်စုကျေးရွာနှင့် ဦးတိုရွာသို့ ရေမြောင်းအသစ်ဖောက်လုပ်မည့်အခြေအနေတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် ကန်ကြီးထောင့်မြို့နယ် ကြပ်ကုန်းကျေးရွာ အမှတ်(၁၄၀) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားတက်ရောက်စဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

နေအပူချိန်မြင့်မားမှုကြောင့် ရေသန့်များ ရောင်းကောင်းလျက်ရှိ

ကျောက်ဆည် ဧပြီ ၂၁

ယခုနှစ်နွေရာသီတွင် ခရမ်းလွန်ရောင်ခြည်သည် အန္တရာယ်ဖြစ်နိုင်သည့်အဆင့်ထက်များစွာ မြင့်မားအောင် နေအပူချိန်ပြင်းလျက်ရှိသောကြောင့် လူများခန္ဓာကိုယ်အတွင်း ရေဓာတ်လိုအပ်ချက်မြင့်မားကာ ရေသောက်သုံးမှု ပိုမိုများပြားကြသည်။ ကျန်းမာရေးအတွက် စိတ်ချရစေရန် သောက်သုံးရေများကို ရိုးရိုးရေထက် ရေသန့်များ သုံးစွဲလာခြင်းကြောင့် ရေသန့်ရောင်းအားများ တောင်းလျက်ရှိကြောင်း သိရှိရသည်။

ကျောက်ဆည်မြို့တွင် ရေသန့်ရောင်းချသောဆိုင်များ အများအပြားရှိပြီး ဆိုင်တိုင်းတွင် ယခုနှစ်နွေရာသီတွင် ရောင်းအားကောင်းလျက် ရှိသည်။ ရေသန့်ရောင်းချလျက်ရှိသည့် ဆိုင်တစ်ဆိုင်ကို မေးမြန်းကြည့်ရာ "တစ်နေ့ကိုရေသန့်ဘူးကြီး ၂၀လီတာဘူးကြီး ၃၀နှင့် ၄၀လောက် ရောင်းရတယ်။ တစ်ဘူးကို ငွေကျပ် ၅၀၀ နှင့် ၄၅၀ ရောင်းတယ်၊ တံဆိပ်ကတော့ အမျိုးမျိုးရောင်းပါတယ်၊ အသုံးများတာကတော့ နာမည်ရတဲ့ တံဆိပ်ဘူးကြီးကိုပဲ အသုံးများတယ်၊ ဘူးသေးက ဘူးကြီးလောက် ရောင်းအားမကောင်းဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ဘူးကြီးက မိသားစုလိုက် သောက်ရတာကြောင့် ဘူးကြီးက ပိုရောင်းကောင်းတယ်၊ တစ်မြို့လုံး ဆိုရင်တော့ တစ်နေ့ကို ဘူး ၄၀၀ နှင့် ၅၀၀လောက်တော့ ရောင်းရမယ် ထင်တယ်၊ မြန်မာနှစ်သစ်ကူးနေ့တွေကဆို ပစ္စည်းပြတ်အောင် ရောင်းရတယ်"ဟု ပြောကြားသည်။

ကျောက်ဆည်မြို့သည် ရေတွင်းရေကန်ပေါများပြီး စည်ပင်ရေပေးဝေရေးများရှိသော်လည်း ရေသန့်များ ဝယ်ယူသောက်သုံးလျက်ရှိသည်ကို ရေသန့်များများ ဝယ်ယူသောက်သုံးသူတစ်ဦးထံ မေးမြန်းကြည့်ရာ "ရေသန့်ဝယ်သောက်တာက အဓိကကကျန်းမာရေးကြောင့်ပဲ၊ ရေမသန့်ရင် ကျန်းမာရေးထိခိုက်တယ်၊ အရင်ကဆို စည်ပင်ရေပဲသုံးတာ၊ စည်ပင်ရေကလည်း စိတ်မချရဘူး၊ အဲဒါကြောင့် ရေသန့်ပဲ ဝယ်သောက်တော့တာ၊ တစ်နေ့ကို ဘူးကြီးတစ်ဘူးလောက်ကုန်တယ်၊ ပိုက်ဆံကတော့ ၅၀၀ လောက်တော့ကုန်တယ်။ အဲဒါ သောက်သုံးရေဖိုးပဲ ရှိသေးတယ်။ မချောင်ဘူးပေါ့။ ငွေကြေးအဆင်မပြေတဲ့သူကတော့ ရေဖိုးတစ်နေ့ ၅၀၀ အကုန်မခံနိုင်တော့ ရိုးရိုးရေပဲ သောက်ရတာ၊ ဒီနှစ်နွေရာသီဆို အပူချိန်က အလွန်မြင့်တော့ ရေပဲ သောက်ချင်နေတာ၊ တစ်နေကုန် ရေချည်းပဲ သောက်နေတော့ ရေကကုန်တာပေါ့" ဟု ပြောကြားသည်။

ရေအသတ် တစ်မနက်ဟု ဆိုစကားရှိသည်နှင့်အညီ ရေသည် လူတို့အတွက် မရှိမဖြစ်၊ မသောက်မဖြစ်လိုအပ်သည်။ ယခုနှစ်နွေရာသီ၏ အပူချိန်မြင့်မားမှုများကြောင့် ကျန်းမာရေးနှင့် ညီညွတ်သော ရေသန့်များ ရောင်းအားတောင်းလျက်ရှိကြောင်း သိရှိရသည်။

ထွန်းထွန်းနိုင်

ယခုနှစ်နွေရာသီတွင် အပူချိန်မြင့်မားမှုများကြောင့် ရေသန့်များ ရောင်းအား ကောင်းလျက်ရှိရာ ကျောက်ဆည်မြို့ရှိ ရောင်းအားကောင်းလျက်ရှိသော သောက်ရေသန့်ဆိုင်တစ်ဆိုင်ကို ဤသို့ တွေ့ရသည်။

...ကျူးမှုအနုပညာလက်ရာများ စိတ်ဝင်စား

ပစ္စည်းအဖြစ်လည်း ဝယ်ယူသွားတာမျိုးရှိပါတယ်"ဟု မင်းတွန်းဒေသတွင် မြန်မာ့ယဉ်ကျေးမှုအနုပညာလက်ရာများ ကို အမှတ်တရပစ္စည်း ဖွင့်လှစ်ရောင်းချသူ အမျိုးသမီးတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံသို့ ယခုနှစ်ဦးပိုင်းတွင် နိုင်ငံခြားသားခရီးသွားဧည့်သည်များ ယခင်နှစ် နှစ်ဦးပိုင်းထက် ပိုမိုများပြားစွာဝင်ရောက်လာပြီး နောက်ပိုင်း ပုဂံ၊ ညောင်ဦး၊ ပုပ္ပား၊ တောင်ကြီး အင်းလေး၊ မန္တလေးစသည့် ဒေသများနှင့် စစ်ကိုင်း၊ မင်းတွန်းဒေသများရှိ ရှေးဟောင်းသမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များကို စိတ်ဝင်တစားသွားရောက်လေ့လာကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (ချမ်းသာ)**

ကျေးလက်တံတားဖွင့်၊ ယဉ်ကျေးမှုသင်တန်းဆင်း

ဟုမ္မလင်း ဧပြီ ၂၁

ဟုမ္မလင်းမြို့နယ် ထိန်တင်းအုပ်စု အနောက်ထိန်တင်းကျေးရွာ ကျေးလက်တံတားဖွင့်ပွဲနှင့် ရမ်းစာပေနှင့် ယဉ်ကျေးမှုသင်တန်းဆင်းပွဲကို ဧပြီ ၁၂ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ပထမဦးစွာ ကျေးရွာအလယ်မှဖြတ်သန်းစီးဆင်းသည့် ချောင်းကျင်းတွန်းအင်းချောင်းဖြတ်ကူး သစ်သားတံတားကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တံတားတော်မတီဝင်နှစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေး၊ ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းရွှေ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်ညီ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ တက်ရောက်အားပေးကြသည်။

အဆိုပါ သစ်သားတံတားမှာ အလျားပေ ၁၀၀၊ အကျယ် ၁၀ ပေရှိပြီး ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၁၀၀ ခန့်ကုန်ကျကြောင်းသိရသည်။ ရွာ၏အလယ်မှ ဖြတ်သန်းစီးဆင်းသော ချောင်းအား ယခုကဲ့သို့ ကိုယ့်အားကိုယ်ကိုးဆောက်လုပ်နိုင်ခြင်းဖြင့် ကျေးရွာပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးလုပ်ငန်းများတွင် လွယ်လင့်တကူ ကျေးရွာအတွင်း သွားလာနိုင်ပြီဖြစ်သည်။

ဆက်လက်၍ ဟုမ္မလင်းမြို့နယ် ရမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူးဖွင့်လှစ်သည့် ရမ်းစာပေနှင့် ယဉ်ကျေးမှုသင်တန်းဆင်းပွဲ ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်၊ ဝန်ကြီး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အမှာစကားပြောကြားကြသည်။ ထို့နောက် တက်ရောက်လာသူများက အလှူငွေကျပ် ၁၂၀၀၀၀ ပေးအပ်လှူဒါန်းပြီး သင်တန်းဆင်းလက်မှတ်နှင့် ဂုဏ်ပြုဆုများ ပေးအပ်ခဲ့သည်။ **(၁၁၇)**

မြန်မာပြည်သူများ နှစ်ခြိုက်စွာစားသုံးသော ပဲပင်ပေါက်

ပဲပင်ပေါက်ဆိုသော အမည်နှင့်လိုက်စွာ ပဲမှအပင်ပေါက်အောင် ပြုပြင်ထားသည်ကိုစွဲ၍ မည်ခေါ်ခြင်းဖြစ်သည်။ **(ယာပုံ)**

ပဲပင်ပေါက်ကို ရှေးအခါကပင် ကျေးလက်လူထုနှစ်ခြိုက်စွာ စားသုံးလေ့ ရှိခဲ့ကြသည်။ စားသုံးသည်ဟုဆိုရစေကာမူ မယ်မယ်ရရ နည်းမျိုးစုံကိုထွင်ချက်ပြုတ်ကာ စားသုံးလေ့ရှိသည်မဟုတ်။ ကျေးလက်လူထုသည် ပဲပင်ပေါက်ကို အချဉ်ဖောက်ကာ ပဲတီချဉ်အဖြစ်ဖြင့် ငါးပိကြော်နှင့် တွဲဖက်စားသုံးတတ်ကြသည်။ အလှူမင်္ဂလာပွဲများတွင် ပဲတီချဉ်နှင့် ငါးပိကြော်တို့အတွဲသည် ထာဝစဉ်မြင်ရမြဲဖြစ်သော ပင်တိုင်အတွဲပင် ဖြစ်သည်။

ယခုအခါတွင် နည်းမျိုးစုံဖြင့် ပြုပြင်စားသုံးလာခဲ့ကြသည်။ ပဲပင်ပေါက်ကို အသားမျိုးစုံဖြင့်ကြော်၍လည်းကောင်း၊ ဟင်းချိုခပ်၍လည်းကောင်း၊ ခေါက်ဆွဲကြော်၊ ပဲပြားကြော်တို့တွင် အဓိကအမယ်အဖြစ်ထည့်၍လည်းကောင်း စားသုံးကြသည်။ ထို့ပြင် တော်ပြန့်လိပ်တွင်လည်း ပဲပင်ပေါက်မပါလျှင် မပြီးသေးပေ။ ကိုနည်းတစ္စာ မြန်မာ့ရိုးရာလက်ဖက်သုပ်စုံတွင်ပါ ပဲပင်ပေါက်ကို ရေနွေးဖျောတာ ထည့်သွင်းသုပ်လာတတ်သည်အထိ ပဲဓူးဆားပမာ အသုံးတည့်လာခဲ့ပေသည်။

ပဲပင်ပေါက်ဆိုသည့် စတားအတိုင်း မူလပဲမှ အပင်ပေါက်အောင် ဖောက်ပေးရသည်။ ပဲနောက်ဖြစ်စေ၊ ကုလားပဲဖြစ်စေ၊ အခြားပဲဖြစ်စေ ရေနွေးကြက်သီးနွေးဖြင့် အနည်းဆုံးလေးနာရီကြာအောင် စိမ်ထားပြီး ပေါင်းချောင် သို့မဟုတ် တောင်းတွင်း၌ အဝတ်စ၊ ဖက်နှင့်လုံခြုံစွာဖုံးအုပ်၍ အလင်းရောင်နည်းရာအရပ်တွင်ထားတာ တစ်နေ့လျှင် ၄-၅ ကြိမ်မ ၃-၄ ရက်ကြာသည်အထိ ရေဖျန်းပေးရပါသည်။ ၃-၄ ရက် ကြာသော အခါ ထွက်လာသော ပြောင့်များ အမြစ်မဆုပ်ကိုင်ကာ လုပ်ယမ်းဝေခြင်းဖြင့် အခွံများလွင့်စဉ်သွားစေသည်။

ဝဲတီဝင်ဝေါက်မဖြစ်မီ ပဲဘဝ၌ ရှိစဉ်က ဗီတာမင်စီဓာတ် မဝါဝင်သေးဘဲ ပဲတီပင်ပေါက်ဘဝသို့ ကူးပြောင်းလာသော အခါမှသာ ဗီတာမင်စီဓာတ်နှင့် ပြည့်စုံလာကြောင်း စမ်းသပ်တွေ့ရှိရသည်။ အဘယ့်ကြောင့်ဆိုသော် ပဲတီပင်ပေါက်ကို ဆန်ဆေးရည် သို့မဟုတ် ထမင်းရည်တို့နှင့် ဆားအနည်းငယ်ထည့်၍ စိမ်ထားသဖြင့် အချဉ်ဓာတ် ဝင်ရောက်လျက်ရှိခြင်းကြောင့် ဖြစ်သည်။

ယင်းပဲတီချဉ်ကို အတို့အမြုပ်အဖြစ် လည်းတောင်း၊ သုပ်ရာ၌ထည့်၍ လည်းတောင်း၊ မြို့ပေါ်နှင့် ကျေးလက်ဒေသများတွင် အများဆုံး စားသုံးလေ့ရှိကြောင်း သိရသည်။

(၁၄၀)

တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၂၁

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာတွတ်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့တာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက် မြို့တွင် ၄၄ဒီဂရီစင်တီဂရိတ်နှင့် ဘော်လခဲမြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လှိုင်ကော်မြို့တွင် ၁ ဒသမ ၁၈ လက်မ၊ မော်လိုက်မြို့တွင် ၀ဒသမ ၄၇ လက်မ၊ ပလက်ဝမြို့တွင် ၀ဒသမ ၄၃လက်မနှင့် မင်းတပ်မြို့တွင် ၀ ဒသမ ၃၅ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်တုတပ်နေပြီး တပွလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာတွတ်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာတွတ်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

သိမ်ကုန်းကျေးရွာ၌ သက်ကြီးပူဇော်ပွဲကျင်းပ

ပျော်ဘွယ် ဧပြီ ၂၁

ပျော်ဘွယ်မြို့နယ် သိမ်ကုန်းကျေးရွာ၏ (၃၅)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို (မြန်မာနှစ်ဆန်းတစ်ရက်) ဧပြီ ၁၇ ရက် မွန်းလွဲ ၁ နာရီက သိမ်ကုန်းကျောင်းတိုက်ဆရာတော် ဦးခေမာသီရိက ဦးဆောင်၍ သိမ်ကုန်း ကျောင်းတိုက်အတွင်းရှိ သဒ္ဓမ္မဝေပုလ္လဓမ္မာရုံ၌ကျင်းပရာ ကျေးရွာအတွင်းရှိ ပြည်သူများ၊ အလှူရှင်များနှင့် ရပ်မိ ရပ်ဖများ၊ ကန်တော့ခံသက်ကြီး ဘိုးဘွားများ တက်ရောက်ကြသည်။ ရေးဦးစွာ ဆရာတော် ဦးခေမာသီရိက သက်ကြီးပူဇော်ပွဲ အခမ်းအနားကျင်းပရသည့် အကြောင်းအရင်းကို ရှင်းလင်းမြွက်ကြားသည်။

ဆက်လက်၍ အသက်၇၀ နှင့် အထက် အဘိုးအဘွားတစ်ဦးလျှင် ငွေကျပ် ၈၀၀၀ တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများနှင့် ငွေသားကျပ် ၁၀၅၀၀ တို့ကို ပူဇော် ကန်တော့ကြရာ စုစုပေါင်းအဘိုးအဘွား ၇၀ အတွက် ငွေကျပ် ၁၄၂၃၀၀၀ ကို ကျေးရွာအတွင်းရှိ ပြည်သူများ၊ အလှူရှင်များက ပူဇော်ကန်တော့ကြပြီး သက်ကြီး အဘိုးအဘွားတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကိုရုပ်သိမ်း လိုက်ကြောင်း သိရှိရသည်။ (ယာပုံ) (မြို့နယ် ပြန်/ဆက်)

ကန့်ဘလူမြို့၌ သက်ကြီးပူဇော်ပွဲကျင်းပ

ကန့်ဘလူ ဧပြီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင် ကန့်ဘလူမြို့တွင် ဧပြီ ၁၇ ရက် က မြို့ပေါ်ငါးရပ်ကွက်၌ မီးသတ် ယာဉ်ဖြင့် နံနက် ၈ နာရီက ဆရာတော် သံဃာတော်များက အနုရာယ်ကင်း ပရိတ်များ လှည့်လည်ရွတ်ဖတ်ခြင်း ပြုလုပ်ပေးကြသည်။ မွန်းတည့် ၁၂ နာရီတွင် မဟာရွှေစည်ကြီး ဗိမာန်တော်၌ ဆရာတော်၊ သံဃာ တော်များက အန္တရာယ်ကင်းပရိတ်များ ရွတ်ဖတ်ပူဇော်ကြသည်။ တက်ရောက် လာသော ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖ အဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ရပ်ကွက်ငါးခုမှ မိဘ ပြည်သူများက လှူဖွယ်ဝတ္ထုငွေ၊ အချို ရည်နှင့်မုန့်များ ဆက်ကပ်လှူဒါန်း ကြသည်။

ထို့နောက်မြို့ပေါ် ငါးရပ်ကွက်မှ အသက် ၈၅ နှစ်အထက် အဘိုး အဘွား ၆၇ ဦးအား အလှူငွေ၊ အချို ရည်နှင့် မုန့်များ ပေးအပ်လှူဒါန်း ကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

အညာမန္တအတွက် ရေမခက်ရေး ဆည်မြောင်းဌာနက ကူညီပေး

မြစ်သား ဧပြီ ၂၁

အညာဒေသ မန္တလေးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ၂၀၁၂ ခုနှစ်က နှစ်စဉ်မိုးရေချိန်ထက် လျော့ နည်းစွာ ရွာသွန်းခဲ့သဖြင့် ကျေးရွာ အများအပြားတွင် ကန်ရေများ ခန်း ခြောက်သွားသဖြင့် ကျေးရွာပြည်သူနှင့် ကျွဲနွားတိရစ္ဆာန်များမှာ သောက်သုံးရေ အခက်အခဲနှင့် တွေ့ကြုံနေကြရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ကျောက်ဆည်ခရိုင်တွင် ဆည်/ ကန် ငယ်သုံးခု၊ ပြင်ဦးလွင်ခရိုင်တွင် ဆည်/ ကန်ငယ် ခုနစ်ခု၊ မိတ္ထီလာခရိုင်တွင် ဆည်/ကန်ငယ် ၆၀၊ မြင်းခြံခရိုင်တွင် ဆည်/ကန်ငယ် ၄၄ ခု၊ ရမည်းသင်း ခရိုင်တွင် ဆည်/ကန်ငယ် ၇၇ ခု၊ ညောင်ဦးခရိုင်တွင် ဆည်/ကန်ငယ် ၁၅ ခု စုစုပေါင်း ဆည်/ကန်ငယ် ၂၀၆ ခုတို့ကို မိုးရွာတုန်းရေခံနိုင်ရန် ခွက်ကလေးများကို ခံထားသကဲ့သို့ ၂၀၁၃ ခုနှစ် မိုးရာသီအမီ ရက်ပေါင်း ၁၂၀ ဖြင့် အပြီးဆောင်ရွက်ရန် ဆည် မြောင်းဦးစီးဌာနမှ စက်ယန္တရားကြီး များဖြင့် အချိန်မီတူးဖော်ဆောင်ရွက် ပေးနေပါသည်။

ကျောက်ဆည်ခရိုင် မြစ်သားမြို့ နယ်တွင်ပါဝင်သည့် သစ်တက်ကုန်း ကျေးရွာအုပ်စု မကျီးကန်ကျေးရွာ အနီး မကျီးကန်ကန်၊ ငွေးကျေးရွာ အုပ်စု ငွေးကျေးရွာအနီး ငွေးကျေးရွာ ကန်၊ ဝက်ထိန်းကျေးရွာအုပ်စု တဲကြီး ကျေးရွာအနီးရှိ တဲကြီးကန်တို့အနက် တဲကြီးကန် ပြုပြင်ခြင်းလုပ်ငန်းကို မြစ်သားမြို့နယ် ဆည်မြောင်းဦးစီး ဌာနက မတ် ၂၉ ရက်ကစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ သည်။ ဧပြီ ၁၈ ရက် နံနက်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဦးစီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော် သည် တဲကြီးကျေးရွာ တောင်သူများနှင့် တွေ့ဆုံ၍ တဲကြီးကန်ပြုပြင်ခြင်း လုပ်ငန်းကို ကြည့်ရှုအားပေးပြီး လုပ်ငန်းများ အမြန်ဆုံးပြီးစီးရေး လိုအပ်သည်များ မှာကြားသည်။(ဝဲပုံ)

တင်လှိုင်(မိတ္ထီလာ)

စာအုပ်
စာပေ
လူ့မိတ်ဆွေ

ကျွဲ၊ နွားများနှင့်အတူ လှည်းဦး ဝိုင်းမော်၌ ဖမ်းဆီးရမိ

ဝိုင်းမော် ဧပြီ ၂၁

ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးခင်း အထူးတပ်ဖွဲ့မှ ရဲအုပ်အေးလွင် ဦးစီးသော တပ်ဖွဲ့ဝင်များသည် ဝိုင်း မော်မြို့နယ် မဒိန်ကျေးရွာအနောက် ဘက်လေးမိုင်ခန့်အကွာ နောင်ချိုကွင်း အတွင်းရှိ လယ်ကွင်းနှင့်ဝါးရုံတော များတွင် တစ်ဖက်နိုင်ငံသို့တရားမ ဝင်ပို့ဆောင်ရောင်းချမည့် ကျွဲနွား များ လျှို့ဝှက်ချည်နှောင်ထားကြောင်း သတင်းအရ သက်သေများနှင့်အတူ ဧပြီ ၁၅ ရက် ညနေ ၅ နာရီခွဲခန့်က အဆိုပါနေရာသို့ ဝင်ရောက်စစ်ဆေး ရာဖွေရာ ကျွဲ ၆၁ ကောင်၊ နွား ၂၆ ကောင်တွေ့ရှိ သိမ်းဆည်းရမိပြီး ကျွဲ၊ နွားပိုင်ရှင် ကိုစိုင်း (ခ)စိုင်းအောင် အပါအဝင် လှည်းဦးကို ဖမ်းဆီးရမိခဲ့ သည်။

ရဲအုပ်အေးလွင်က တရားလို ပြုလုပ်တိုင်တန်းသဖြင့် ကိုစိုင်း (ခ) စိုင်းအောင်(၃၇ နှစ်) မိုင်းနားကျေးရွာ ဝိုင်းမော်မြို့နယ်၊ စိန်လင်းခိုင်(၂၅ နှစ်) ဆားမော်ကျေးရွာအုပ်စု မိုးကောင်း မြို့နယ်၊ စိန်မင်းနိုင်(၃၀ နှစ်) ဆားမော် ကျေးရွာအုပ်စု မိုးကောင်းမြို့နယ်၊ ကျော်ဇေယျ(၂၆ နှစ်) ဆားမော် ကျေးရွာ မိုးကောင်းမြို့နယ်၊ ကျော်ထူး (၃၇ နှစ်) တလုံးကျေးရွာ ခင်ဦးမြို့နယ် နေသူတို့အား ဝိုင်းမော်ရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက် ရှိကြောင်း သိရှိရသည်။

(ဝ၆၂)

တရားမဝင်နယ်ကျော်သယ်ဆောင်လာသော ကျွဲများဖမ်းဆီးရမိ

မြစ်ကြီးနား ဧပြီ ၂၁

မြစ်ကြီးနားခရိုင် ရဲတပ်ဖွဲ့မှ ဒုရဲအုပ်ကျော်ဝင်းနိုင်နှင့် တပ်ကြပ် ရဲမြင့်၊ မြစ်ကြီးနားမြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ်ဝဏ္ဏဝင်းနှင့် ရှုဒေါင်ပူးပေါင်း စစ်ဆေးရေးဂိတ်မှ ဒုရဲအုပ်တင်ကို လတ်တို့သည် တရားမဝင်ကျွဲနွားများ နယ်ကျော်သယ်ဆောင်မှု ရှိနေကြောင်း သတင်းအရ ဧပြီ ၁၂ ရက် မွန်းတည့် ၁၂ နာရီခန့်က မြစ်ကြီးနားမြို့ မြို့သစ် ကြီးရပ်ကွက် အေးမြသာယာလမ်းပေါ် စောင့်ဆိုင်းနေစဉ် မိုးကောင်းမြို့ဘက် မှ မောင်းနှင်လာသော ဒေါင်ဖန်း အမျိုးအစား ၇ဂ/----ပေါ်၌ ကျွဲများ တင်ဆောင်လာကြောင်းတွေ့ ရှိရ၍ အမှတ်(၂)ရဲစခန်းသို့ခေါ်ဆောင်ပြီး သက်သေများနှင့်အတူ စစ်ဆေးရာဖွေ ရာယာဉ်ပေါ်မှ ခိုင်းကျွဲ ၁၀ ကောင် တွေ့ရှိရပြီး ခိုင်လုံသော အထောက် အထားမပြသနိုင်သဖြင့် ဥပဒေနှင့် အညီ သိမ်းဆည်းကာ ယာဉ်မောင်း မောင်ထွေး (၃၈ နှစ်) နောင်ကိုင် တော်ရပ်ကွက် မိုးကောင်းမြို့၊ ယာဉ် နောက်လိုက် မိုးဦး(၁၈နှစ်) စက်မှု ရပ်ကွက် မြစ်ကြီးနားမြို့နှင့် ကျွဲပိုင် ရှင်၏ ကိုယ်စားလှယ်အဖြစ် ယာဉ်ပေါ် လိုက်ပါလာသည့် ကိုကိုမောင် (၂၃ နှစ်) မြဇေယျာရပ်ကွက် ဆားမော် ကျေးရွာအုပ်စု မိုးကောင်းမြို့နယ် နေသူတို့အား မြစ်ကြီးနားမြို့ အမှတ် (၂) ရဲစခန်းက အမှုဖွင့်အရေးယူ ထားကြောင်း သိရှိရသည်။ (ဝ၆၂)

မိတ္ထီလာတွင် ကြက်သွန်နီလှိုင်လှိုင်ပေါ်၍ ရောင်းအားကောင်း

မိတ္ထီလာ ဧပြီ ၂၁

မိတ္ထီလာတွင် ကြက်သွန်နီစိုက် တောင်သူများ ကြက်သွန်နီသီးနှံ လှိုင်လှိုင်ပေါ်ချိန်ဖြစ်၍ ရောင်းအား ကောင်းလျက်ရှိကြောင်း သိရသည်။

ကြက်သွန်နီစိုက်တာ ထီထိုးရ သလိုပဲ။ ဈေးကောင်းရတဲ့ အချိန် ဆိုရင်တော့ ရွှေဖြစ်တာပေါ့။ ခုဈေး က ပုံမှန်အနေအထားမှာပဲရှိတယ်။ သီးနှံစိုက်တောင်သူကများပြီး အပြိုင် အဆိုင်ထုတ်ရောင်းကြတာဆိုတော့ ဈေးက လက်လီလက်ကားဈေးကို တစ်ပိဿာ ငွေကျပ် ၃၀၀ နှင့် ३५० ဆိုတာ (ရယ်)အကောင်းဆုံးအရွယ် အစား ရောင်းဈေးဖြစ်နေတယ်။ အလတ်စားကြက်သွန်နီဆို တစ်ပိဿာ ငွေကျပ် ၂၀၀နှင့် ၂၅၀ ရောင်းရတယ်။ ဒါက နံနက်ပိုင်း ရပ်ကွက်ဈေးတွေမှာ ရောင်းတဲ့ဈေးဖြစ်ပါတယ်။ မိတ္ထီလာ ဗဟိုဈေးကြီးမှာဆိုရင် ဒီထက်ဈေးနှုန်း လျော့ဦးမယ်။ စိုက်ပျိုးတဲ့ တောင်သူ အတွက် အကျိုးအမြတ် မကျန်ပေမယ့် စားသုံးတဲ့သူတွေအတွက်တော့ ဈေး နှုန်းသက်သက်သာသာ ဝယ်ယူစားသုံး လို့ရတာပေါ့ဟု ပြည်သာယာရပ်ကွက် ဈေးတွင် ကြက်သွန်နီလက်ကားရောင်း ချသူ ဈေးသည်တစ်ဦးက ပြောသည်။

မိတ္ထီလာတွင် မင်းရွာ၊ ဆပ်ခင်း ပေါက်၊ ရမ်းတဲ၊ မြာ၊ ရေဝေစသည့် ကျေးရွာများမှ တောင်သူအများစု သည် ကြက်သွန်နီကို စီးပွားဖြစ် စိုက်ပျိုးလေ့ရှိပြီး မိတ္ထီလာဈေးကွက် သို့ မြင်းခြံ၊ တောင်သာ၊ မလှိုင်၊ မြစ် သား၊ ကျောက်ဆည်စသည့် ဒေသ များမှ ကြက်သွန်နီများလည်း ဝင်ရောက်ကြောင်း သိရှိရသည်။ (အောက်ပုံ) (ခရိုင်ပြန်/ဆက်)

ကလေးဗဟိုပြုချဉ်းကပ်မှု နည်းပြသင်တန်း နတ်မောက်မှ ဆရာ ဆရာမများ တက်ရောက်

နတ်မောက် ဧပြီ ၂၁

အမှတ်(၂၄)အခြေခံပညာဦးစီးဌာန (မန္တလေး) မကွေးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံး အစီအစဉ်ဖြင့် ဧပြီ ၂၂ ရက်မှ မေ ၃ ရက်အထိ အထက(၁) မကွေး၌ဖွင့်လှစ်မည့် ကလေးဗဟိုပြု ချဉ်းကပ်မှု နည်းပြသင်တန်းသို့ တက်ရောက်ရန် နတ်မောက်မြို့မှ ဆရာ ဆရာမများ မကွေးမြို့သို့ ဧပြီ ၂၁ ရက်က ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ ဆရာ ဆရာမများအား နတ်မောက်မြို့နယ် ပညာရေးမှူးရုံးသို့ ဧပြီ ၂၁ ရက် နံနက် ၈ နာရီက စုဝေးရောက်ရှိကြောင်းနှင့် သင်တန်းတက်ရောက်ရန် မကွေးသို့သွားမည့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးခင်မောင်ဆွေ(ဦးဆွေဒသနိက) နှင့် လက်ထောက်ပညာရေးမှူး နှစ်ဦး၊ အုပ်စုမှူး မူလတန်းပြ ဆရာ ဆရာမ ၄၉ ဦး စုစုပေါင်း ၅၁ ဦးအား မြို့နယ် ပညာရေးမှူး ဒေါ်ခင်ငြိမ်းယုက အမှာစကားပြောကြားပြီး နံနက် ၁၀ နာရီက ဆရာ ဆရာမများ မကွေးမြို့သို့ ထွက်ခွာ သွားကြောင်း သိရသည်။ (နတ်မောက်သား)

ပြည်တွင်းသတင်း

သရက်သီးများ ရန်ကုန်ဈေးကွက်သို့ဝင် နေပူပြင်း၍ စားသုံးသူများချိန်ဆနေ

ရန်ကုန်မြို့၏ သစ်သီးဈေးကွက်တစ်ခုဖြစ်သော ကြည့်မြင်တိုင်မြို့နယ် ဗားကရာဆိပ် သစ်သီးဒိုင်များသို့ သရက်သီးမှည့်များ စတင်ဝင်ရောက်နေပြီကို တွေ့ရသည်။

သရက်သီးအမှည့်များမှာ သင်္ကြန်မတိုင်မီရက်ပိုင်းအတွင်းက စတင်ဝင်ရောက်လျက်ရှိနေကြောင်း ၎င်းဒိုင်များကဆိုသည်။ ဝါဆိုလပြည့်ကျော်ရက်ပိုင်းအထိ အစဉ်မပြတ်ဝင်နေမည်ဖြစ်ပြီး ကဆုန်လပြည့်ကျော်သည်နှင့် အသီးများ လိုင်လိုင်ဝင်လာမည်ဖြစ်သည်။ ထိုအခါ တစ်နေ့လျှင် စက်တင်သမှန် ငါးစီး ခြောက်စီးမျှ ပုံမှန်ဝင်နေမည်ဖြစ်ကြောင်း တွံ့တေးမြို့နယ်မှ သရက်ခြံပိုင်ရှင် ဦးမင်းမင်းက ဗားကရာဆိပ်၌ သရက်သီးများလာချစဉ် ပြောပြသည်။

ယခုအချိန်၌ မန္တလေးရင်ကွဲ၊ မချစ်စုအမှည့်သီးများ စတင်ဝင်လျက်ရှိနေပြီး ရက်ခြားတစ်နေ့လျှင် စက်တင်သမှန်နှစ်စင်းမျှ ဝင်လျက်ရှိကြောင်းကို ဗားကရာသစ်သီးဒိုင်မှ သိရသည်။

ဗားကရာဆိပ်သို့ ရေလမ်းမှ အဓိကဝင်တတ်ပြီး ရန်ကုန်တိုင်းဒေသကြီး တွံ့တေးမြို့နယ်အတွင်းရှိ ဝန်းလိုင်၊ ဂက်တန်း၊ တာလဝေါကျေးရွာ ခြံထွက်အသီးများ အများအပြား ဝင်လျက်ရှိသည်။

စက်တင်သမှန် တစ်စင်းလျှင် မန္တလေးရင်ကွဲအသီးအကြီး၊ အလတ်၊ အသေးရှယ်စုံ အလုံး ၈၀၀၀ ခန့် ဝါတတ်ပြီး မချစ်စုအသီးဆိုဝါက အကြီး၊ အလတ်၊ အသေးအလုံး ၆၀၀၀ ခန့် ဝါတတ်ကြောင်း ဦးမင်းမင်းက ဆိုသည်။

ဝေါ်ဦးဝေါ်ဖျား ရောင်းဈေးဖြစ်၍ မန္တလေးရင်ကွဲ အမှည့်အလုံးလုလု အကြီးတစ်လုံးလျှင် ငွေကျပ် ၂၀၀-၂၅၀၊ အလတ်တစ်လုံးလျှင် ငွေကျပ် ၁၀၀-၁၅၀၊ အသေးတစ်လုံးလျှင် ငွေကျပ် ၈၀-၁၀၀ ရှိနေပြီး မချစ်စုအစိမ်း အလုံးအကြီးတစ်လုံးလျှင် ငွေကျပ် ၃၅၀-၄၀၀၊ အလတ်တစ်လုံးလျှင် ငွေကျပ် ၃၀၀-၃၅၀၊ အသေးတစ်လုံးလျှင် ငွေကျပ် ၃၀၀ ဈေးရှိနေကြောင်း သိရသည်။

ပေါ်ဦးဝေါ်စဖြစ်သော်လည်း ဝယ်သူတို့က ဈေးမဝေးသည်အတွက် အရောင်းအဝယ်မတွင်သေးကြောင်းကိုလည်း လက်လီရောင်းသော ဈေးသည်များထံမှ ကြားသိရသည်။

"အသီးထဲမှာ သရက်သီးကိုတော့ အကြိုက်ဆုံးပဲ၊ စားလည်းစားတယ်။ ဒါပေမယ့် ဒီနှစ်က အပူပြင်းလွန်းတော့ စားဖို့ချိန်ဆနေရတယ်။ မိုးလေးတစ်ပြိုက်လောက်ရွာပြီးရင်တော့ ရဲရဲစားရဲပြီ။ အရင်နှစ်တွေကလဲ ထမင်းစားပြီးရင် အချိုတည်းနေကြပဲ" ဟု စားသုံးသူတစ်ဦးကလည်း သူ့အမြင်ကို ပြောပြပါသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးပေါ် ဖုန်းနံပါတ်များနှင့် ပြည်သူတို့၏နစ်နာချက်များ တိုင်ကြားနိုင်သော ဖုန်းနံပါတ်များ ထုတ်ပြန်ကြေညာ

နေပြည်တော် ဧပြီ ၂၁

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပြည်သူတို့၏ လုံခြုံရေးအား ကူညီဆောင်ရွက်ရန်နှင့် ပြည်သူလူထုမှ ဝိုင်းဝန်းကူညီရန်အတွက် ထူးခြားဖြစ်စဉ်သတင်းများ၊ ပြည်သူလူထု၏နစ်နာချက်များ၊ ရဲတပ်ဖွဲ့များ၏ ဥပဒေနှင့် ညီညွတ်မှုမရှိသော ဆောင်ရွက်ချက်များ၊ လုပ်ပိုင်ခွင့် အလွဲသုံးစားပြုလုပ်မှုများ၊ အဂတိလိုက်စားမှုများနှင့် ဝတ်သက်၍ တိုင်ကြားနိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များတွင် အရေးပေါ် Hot Line ဖုန်းနံပါတ် ၁၉၉ တယ်လီဖုန်းများ၊ အော်တိုတယ်လီဖုန်းများ တပ်ဆင်ပေးထားကြောင်း သိရှိရသည်။

အဆိုပါ ဖုန်းနံပါတ်များအား အများပြည်သူတို့ သိရှိဆက်သွယ်နိုင်ကြောင်းနှင့် ၎င်းဖုန်းများသို့ ဆူပူမှု၊ နှောင့်ယှက်မှုများ မပြုလုပ်ကြပါရန်လည်း မေတ္တာရပ်ခံထားကြောင်း။

အရေးပေါ် Hot Line တယ်လီဖုန်းအမှတ် ၁၉၉ တပ်ဆင်ထားသော ရဲတပ်ဖွဲ့များမှာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၊ နေပြည်တော် ရဲတပ်ဖွဲ့၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့များ၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့များဖြစ်ကြပြီး ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့တွင် အရှေ့ပိုင်း၊ အနောက်ပိုင်း၊ တောင်ပိုင်းနှင့် မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးများတွင်လည်းကောင်း၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့တွင် အမှတ်(၁)ရဲတပ်ဖွဲ့စခန်း၊ တောင်ကြီးမြို့ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ လားရှိုးမြို့နှင့် ကျိုင်းတုံရဲတပ်ဖွဲ့စခန်း၊ ကျိုင်းတုံမြို့တို့၌လည်းကောင်း တပ်ဆင်ထားကြောင်း သိရသည်။

ပြည်သူလူထုမှ နစ်နာချက်များ တိုင်ကြားနိုင်သော ဖုန်းနံပါတ်များမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ဖုန်း ၀၆၇-၄၁၂၂၂၂ နှင့် ၀၆၇- ၄၁၂၄၄၄၊ နေပြည်တော်ရဲတပ်ဖွဲ့ ဖုန်း ၀၆၇-၅၅၀၃၃၃၊ ကချင်ပြည်နယ်ရဲတပ်ဖွဲ့ ဖုန်း ၀၇၄-၂၁၄၄၄၊ ကရင်ပြည်နယ်ရဲတပ်ဖွဲ့ ဖုန်း ၀၅၈-၂၃၃၅၅၊ စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ ဖုန်း ၀၇၁-၂၄၉၉၆၊ တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့ ဖုန်း-၀၅၉-၂၃၉၉၈၊ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ဖုန်း ၀၅၂-၂၃၉၉၉၊ မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ဖုန်း-၀၆၃-၂၈၀၉၉၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ဖုန်း ၀၂-၆၁၀၄၄၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့ ဖုန်း ၀၅၇-၂၄၉၈၇၊ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ ဖုန်း ၀၄၃-၂၂၈၃၃၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ဖုန်း ၀၁-၂၃၀၂၁၉၉၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ ဖုန်း ၀၈၁-၂၁၂၅၄၅၅၊ ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့ ဖုန်း-၀၄၂-၂၃၈၄၄ တို့ ဖြစ်ကြသည်။

(သတင်းစဉ်)

စစ်တွေ သာသနာ့နုဂ္ဂဟလူငယ်ဓမ္မရိပ်သာ သင်တန်းဆင်း

စစ်တွေ ဧပြီ ၂၁

စစ်တွေမြို့နယ် သာသနာ့နုဂ္ဂဟအသင်းမှ ကြီးမှူးကျင်းပသည့် ဓမ္မရိပ်သာသင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၁၆ ရက် ညနေ ၃ နာရီက စစ်တွေမြို့ လောကနန္ဒာစေတီတော်၌ ကျင်းပခဲ့သည်။ သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဗဟိုသံဃာ့ဝန်ဆောင် မဏိရတနာဆရာတော်နှင့် ဆရာတော်ကြီးများကကြွရောက် ချီးမြှင့်တော်မခဲ့ကြောင်း သိရသည်။ မဏိရတနာဆရာတော်က ဩဝါဒကထာချီးမြှင့်တော်မူပြီး သင်တန်းဖွင့်လှစ်မှုအတွေ့အကြုံနှင့် ရည်ရွယ်ချက်များကို မြို့နယ်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးကောင်းစံရှိုက ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းကို ဧပြီ ၁၀ ရက်မှ ၁၆ ရက်အထိ မြို့နယ်သာသနာ့နုဂ္ဂဟအသင်းနှင့် ရှင်တစ်ထောင်ဆရာတော် ခေမာဝံသတို့က ကြီးမှူးဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး အသက် ၁၂ နှစ်မှ ၁၅ နှစ်အထိ သင်တန်းသား သင်တန်းသူ ၆၀၊ အသက် ၁၆ နှစ်နှင့်အထက် သင်တန်းသား သင်တန်းသူ ၂၂ ဦး တက်ရောက်ခဲ့ကြသည်။

ကဆွပမိဒီယာ

ဓမ္မရာဇိကစေတီတော် တည်ဆောက်ရေး ပါဝင်လှူဒါန်းနိုင်

မိုးကောင်း ဧပြီ ၂၁

သာသနာနှစ် ၂၆၀၀ ပြည့်မြောက်သည့် အထိမ်းအမှတ်အဖြစ် မိုးကောင်းမြို့နယ် ဝင်းဘောကျေးရွာအုပ်စု ဓမ္မသုခကျောင်းတိုက်ဆရာတော် ဒေါက်တာ အရှင်ကောဝိဒ ကြီးမှူးဦးဆောင်၍ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသရာဇဂြိုဟ်မြို့မှ ပင့်ဆောင်လာသော မြတ်ဗုဒ္ဓ၏ဓာတ်တော် ကိန်းဝပ်အဝှဖော်ခံမည့် ဓမ္မရာဇိကစေတီတော်ကို ဝင်းဘောကျေးရွာအုပ်စု ဓမ္မခကန်းမြင့်၌ စတင်တည်ထားတော်မူလျက်ရှိရာ သဒ္ဓါကြည်လင် ဝါရမီရှင်များအနေဖြင့် ဆရာတော်ဒေါက်တာအရှင်ကောဝိဒ ဖုန်း-၀၉-၄၉၂၇၈၄၁၇ နှင့် ၀၇၄-၆၆၀၂၄ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၀၆၂)

မြန်မာ့အလင်း

စာတည်းထံပေးစာများ

လမ်းပိတ်ဆို့ခြင်း ကြပ်မတ်ပေးပေလို

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သုတလမ်းနှင့် (၅)လမ်းထောင့်ရှိ အိမ်တစ်အိမ်သည် ရေမြောင်းကိုခုဆောက်၍ အငှားချထားပြီး ဖိနပ်လုပ်ငန်းများကို လမ်းပေါ်တွင်လုပ်ကိုင်ခြင်း၊ လိုင်စင်မဲ့ ဆိုက်ကားများ၊ ကျူးကျော်ဈေးသည်များ၊ တဲထိုးပြီးဗင်ဂျို(ကတ်)လောင်းကစားဝိုင်းကို နံနက်မှ မိုးချုပ်သည်အထိ နေ့စဉ်ပြုလုပ်နေခြင်း၊ လောင်းကစားဝိုင်းသို့လာသော စက်ဘီး၊ ဆိုက်ကား၊ ဆိုင်ကယ်များ လမ်းအတွင်း ပိတ်ဆို့ရပ်ထားခြင်းကြောင့် လမ်းသူ၊ လမ်းသားများ သွားလာရေးအခက်အခဲနှင့်ကြုံတွေ့နေရသည့်အပြင် အရေးပေါ်ယာဉ်များ ဝင်၊ ထွက်ရန် လမ်းပိတ်ဆို့နေခြင်းတို့ကြောင့် အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ/သားများ

ဆန်စက်ကြောင့် ကျန်းမာရေးစိုးရိမ်နေရ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် မော်ဘီကျေးရွာရှိ ဟာလာဆန်စက်လည်ပတ်ခြင်းကြောင့် ဆူညံခြင်း၊ ဖုန်မှုန့်များ ဝတ်ဝန်းကျင်သို့ ပျံ့နှံ့နေခြင်း၊ အဆိုပါဆန်စက်သည် ဂက်စ်နှင့်လည်ပတ်သောကြောင့် ဂက်စ်ငွေ့နှင့် ဂက်စ်ပြာများ ချောင်းများအတွင်းသို့စီးဝင်သဖြင့် သုံးရေ၊ ချိုးရေအဖြစ် အသုံးပြုနေသော ဒေသခံများ ကျန်းမာရေးထိခိုက်ရပါသောကြောင့် အဆိုပါဆန်စက်ကို အခြားနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ဒေသခံများ

မီးဘေးအန္တရာယ် စိုးရိမ်နေရ

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်စည်ပင်သာယာရုံး၏ နောက်ဘေးဘက်ဝင်းအတွင်းရှိ ခနိမိုးတဲများ၊ စည်ပင်သာယာရုံး၏ နောက်ဘေးလမ်းကြားထဲရှိ အမှိုက်ပုံများ၊ နောက်ဘေးလမ်းကြား၏ မလှကုန်းလမ်းဘက် အဝင်အထွက်အဝေါက်ကိုလည်း ကိုယ်ပိုင်မြေကဲ့သို့ ကိုယ်ပိုင်တိုက်မှ အဖီချ အခန်းဖွဲ့ထားခြင်း၊ လမ်းကြားထိပ်ကို အလုံပိတ်ကာရံထားခြင်းကြောင့် မီးဘေး စိုးရိမ်ရပါ၍ သက်ဆိုင်ရာမှ ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

စိုးရိမ်သူ

ပုံကျဈေးသည်များ ဖယ်ရှားပေးပါ

တွံ့တေးမြို့နယ် အန်းဝင်အုပ်စုရပ်ကွက် နဝဒေးအထက်လမ်းရှိ ပုံကျဈေးသည်များသည် လမ်းဘေးဝဲယာ ပိတ်ဆို့ရောင်းချနေသောကြောင့် ရဟန်းရှင်လူနှင့် ပြည်သူများ သွားလာရေးခက်ခဲနေမှုနှင့် မီးဘေးအန္တရာယ်ကျရောက်မည်ကို စိုးရိမ်နေရပါသောကြောင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

ကြော်လှော်နံ့ကြောင့် ကျန်းမာရေးထိခိုက်

မန္တလေးမြို့ အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာအုပ်စု စွယ်တော်ဘုရားတောင်ဘက် ရွာတောလေးကျေးရွာရှိ အကြော်အလှော်ဆိုင်သည် နေ့စဉ်နေ့တိုင်း အာလူးနှင့် ငရုတ်သီးများကို စီးပွားဖြစ် ကြော်လှော်ဖုန့်ဖြူးလုပ်ကိုင်နေရာ ဝတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် ၎င်းအကြော်အလှော်လုပ်ငန်းကို သင့်တော်သောနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ကျေးရွာသူ ကျေးရွာသားများ

ညောင်ဦးမြို့နယ် ယဉ်ဆန်းကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

ညောင်ဦး ဧပြီ ၂၁

ညောင်ဦးမြို့နယ် ယဉ်ဆန်းကျေးရွာတွင် ဧပြီ ၂၀ ရက် မွန်းလွဲ ၁ နာရီက မီးလောင်မှုတစ်ခု ဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်မှုမှာ ညောင်ဦးမြို့နယ် ယဉ်ဆန်းကျေးရွာနေ ဒေါ်ကြဲ အသက် (၅၅ နှစ်)အိမ်မှ စတင်မီးလောင်ခဲ့ပြီး လူနေအိမ်ခြေဝေါင်း ၁၉ လုံး၊ နွားစာဂိုဒေါင်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။ (အောက်ပုံ)

မီးလောင်ရာသို့ သန္ဓေမီးသတ်တပ်ဖွဲ့၊ မီးသတ်ယာဉ်နှစ်စီး၊ သစ်တောဦးစီးဌာနမှ ရေသယ်ယာဉ်တစ်စီး၊ မြို့နယ်စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ မီးသတ်ရေယာဉ်တစ်စီးနှင့် ကျေးရွာသူ ကျေးရွာသားများဝိုင်းဝန်း၍ ဝိုင်းဝန်းငြိမ်းသတ်ရာ နှစ်နာရီအကြာတွင် မီးငြိမ်းသွားခဲ့သည်။ မီးဘေးသင့်ခံရသူများအတွက် ကယ်ဆယ်ရေးစခန်းကို ဆတောင်းပြည့်မော်ရုံဝင်းအတွင်း ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိကြောင်း သိရှိရသည်။

ဦးကျော်ဋ္ဌေး

ပြည်တွင်းသတင်း

(၆)ကြိမ်မြောက် စုပေါင်းဒုလ္လဘ ရဟန်းခံပွဲ၊ သီလရှင်ဝတ်ပွဲနှင့် တရားစခန်းပွဲကြီးကျင်းပ

ပျဉ်းမနား ဧပြီ ၂၁

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ပန်းခင်းကွက်သစ် ဘုရားကြီးတောရကျောင်းတိုက် ရွှေပြည်အေး မဟာစည်သာသနာ့ရိပ်သာ ပဓာန နာယက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တဓမ္မပါလ မထေရ်မြတ်သည် နှစ်စဉ်မပျက် ကျင်းပလျက်ရှိသော ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၊ ကုမ္ပဏီအသီးသီးမှ ဝန်ထမ်းများ၊ ၄င်းတို့၏ မိသားစုဝင်များစုပေါင်း၍ ဒုလ္လဘရဟန်းခံပွဲ၊ သာသနာ့နွယ်ဝင် သီလရှင်ဝတ်ပွဲနှင့် မဟာစည်ဝိပဿနာ အလုပ်ပေး တရားစခန်းပွဲကြီးကို ဧပြီ ၁၃ ရက် မှ ၂၁ ရက်အထိ ခြောက်ကြိမ်မြောက် ကျင်းပလျက်ရှိသည်။

အဆိုပါ ဒုလ္လဘရဟန်းခံပွဲနှင့် တရားစခန်းပွဲကြီးကို ဧပြီ ၁၃ ရက် ညနေ ၄ နာရီကကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေး ကက်ရောက်၍ ပရိက္ခရာရှစ်ပါး ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ဒုလ္လဘရဟန်းယောဂီ ၄၈ ပါး၊ သာသနာ့နွယ်ဝင်သီလရှင်ယောဂီ ၁၁ ပါး၊ အမျိုးသမီး ယောဂီ ၆၇ ဦး စုစုပေါင်း ၁၂၆ ပါးတို့ တရားအားထုတ်ကြကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

မိတ္ထီလာမြို့ကယ်ဆယ်ရေးစခန်းများရှိ မိသားစုများအတွက် အလှူရှင်များလှူဒါန်းလျက်ရှိ

မိတ္ထီလာ ဧပြီ ၂၁

မိတ္ထီလာမြို့၌ ယာယီဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများရှိ ဒုက္ခသည်မိသားစုများအတွက် အလှူငွေနှင့် ပစ္စည်းများကို လာရောက်လှူဒါန်းလျက်ရှိကြရာ ရန်ကုန်မြို့ ဦးစိန်မောင် မိသားစုက ခေါက်ဆွဲခြောက်ထုပ် ၉၀၀၀၊ ရေသန့်တစ်ထီတာဘူး ၆၀၀၀၊ Pact Myanmar က ငါးပိ ပိဿာ ၂၅၅၀၊ ရန်ကုန်မြို့ စေတနာရှင်လူငယ်များအဖွဲ့က ခေါက်ဆွဲခြောက်ထုပ် ၃၀၀၀၊ ကော်ဖီမစ်ထုပ် ၁၈၆၀၊ ငါးသေတ္တာ ၂၈၈ ဘူး၊ မုန့်ကြွပ်လေးဖာ၊ လုံချည်အထည် ၂၀၀၊ မလေးရှားရောက် Bang Seng Lee စက်ရုံဝန်ထမ်းမိသားစုများက ငွေကျပ် လေးသိန်းငါးသောင်းနှင့် အဝတ်အထည်သုံးအိတ်တို့ကို လာရောက်လှူဒါန်းခဲ့ကြသည်။ ဧပြီ ၂၁ ရက်က လှူဒါန်းရရှိငွေကျပ် ၁၃၂၉၁၅၀၀၀ နှင့် လက်ခံရရှိသည့် ထောက်ပံ့ရေးပစ္စည်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၁၂၆၆၉၉၀ ရှိကြောင်း သတင်းရရှိသည်။

(ခရိုင် ပြန်/ဆက်)

ရမည်းသင်းမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုးသောက်သုံးရေကန်တူး

ရမည်းသင်း ဧပြီ ၂၁

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရပ်ကွက်/ကျေးရွာများရှိ ကန်များမှာ ယခင်နှစ်က မိုးကောင်းစွာမရွာသွန်း၍ မိုးခေါင်ခဲ့မှုကြောင့် ကန်များကို ရေဝင်ရောက်မှုနည်းပါးခဲ့သည်။ ရှိသောရေမှာလည်း နေအပူရှိန်ပြင်းထန်မှုကြောင့် ရေများတစ်နေ့ထက်တစ်နေ့ ခန်းခြောက်ခဲ့ရသဖြင့် ကျေးလက်ဒေသများ သောက်သုံးရေရှားပါးခဲ့သည်။

စတင်ဆောင်ရွက်

သို့ဖြစ်၍ ရမည်းသင်းမြို့နယ် ကျောင်းဖြူကုန်းကျေးရွာရှိ ပြည်တော်သာရေကန်ကြီးမှာ ပြန်လည်မတူးဖော်နိုင်ခဲ့သည်မှာ နှစ်များကြာခဲ့ပြီဖြစ်၍ ကန်အတွင်း ရေများခန်းခြောက်ပြီး ကန်တိမ်တောခဲ့သဖြင့် ကျေးရွာဆရာတော်နှင့်လူမှုရေးအဖွဲ့က ဦးဆောင်ပြီး စေတနာရှင်များ၏ ကောင်းမှုဖြင့် ဧပြီ ၁၉ ရက်မှ စတင်ကာ ကန်တူးဖော်ခြင်းလုပ်ငန်းကို အလှူငွေကျပ် ၂၅ သိန်းဖြင့် မြေတူးစက်တစ်စီး၊ မြေသယ်ယာဉ် ငါးစီးတို့ဖြင့် စတင်ဆောင်ရွက် လုပ်ကိုင်နေပြီဖြစ်သည်။ **(ဓါတ်ပုံ)**

အဆိုပါ ကိုယ့်အားကိုယ်ကိုး ကျေးလက်ရေကန်ပြီးစီးသွားပါက အိမ်ခြေ ၁၈၀ နှင့် လူဦးရေ ၂၀၀၀ ခန့်တို့ သောက်သုံးရေများ ရရှိသွားကြမည်ဖြစ်၍ ကျေးလက်ပြည်သူများ ဝမ်းသာလျက်ရှိသည်။

(၀၁၁)

ပဲခူးဥဿာမြို့သစ်၌ အခမဲ့ဓာတ်ခွဲကုသပေး

ပဲခူး ဧပြီ ၂၁

ပဲခူးမြို့ ဥဿာမြို့သစ် (၁၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအနီးရှိ မြက်ခြေတော စေတနာ အခမဲ့ဆေးခန်း၌ **(အောက်ပုံ)** ဧပြီ ၂၁ ရက်မှ ၂၃ ရက်အထိ လည်ပင်းကြီးရောဂါ၊ မျက်စိရောဂါ၊ မုတ်ရောဂါများကို ခွဲစိတ်အထူးကုပါရဂူ ဒေါက်တာဓာဆိုင်မွန်ဇော် ဦးဆောင်သော ခွဲစိတ်ပါရဂူအဖွဲ့က တာဝန်ယူ၍ ကုသပေးပြီး ဆေးဝါးကုသမှုကုန်ကျစရိတ်အားလုံးကို မြတ်မေတ္တာစေတနာ အခမဲ့ဆေးခန်းအဖွဲ့ဥက္ကဋ္ဌဦးစီးသော ဆရာဇောဆေးဟယ်တို့အဖွဲ့က တာဝန်ယူမည်ဖြစ်ကြောင်း အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးကျော်ပိုင်က ပြောပြပြီး အနယ်နယ်အရပ်ရပ်မှ စည်းသူမဆို အခမဲ့ခွဲစိတ်ကုသမှုအားခံယူနိုင်ကြောင်း သိရှိရသည်။

နိုးဝင်း(ပဲခူး)

ဒိန်းဒေါင်းကို ဆီတင်ဘောက်ဆာကားဝင်ချိတ်မိ၍ ဒိန်းဒေါင်းကားပေါ်မှ ခရီးသည်တစ်ဦး သေဆုံး

ကျောင်းကုန်း ဧပြီ ၂၁

ကျောင်းကုန်းမြို့နယ် ရန်ကုန်-ပုသိမ်ကားလမ်းမိုင်တိုင်အမှတ် ၇၂/၁ နှင့် ၇၂/၂ အကြား မကျီးကုန်းကျေးရွာအနီး၌ ဧပြီ ၁၄ ရက် ည ၇ နာရီခန့်တွင် အဝစုကျေးရွာမှ ကျောင်းကုန်းကျေးရွာသို့ ယာဉ်မောင်း အောင်သိန်း မောင်းနှင်လာသော ဒိန်းဒေါင်းကားသည် ရှေ့က ယာဉ်မောင်းအောင်ကျော်သူ (၃၁ နှစ်) ပခုက္ကူမြို့နေသူ မောင်းနှင်လာသော ဆီဘောက်ဆာ ၉ခ/.. ယာဉ်ကိုတွေ့၍ လမ်းဘေးချမောင်းလာစဉ် ၄င်းဆီဘောက်ဆာကားမှ ဝင်ရောက်ချိတ်မိသွားပြီး ဒိန်းဒေါင်းကားပေါ်လိုက်ပါလာသူ ကျော်ဖြိုးဝေ(ခ) ကျော်ကြီး (၃၅ နှစ်)ကျောင်းကုန်းမြို့နေသူသည်ရရှိသည်ဒဏ်ရာများဖြင့် သေဆုံးသွားသည်။ မသဇင်ဝေ(၂၁ နှစ်) ကျောင်းကုန်းနေသူပါ ခရီးသည်သုံးဦး ထိခိုက်ဒဏ်ရာများရရှိသွားကြသဖြင့် ဒုရဲအုပ် ကျော်ကျော်ဦး၏ တိုင်တန်းချက်အရ ကျောင်းကုန်းရဲစခန်းက အမှုဖွင့်၍ တရားခံယာဉ်မောင်း အောင်ကျော်သူအား ဖမ်းဆီးအရေးယူထားရှိကြောင်း သိရသည်။ **(ပုသိမ်လှကြည်)**

သနပ်ခါးမစစ်လျှင် ရောင်းခွင့်မပြုသည့် သနပ်ခါးဈေး

ပခုက္ကူ ဧပြီ ၂၁

ပခုက္ကူမြို့ အမှတ်(၈) ရပ်ကွက်အတွင်းရှိ ယခင်အရပ်အခေါ် ဘုရားမယ ဘုန်းတော်ကြီးကျောင်းဝိုင်း ယခုပန်းစွာတိုက်ကျောင်းဝိုင်း သနပ်ခါးဈေးသည် **(အောက်ပုံ)** အရွယ်စုံပေါ်များလှသည် မြန်မာ့ရိုးရာ သနပ်ခါးစစ်စစ်များကို မြန်မာနိုင်ငံအရပ်ရပ်သို့ လက်လီလက်ကားရောင်းချခြင်းဖြင့် ဒေသတွင်း နာမည်ကျော်ကြားလှသည်။

အဆိုပါ သနပ်ခါးဈေးသို့ မြိုင်၊ ပေါက်၊ ကျောက်ဆောင်၊ ရှင်မတောင် စသည့်ဒေသများမှ အဓိကလာရောက်ရောင်းချကြခြင်းဖြစ်ကြောင်း၊ သနပ်ခါးမစစ်လျှင် အဆိုပါ သနပ်ခါးဈေးသို့ ရောင်းချခွင့်မပြုကြောင်း၊ ဥပဒေအရ အရေးယူမည်ဟု အသိပေးထားကြောင်း သိရှိရသည်။

"ဒီသနပ်ခါးဈေးက ဒီနေရာမှာ ဖွင့်တာ ၁၅ နှစ်လောက်ရှိပြီ။ အပွေးအခေါက် အထူအပါးပေါ်မှာလည်း ဈေးနှုန်းကွာခြားချက်တွေ ရှိနိုင်ပါတယ်။ ဖောက်သည်လက်ကား ဝယ်ယူတာက လက်လီဝယ်ယူတာထက် ဈေးပိုသက်သာပါတယ်။ သနပ်ခါးမစစ်မှာမပူရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီဈေးဒီနေရာကို သနပ်ခါးလာရောင်းတော့မယ်ဆိုကတည်းက သနပ်ခါးစစ်စစ်ကိုသာ ရောင်းချပါမယ်ဆိုတဲ့ အကြောင်း ကျောင်းထိုင်ဆရာတော်ကြီးကို သေသေချာချာလျှောက်ထားရလို့ပါ။ သနပ်ခါး လာရောက်ရောင်းချသူတွေနဲ့ ဝယ်ယူသူတွေ ဘယ်လောက်များပြားတယ်ဆိုတာ လက်တွေ့မြင်နေရတဲ့ အတိုင်းပါပဲ" ဟု သနပ်ခါးကုန်သည်တစ်ဦးက ရှင်းပြခဲ့သည်။

မင်းမင်းဇော်(ကလေး)

WY စတန်းဝါ ဝန်းငရောင်စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

မိုးကောက် ဧပြီ ၂၁

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးကောက်မြို့အဝင် ကွန်ကရစ်တံတားအနီးတွင် ဗန်းမော်မှုခင်း (အထူး)တပ်ဖွဲ့နှင့် မိုးကောက်ရဲတပ်ဖွဲ့စခန်းမှူးတို့က ဆိုင်ကယ်စီးလာသူတစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဗန်းမော်မှုခင်း(အထူး)အဖွဲ့ မိုးကောက်လုပ်ရှားမှု ရဲအုပ် အောင်ကိုနိုင်နှင့် တပ်ဖွဲ့ဝင်များ မိုးကောက်ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ် ဟန်မျှော်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် မိုးကောက်မြို့အဝင် ကွန်ကရစ်တံတားအနီးတွင် ဧပြီ ၁၉ ရက် ညနေ ၄ နာရီက လှည့်ကင်းမှ ဗန်းမော်သို့ မောင်းနှင်လာသော မော်တော်ယာဉ်များနှင့် ဆိုင်ကယ်များအား ရပ်တန့်စစ်ဆေးလျက်ရှိရာ ကိုးမြင့်သောင်း(ခ)သားကြီး စီးနင်းလာသော FEKON-125 အနက်ရောင် ဆိုင်ကယ်ကို မသင်္ကာ၍ မိုးကောက်ရဲစခန်းသို့ ခေါ်ဆောင်ပြီး သက်သေများရှေ့တွင် ရှာဖွေရာ ဆိုင်ကယ်ရှေ့ခုံကြားတွင် ညှပ်ထားသော ဆာလာအိတ်အတွင်းရှိ QUAN JIA စာတန်းပါ အစိမ်းရောင် ဆပ်ပြာမှုန့်ထုပ်အတွင်းမှ အပြာရောင်ကော်ဇွာအိတ်တစ်အိတ်တွင် WY စာတန်းပါ ပန်းရောင်စိတ်ကြွ ရူးသွပ်ဆေးပြား ၂၀၀ စီပါ အထုပ် ၂၀ စုစုပေါင်း ဆေးပြား ၄၀၀၀၊ အလေးချိန် ၄၀၀ ဂရမ်ခန့်နှင့် QUAN JIA စာတန်းပါ အစိမ်းရောင်ဆပ်ပြာမှုန့်ထုပ်အတွင်းမှ အပြာရောင်ကော်ဇွာအိတ်တစ်အိတ်တွင် 88/1 စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ လေးထုပ် (ပြား ၈၀၀) ဆေးပြား ၁၅၀ ပါ တစ်ထုပ် စုစုပေါင်း ဆေးပြား ၉၅၀၊ အလေးချိန် ၉၅ ဂရမ်ခန့် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၄၉၅၀၊ အလေးချိန် ၄၉၅ ဂရမ်ခန့်ကို ရှာဖွေတွေ့ရှိ ဖမ်းဆီးရမိသဖြင့် ကိုးမြင့်သောင်း(ခ)သားကြီး ဗန်းမော်မြို့နေသူ **(အောက်ပုံ)**အား မိုးကောက်ရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဆီမီးခုံ-နမ်းရီ**

မီးကြွင်းမီးကျန် မထားရန် ကျင့်ကြံသတိအမြဲရှိ

စစ်တွေမြို့မှ တစ်ကိုယ်တော်စက်ဘီးသမားအဘိုးအို ဦးပြုံးနှင့်တွေ့ဆုံခြင်း

အမေးအဖြေ - လေးဝတီထွန်းစောနိုင်

ရခိုင်ပြည်နယ် စစ်တွေမြို့မှ အသက် ၈၆ နှစ်ရှိ တစ်ကိုယ်တော် စက်ဘီးသမားအဘိုးအိုဦးပြုံး၏ စက်ဘီးစီးအတွေ့အကြုံနှင့် ရင်းလင်းပွဲကို ၂၀၁၃ ခု ဧပြီ ၂၀ ရက် နံနက် ၉ နာရီက စစ်တွေမြို့ ခိုင်သဇင်ပန်းခြံရှိ (501)ခန်းမ၌ ကျင်းပရာ စာရေးသူကိုယ်တိုင်သွားရောက်ပြီး တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

မေး ။ ။ အဘိုး အခုအသက်ဘယ်လောက်ရှိပါပြီလဲ။

ဦးပြုံး ။ ။ ၈၆ နှစ်ရှိပါပြီ။ ၂၀၁၃ ခုနှစ် ဩဂုတ်လမှာ ၈၇ နှစ်တက်မှာပါ။

မေး ။ ။ အဘိုးငယ်စဉ်ကစပြီး စက်ဘီးပြိုင်ပွဲဝင်လာတာလား။ ဘယ်အချိန်ကစပြီး ခရီးစက်ဘီးစီးပြီး လှုပ်ရှားလာတာပါလဲ။

ဦးပြုံး ။ ။ အဘိုးငယ်ငယ်တုန်းကတော့ စက်ဘီးသမားမဟုတ်ပါဘူး။ ကျောင်းသားဘဝတုန်းကတော့ အပြေးလေ့ကျင့်ခဲ့ပါတယ်။ မှတ်မှတ်ရရပြောရရင်တော့ ၁၉၄၇ မှ ၁၉၅၅ ထိ စစ်တွေမှာ ကျင်းပခဲ့တဲ့ မီတာ ၁၀၀၊ မီတာ၂၀၀ ပြိုင်ပွဲတွေမှာ ပထမဆုကိုဆက်တိုက်ရရှိခဲ့ပါတယ်။ စက်ဘီးကတော့အမြဲစီးတတ်ပေမယ့် ခရီးစက်ဘီးစီးလှုပ်ရှားမှုတွေကို ၂၀၀၀ပြည့်နှစ်ကစပြီးလှုပ်ရှားခဲ့တာပါ။

မေး ။ ။ ဘာဖြစ်လို့ ခရီးလှုပ်ရှားဖို့ အတွေးတွေ ပေါ်လာတာပါလဲ။

ဦးပြုံး ။ ။ ကျေးဇူးတရားတွေကို ဂုဏ်ပြုချင်လို့ပါ။ ၂၀၀၀ ပြည့်နှစ်မှာ ရန်ကုန်-စစ်တွေလမ်းဖွင့်ပါတယ်။ ဒီလမ်းကို အဘိုးတို့ အိပ်မက်တောင်မမက်ခဲ့ပါဘူး။ ဒါပေမယ့် နိုင်ငံတော်အစိုးရက ရန်ကုန်နှင့် စစ်တွေကို မော်တော်ကားတွေနှင့် သွားလာ၍ရအောင် ကားလမ်းဖောက်ပေးတယ်။ ဒါကျေးဇူးတရားပါပဲ။ ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနှင့် ဒီကျေးဇူးတွေကို တုံ့ပြန်ချင်တယ်၊ လေးစားချင်တယ်။ ဒါကြောင့် ၂၀၀၀ ပြည့်နှစ်မှာ ရန်ကုန်နှင့်စစ်တွေကို စပြီး စက်ဘီးစီးတာပါ။ အဲဒီတုန်းက လမ်းဖွင့်ပွဲတောင် မလုပ်ရသေးပါဘူး။

မေး ။ ။ ဘယ်နှကြိမ်ထိ စက်ဘီးစီးပြီး ပတ်ပြီးပါပြီလဲ။

ဦးပြုံး ။ ။ (၆)ကြိမ်ရှိပါပြီ။ နှစ်တွေနဲ့တွဲပြီးပြောပြပါမယ်။ ၂၀၀၀ ပြည့်နှစ်မှာ ပထမအကြိမ်(စစ်တွေနှင့် ရန်ကုန်အသွားအပြန်)၊ ၂၀၀၁-၂၀၀၂ မှာ ဒုတိယအကြိမ်(တိုင်းဒေသကြီးနှင့်ပြည်နယ် ရစ်ခုအသွားအပြန်)၊ ၂၀၀၃-၂၀၀၄ မှာ တတိယအကြိမ်၊ (မြန်မာတစ်နိုင်ငံလုံး တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခု)၊ ၂၀၀၅-၂၀၀၆ မှာ စတုတ္ထအကြိမ် (ကျောက်ဖြူ-ရန်ကုန်လမ်းမကြီး တည်ဆောက်ခြင်းအထိမ်းအမှတ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ခြောက်ခု)၊ ၂၀၀၈-၂၀၀၉ ပဉ္စမအကြိမ် (တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခု)၊ ၂၀၁၂-၂၀၁၃ ဆဋ္ဌမအကြိမ် (တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခု)။

မေး ။ ။ ယခုပြီးဆုံးခဲ့တဲ့ ဆဋ္ဌမအကြိမ်ကို ဘာရည်ရွယ်ချက်နဲ့ ဆောင်ရွက်ခဲ့တာပါလဲ။ ဘယ်နေ့စပြီး ဘယ်နေ့ဆုံးတာပါလဲ။ မိုင်ပေါင်းဘယ်လောက်ထိသွားခဲ့တာပါလဲ။

ဦးမြုံး ။ ။ ဆီးဂိမ်းကို ဂုဏ်ပြုချင်လို့ပါ။ နှစ်ပေါင်း ၄၀ ကျော်မှ တွေ့တွေ့ခြားခြား ကိုယ့်နိုင်ငံမှာ ကျင်းပခွင့်ရတဲ့ပွဲကြီးကို အများကြီးဂုဏ်ပြုချင်ပါတယ်။ အခု အဘိုး ၈၆ နှစ်ရှိပြီ။ တံတိုင်းလို ဆီးဂိမ်းကို ဂုဏ်ပြုခွင့်ရတာပါ။ (၂၇)ကြိမ်မြောက်ဆီးဂိမ်းမှာ ကိုယ်ကိုင်ပါဝင်ပြီး ဂုဏ်ပြုချင်ပါတယ်။ ပါဝင်ခွင့်ရရင်ပေါ့လေ။ ဆဋ္ဌမအကြိမ်က ၁၆-၁၂-၂၀၁၂ မှာ ကျောက်ဖြူမြို့ကစပြီး ၂၈-၃-၂၀၁၃ နေ့မှာ ကျောက်ဖြူမှာပဲဆုံးပါတယ်။ မိုင်ပေါင်း အသွားအပြန် ၃၀၀၀ ကျော်ပါတယ်။

မေး ။ ။ ခုပြီးဆုံးတဲ့ခရီးမှာ အခက်အခဲတွေရှိပါသလား။

ဖြေ ။ ။ အခက်အခဲတော့ရှိတာပေါ့။ မြို့ငယ်တွေအဆင်ပြေပါတယ်။ လိုက်လိုက်လှဲလှဲကြိုဆိုကြပါတယ်။ မြို့ကြီးတွေကျတော့ မသိချင်ယောင်ဆောင်ကြပါတယ်။ အထူးသဖြင့် ရန်ကုန်နှင့် မန္တလေးမြို့ကြီးတွေပါ။ ဦးလေးက ဆီးဂိမ်းကိုဂုဏ်ပြုနေတာပါ။ ရန်ကုန်မှာ ရခိုင်ဝန်ကြီး ဦးဇော်အေးမောင်တပဲ လိုက်လိုက်လှဲလှဲဂုဏ်ပြုကြိုဆိုတာပါ။ တောက်ပံ့မှုတွေလည်း ပြုလုပ်ပေးပါတယ်။

ပြည်ကွင်းသတင်းနှင့်ကြော်ငြာ

မေး ။ ။ ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ မှတ်တိဖြစ်မှုတွေရှိပါသလား။ ဂုဏ်ပြုမှုတွေရှိပါသလား။

ဦးပြုံး ။ ။ ရှိပါတယ်။ အသက် (၇၅) နှစ် ပထမအကြိမ်ရန်ကုန်-စစ်တွေလမ်း ဂုဏ်ပြုဆုနှင့် ပဉ္စမအကြိမ်ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့နှင့် မြန်မာနိုင်ငံအစိုးရ၏ လမ်းနှင့်တံတားများ တည်ဆောက်ပေးမှု ဂုဏ်ပြုအစီအစဉ်ဟာ ပီတိအဖြစ်ဆုံးပါပဲ။ (၆)ကြိမ်မြောက်မှာတော့ ရခိုင်သဟာယအသင်းက ဂုဏ်ပြုလက်မှတ်ပေးခဲ့ပါတယ်။ ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုက ကြံ့ခိုင်ရေးပါတီတွေက (၅)ကြိမ်ဂုဏ်ပြုလက်မှတ်ပေးခဲ့ပါတယ်။

မေး ။ ။ ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်ထိ မိုင်ပေါင်းဘယ်လောက် ခရီးပေါက်ပါပြီလဲ။

ဦးပြုံး ။ ။ ခရီးမိုင်ပေါင်း သုံးသောင်း ခြောက်တောင်ကျော်ရှိပါပြီ။

မေး ။ ။ ဘယ်အချိန်တွေမှာ စက်ဘီးစီးပြီးသွားခဲ့ပါသလဲ။

ဦးပြုံး ။ ။ နံနက် ၆ နာရီမှ ၁၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ၆ နာရီအထိတစ်ကြိမ် စက်ဘီးစီးပြီးသွားခဲ့ပါတယ်။

မေး ။ ။ အိမ်မှာနေတုန်းလေ့ကျင့်ချိန် ရှိပါသလား။

ဦးပြုံး ။ ။ တစ်နေ့ ၁၀ မိုင်လောက် စက်ဘီးစီးပြီး လေ့ကျင့်ပါတယ်။

မေး ။ ။ အဘိုးနောက်ထပ် ဂုဏ်ပြုအစီအစဉ်တွေရှိပါသလား။

ဦးပြုံး ။ ။ (၂၇)ကြိမ်မြောက် ဆီးဂိမ်းအင် နေပြည်တော်ဘက်သွားမှာပါ။ ၂၀၁၃ နိုဝင်ဘာမှစပြီး တာတွတ်မှာပါ။ စစ်တွေ-အမ်း-မကွေးကနေပြီး နေပြည်တော်အထိသွားပြီး (၂၇)ကြိမ်မြောက် ဆီးဂိမ်းကို ဂုဏ်ပြုမှာပါ။

မေး ။ ။ အဘိုးလူငယ်တွေကို ဘာပြောချင်ပါသလဲ။

ဦးပြုံး ။ ။ လူငယ်တွေကို အရက်၊ ဆေးလိပ်၊ ကွမ်းမမှီဝဲကြပါနဲ့။ ဒါတွေကို ရှောင်ကြဉ်ရင် ကျန်းမာမှာ၊ အသက်ရှည်မှာ။ အဘိုးလည်း ငယ်စဉ်တစပြီး အရက်၊ ဆေးလိပ်၊ ကွမ်းမသုံးစွဲခဲ့ပါဘူး။ လူငယ်တွေကိုလည်း အတုယူစေချင်ပါတယ်။ နောက်ပြီး မိမိနိုင်ငံတိုးတက်ရေးအတွက် ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုပါတယ်။

ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

ပဲခူး ဧပြီ ၂၁

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး (၂၅၉၅) နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကို ပဲခူးရွှေမော်ဓောစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ ကျောက်ပန်းတောင်းဓမ္မာရုံ၌ ဧပြီ ၂၀ ရက် ညနေ ၅ နာရီတွင် ကျင်းပရာ ဩဝါဒါစရိယဆရာတော်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းတင့်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုး၊ ပဲခူးမြို့ပေါ်ရှိ ဝတ်အသင်းသားအသင်းသူများနှင့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပြီး ဩဝါဒါစရိယဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီးနောက် ဝန်ကြီးချုပ် ဦးညဏ်ဝင်းက မီးခလုတ်နှိပ်၍ စေတီတော်မြတ်ကြီးအား မီးပူဇော်ခဲ့ကြောင်း သိရှိရသည်။

သန့်စင်

ယာဉ်မျိုးစုံမှ ကာဗွန်မီးခိုးအငွေ့များ စုပ်ယူပေးသည့် ကမ်းနားလမ်း အရိပ်ရသစ်ပင်များ ခုတ်လှဲခံနေရ

ရန်ကုန် ဧပြီ ၂၁

ယခုနှစ်တွင် အပူချိန်မြင့်မားရှိသာမက ခရမ်းလွန်ရောင်ခြည်ဒဏ်ပါခံစားနေရရာ နေပူချိန်အောက်တွင် အရိပ်အာဝါသ၏တန်ဖိုးကို လူအများနားလည်သဘောပေါက်နေချိန်တွင် ရန်ကုန်ကမ်းနားလမ်းမဟောင်းနှင့် အသစ်ကြား တည်ဆောက်နေသော အခမဲ့ယာဉ်ရပ်နားစကြံများတွင် သစ်ပင်ကြီးများအများအပြား ခုတ်လှဲနေရာ လမ်းမတော်မြို့နယ်အတွင်း ယာဉ်ရပ်နားရာနေရာများတွင် အပူဒဏ်ကို ပိုမိုခံစားရကြောင်း (၂)ရပ်ကွက်နေ ပြည်သူတစ်ဦးက ဆိုသည်။

တမ်းနားလမ်းတစ်လျှောက်ရှိခဲ့သော သစ်ပင်များတွင် ဂဏန်းနံပါတ်များ ချိတ်ဆွဲထားရာ ယခုအခါ ပြန်လည်စိစစ်ကြည့်လျှင် အရေအတွက်မည်မျှလျော့သွားသည်ကို မြင်တွေ့နိုင်ပါကြောင်း၊ လမ်းဘေးစကြံတိုးချဲ့တည်ဆောက်ခြင်းအတွက် မိဘပြည်သူများမှ ကူညီပါရန် ဗီနိုင်းဆိုင်းဘုတ်အနီများ တောင်တားသည်ကို မြင်တွေ့ရသကဲ့သို့ မိဘပြည်သူများ အပူဒဏ်ခံစားမှုမှ လျော့ကျရန် နှစ်ပေါင်းများစွာ စိုက်ပျိုးထားသော သစ်ပင်များကို သဘာဝဘေးဒဏ်မကျရောက်ဘဲ ခုတ်လှဲပြီး တွင်းပြင်အဖြစ် ဖန်တီးထားခြင်းမျိုး မဖြစ်သင့်ပါဟု မြို့နယ်အတွင်း နေထိုင်သူများမှ ဆိုသည်။

ယခုအခါ လမ်းများတွင် သွားလာသော ယာဉ်မျိုးစုံမှ ထုတ်လွှတ်သော ကာဗွန်မီးခိုးငွေ့များကို စုပ်ယူသကဲ့သို့ လူအများအပေါ် အရိပ်အာဝါသပေးသည် ကမ်းနားလမ်းဟောင်းဘေးရှိ သစ်ပင်ကြီးများ စီမံကိန်းလုပ်ငန်းအကြောင်းပြုခုတ်လှဲနေရခြင်းများကို ရပ်တန့်သင့်ကြောင်း၊ ရန်ကုန်မြို့တွင်း အခမဲ့ယာဉ်ရပ်နားရန် နေရာပြုလုပ်ရာတွင် ကျရောက်သော သစ်ပင်ငယ်အများစုခုတ်လှဲမခံရသည်ကို မြင်တွေ့ရသော်လည်း တမ်းနားလမ်းပေါ်ရှိ သစ်ပင်ကြီးများ၊ အရိပ်အာဝါသပေးနိုင်သည်အပင်ကြီးများ ခုတ်လှဲပြီး လုပ်ဆောင်နေခြင်းကို ပြည်သူများအပေါ် အပူဒဏ်သက်သာစေရန် အတွက် ရပ်တန့်သင့်ကြောင်း ဆိုနေသည်။

စိမ်းလန်းစိုပြည်သော ရန်ကုန်မြို့တွင် သစ်ပင်ကြီးများ အကြောင်းအမျိုးမျိုးပြခုတ်လှဲနေပါက မီးခိုးငွေ့များဖြင့် အမြဲအုပ်ဆိုင်းနေသော တမ္ဘာ့မြို့ကြီးအချို့ကဲ့သို့ ဖြစ်လာမည်ကို စိုးရိမ်ကြောင်း ပြည်သူတစ်ဦးက ဆိုသည်။

ခင်ဆိုင်

တန့်ကြည့်တောင်ဝိပဿနာရိပ်သာ(ရန်ကုန်) အကြိမ်(၄၀)မြောက် အဓိဋ္ဌာန်ပွဲဖွင့်မည်

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တောင်ဆရာတော်ကြီးသည် ရန်ကုန်မြို့သို့ကြွရောက်၍ အကြိမ်(၄၀)မြောက် သတိပဋ္ဌာန်ဝိပဿနာခုနစ်ရက် အဓိဋ္ဌာန်ပွဲကို ပထမပတ် ၂၀၁၃ ခုနှစ် မေလ ၁ရက်နေ့ ညနေမှ ၈ရက်နေ့နံနက်အထိ၊ ဒုတိယပတ် မေလ ၈ရက်နေ့ညနေမှ ၁၅ရက်နေ့ နံနက်အထိ၊ တတိယပတ် မေလ ၁၅ရက်နေ့ညနေမှ ၂၂ရက်နေ့ နံနက်အထိ ဟောကြားပြသပါမည်။ တရားအားထုတ်လိုသော ပုဂ္ဂိုလ်များသည် ရိပ်သာ ဖုန်း-၆၃၈၀၈၈ နှင့် ကပ္ပိယကာရက အဖွဲ့ဝင်များထံ ကြိုတင်စာရင်းပေးနိုင်ကြပါသည်။

သားအဖြစ်မှစွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ် ၃၈၅ နေ ကျွန်တော် ကျွန်မတို့၏သားကြီး မောင်ဗညားသည် မိဘ၊ ညီအစ်ကို၊ မောင်နှမများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပြီး ပြောဆိုဆုံးမမှုကိုလည်း လက်မခံပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

အဖ- ဦးထွေးအောင်
အမိ- ဒေါ်ရင်ရင်ရွှေ

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးသိန်းဝင်း-ဒေါ်ယဉ်ယဉ်ဝေတို့၏သား
မောင်ကျော်ကိုကိုဇင် B.Sc(Chem:) (STELLAR SHIPPING CO., LTD.)
နှင့်
ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်နေ ဦးမြင့်ဝေချို-ဒေါ်စန်းစန်းဝင်းတို့၏သမီး
မလှဲ့မွန်ဝေချို B.Sc(Chem:) (အလယ်တန်းပြ) အထက(၆) ကြည့်မြင်တိုင်
တို့သည် ၂၁-၄-၂၀၁၃ ရက်တွင် Inya Lake Hotel Elephant Room ၌ နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးမိဘများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးဝါကြောင်း။

နှစ်ဖက်မိဘများနှင့် မောင်ကျော်ကိုကိုဇင်- မလှဲ့မွန်ဝေချို

အဘိဓမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော်ကြီး၏(၃)နှစ်ပြည့်ပုံတူရုပ်တု မှုဇော်ပွဲနှင့် တတညုတ ကတဝေဒီပူဇာနိုးဆော်လွှာ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ သာသနာ့တာဝန်များကို ခန္ဓာဝန်ချသည်အထိ စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူသွားသော မကွေးမြို့၊ မဟာဝိသုတာရာမတိုက်ကြီး၏ ဦးစီးပဓာန နာယက အဘိဓမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကိုအာရုံပြု၍ (၃)နှစ်ပြည့် ပုံတူရုပ်တုပူဇော်ပွဲနှင့် ကတညုတ ကတဝေဒီ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့အား ကြည်ညိုသမှုအာရုံပြု၍ လှူဒါန်းနိုင်ပါရန် နှိုးဆော်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန်- ဦးသာသန ဖုန်း-၀၉-၅၃၄၀၄၄၉၊ ဦးထွန်းဆိုင် ဖုန်း-၀၉-၅၃၄၄၀၀၀၊ ဦးဇေယျ ဖုန်း-၀၉-၅၃၄၀၁၉၇၊ ဦးသံချောင်း ဖုန်း-၀၉-၅၃၄၀၄၁၃၊ ကရုဏာရှင်များအသင်း ဖုန်း-၀၆၃-၂၃၅၀၀၊ ၂၅၅၀၀

မွေးနေ့ဆုတောင်း

သားဦးရတနာလေး **မောင်မင်းသန့်ထွန်း**၏ ၂၂-၄-၂၀၁၃ ရက်တွင် ရောက်ရှိသည့် (၈)နှစ်ပြည့်မွေးနေ့မှစ၍ ကိုယ်စိတ်နှစ်ပါး ကျန်းမာ ချမ်းသာပါစေ။ ကိုယ်ပိုင်စွမ်းအား ဉာဏ်ကစား၍ ခွဲခြားဆုံးဖြတ်တတ်ပါစေ။ ဘဝတစ်လျှောက်လုံး သူတော်ကောင်းများနှင့်သာ တွေ့ဆုံပေါင်းသင်းရပါစေ-

ဘိုးဘိုး၊ဘွားဘွား- ဗိုလ်ကြီးသန်းကြိုင်(ငြိမ်း)- ဒေါ်မြင့်မြင့်အေး
ဖေဖေ၊မေမေ - ဗိုလ်မှူးရဲဝင်းထွန်း- ဒေါ်မော်မော်ကြိုင်(မော်ဇင်စတိုး)
လေးလေးဇင် - ဗိုလ်ကြီးဇင်မင်းကြိုင်
ညီမလေး - မနန်းရတ်ထွန်း

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရွှေပြည်သာမြို့နယ်၊ (၇)ရပ်ကွက်၊ မေတ္တာဝါဒီလမ်း၊ အမှတ် ၂၄၃/ကနေ ဦးတင်ရီ-ဒေါ်ခင်မူတို့၏သား မောင်မျိုးဇော်ဦး(ခ)မျိုးလေးအောင် ၁၂/ရပသ(နိုင်)၀၆၀၀၀၂သည် မိဘကို အကြိမ်ကြိမ်စိတ်ဆင်းရဲခြင်းများစွာ ဒုက္ခပေးနေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောင်ဖြစ်ပေါ်လာသော ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိရှိရန် ကြေညာအပ်ပါသည်။ (**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**)

ဦးတင်ရီ-ဒေါ်ခင်မူ

အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ ဝဇီယာ ၄လမ်း၊ အမှတ် ၃၁၃ နေ ဦးစိုးဝင်း-ဒေါ်ခင်သိန်းမြင့်တို့၏သား မောင်ညီညီထွန်းသည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါ၍ ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**)

ဦးစိုးဝင်း N/OKA-၀၃၄၇၆၆
ဒေါ်ခင်သိန်းမြင့် ၁၂/ဥကမ(နိုင်)၀၃၇၂၉၀

နိုင်ငံတကာအားကစားသတင်း

ရင်ခုန်ရဦးမယ့်ချန်ပီယံလိဂ် အကြိုဖိုင်နယ်လုပွဲပထမအကျော့

ပရိသတ်တွေမျှော်လင့်စောင့်စားနေတဲ့ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲတွေကတော့ ၂၃ ရက်နဲ့ ၂၄ ရက်တွေမှာ အပြင်းအထန်ဆင်နွှဲကြပါတော့မယ်။ ရင်ခုန်လှုပ်ရှားဖွယ်ရာ အကြိတ်အနယ်ယှဉ်ပြိုင်ကြမယ့်မြင်ကွင်းကို ပရိသတ်တွေ အသက်ရှူမှားမတတ် အားပေးကြရမှာဖြစ်ပါတယ်။ ကမ္ဘာ့ထိပ်တန်းကလပ်တွေ ယှဉ်ပြိုင်တိုက်ခိုက်ကြမယ့်ပွဲစဉ်တွေဖြစ်တာမို့ မကင်မှတ်တဲ့ ရလဒ်တွေထွက်ပေါ်ကာ ပရိသတ်တွေရဲ့ပါးစပ်ကို အဟောင်းသားဖြစ်စေနိုင်တဲ့အထိ ဆွဲဆောင်နိုင်မလားဆိုတာ ရှုစားကြရတော့မှာဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်နှင့်ဘာစီလိုနာ

နည်းပြဟေးနက်စ်ရဲ့ ဘိုင်ယန်မြူးနစ်ကတော့ ဒီနှစ်မှာ ခြေစွာနေတာတော့ အမှန်ပါပဲ။ ဂျာမန်ဘွန်ဒက်စ်လီဂါမှာ ပြိုင်ဘက်တွေကို အလဲတိုးပြီး ဒီနှစ် ဘွန်ဒက်စ်လီဂါဖလားကို ပြတ်ပြတ်သားသား ကိုင်မြှောက် အောင်ပွဲခံဖို့အသင့်ဖြစ်နေတဲ့ ဘိုင်ယန်မြူးနစ်ဟာ ချန်ပီယံလိဂ်ဖလားကိုလည်း ချိန်ရွယ်နေတာမို့ ဘာစီလိုနာတို့အတွက် ခက်ခဲမှာတော့ အမှန်ပါပဲ။ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ တက်ရောက်တိုင်း နောက်ဆုံးဗိုလ်လုပွဲအထိတက်လှမ်းနိုင်တဲ့ [illegible] အစဉ်အလာကိုပိုင်ဆောင်နိုင်တဲ့ ဘိုင်ယန်မြူးနစ်ရဲ့ခြေစွမ်းကလည်း ဘာစီလုနာကို ချန်ပီယံလိဂ်အိပ်မက်က လှုပ်နှိုးပြီး အိမ်ပြန်စေနိုင်တဲ့ အနေအတားရှိနေပါတယ်။ ရစ်ဘာရီ၊ ရှာဝိန်းစတိုင်ဂါ၊ မန်ဇူကစ်၊ မူလာတို့လို သူ့ရဲကောင်းတွေရှိနေတာမို့ ဘိုင်ယန်မြူးနစ်ဟာ အိမ်ကွင်းမှာဘာစီလိုနာကို ကြေကွဲမှုတွေပေးပြီး အိမ်ပြန်လွှတ်နိုင်တဲ့ အခြေအနေတော့ရှိနေတာ အမှန်ပါပဲ။ ချန်ပီယံလိဂ် ဗိုလ်လုပွဲအရောက်မှာ ဒုတိယနဲ့ ကျေနပ်နေခဲ့တဲ့ အတိတ်သမိုင်းတွေကို ချေဖျက်ဖို့ ဒီနှစ်တော့ ဘိုင်ယန်မြူးနစ်ခြေစွမ်းက မှတ်တမ်းအသစ်ရေးတိုးဖို့ အသင့်ဖြစ်နေပါပြီ။ ဘာစီလုနာတို့ကလည်း ဒီပွဲမှာ လူစုံပါဝင်ကစားဖို့ရှိနေပြီး ကမ္ဘာ့အကောင်းဆုံးကလပ်အသင်းဆိုတဲ့ ဂုဏ်ပုဒ်နဲ့အညီ ပြိုင်ဘက်ကို ချေမှုန်းဖို့အသင့်ရှိနေပြီဖြစ်တာမို့ ဒီပွဲဟာ ရမှတ်တွေပြတ်သားစွာထွက်ရှိ မရှိ စောင့်ကြည့်ရမှာဖြစ်ပြီး မက်ဆီနဲ့ မူလာတို့ရဲ့ အားပြိုင်မှုတွေကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။

ဒေါ့မွန်နှင့် ရီးရဲမက်ဒရစ်

ဂျာမန်မြေကို သွားကစားရမယ့် ရီးရဲမက်ဒရစ်အတွက်တော့ စိန်ခေါ်မှုတစ်ရပ်ပါပဲ။ အဝေးကွင်းမှာ အိမ်ရှင်ဒေါ့မန်ကို ဘယ်လိုနည်းဗျူဟာတွေနဲ့ နှိမ်နင်းမလဲဆိုတဲ့ မော်ရင်ဟိုရဲ့ နည်းဗျူဟာကို စောင့်ကြည့်ရမှာဖြစ်ပါတယ်။ [illegible] ခြေစွမ်းမာကျောခက်တန့်တဲ့ အသင်းဖြစ်ပြီး ကစားရခက်တဲ့ အနေအထားရှိတာမို့ စီရော်နယ်ဒိုတို့ အုပ်စုဘယ်လိုစွန့်စားမှုတွေနဲ့ ဂိုးသွင်းယူကြမလဲဆိုတာဟာလည်း စိတ်ဝင်စားစရာပါပဲ။ ဒါပေမယ့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်တွေမှာ ရီးရဲမက်ဒရစ်တို့ [illegible] ကလည်း ဒီပွဲမှာ ရီးရဲမက်ဒရစ်အတွက် သိသာဖြစ်စရာပါပဲ။ ဒေါ့မွန်ဟာ ထိပ်တန်းအသင်းတွေကို အနိုင်ယူကျော်ဖြတ်နိုင်တဲ့ ခြေစွမ်းပိုင်ဆိုင်ထားသလို ရီးရဲမက်ဒရစ်ကို ဘယ်လို အနိုင်ယူရမလဲဆိုတဲ့ အတွေ့အကြုံကောင်းကောင်း ရရှိထားတဲ့အသင်းဖြစ်နေပါတယ်။

စိတ်ပင်စားစရာ

[illegible] ဂျာကန်ကလော့ပ်ရဲ့ နည်းဗျူဟာက မော်ရင်ဟိုအပေါ် [illegible] ဆိုတာကလည်း စိတ်ဝင်စားစရာကောင်းနေပါတယ်။ ချန်ပီယံလိဂ်ဖလားနဲ့ ကစပ်လေ့ရှိတဲ့ မော်ရင်ဟိုဟာ ချန်ပီယံလိဂ်အုပ်စုပွဲစဉ်မှာ ဒေါ့မွန်ကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့တဲ့ အကြေးကို ပြန်ခ[illegible] ကလည်း ရင်ခုန်စရာကောင်းနေတာတော့ အမှန်ပါပဲ။

မိုးမြင့်လင်းလက်

စတုတ်တန်းဆင်းလွတ်ရန်အခြေအနေကောင်း

အင်္ဂလိပ်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ် ၃၄ ပြိုင်ပွဲများကို ဧပြီ ၂၀ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားကြရာ စတုတ်အသင်းက ကျူပီအာအသင်း အိမ်ကွင်း၌ နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသွားခဲ့သည်။ စတုတ်အတွက် အနိုင်ဂိုးများကို ပီတာခရောက်ချ်နှင့် ဂျွန်ဝေါလ်တားတို့က သွင်းယူပေးခဲ့ကြခြင်းဖြစ်သည်။ စတုတ်တို့ ယင်းပွဲအနိုင်ရရှိလိုက်သဖြင့် အမှတ်ပေးဇယား အမှတ်စဉ် ၁၅ သို့ ခုန်တက်လာသည်။ တန်းဆင်းဇုန်အထက် ခြောက်မှတ်အသာဖြတ်ထားနိုင်ပြီဖြစ်သည်။ ထိုအတောအတွင်း အက်စ်တွန်ဗီလာက မနယူကို အနိုင်ကစားခဲ့လျှင် ကျူပီအာတို့ တန်းဆင်းဇုန်အတွင်း ဆင်းရဦးမည်ဖြစ်သည်။ စတုတ်တို့ ယင်းပွဲ အနိုင်ရခဲ့ခြင်းကြောင့် တန်းဆင်းဇုန်လွတ်မြောက်ရန် အခြေအနေကောင်းသွားပြီဖြစ်သည်။

• • • • • • • • • • • • •

နာဒယ်နှင့် ဂျိုကိုဗစ် ဗိုလ်လုမည်

မွန်တီကာလိုဖလား ရစ်ကြမ်းဆွတ်ခူးခဲ့သည့် လက်ရှိချန်ပီယံ ရာဖေးလ်နာဒယ်သည် မွန်တီကာလို မာစတာဖလားဗိုလ်လုပွဲအဖြစ် ကမ္ဘာ့နံပါတ်တစ် ဂျိုကိုဗစ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ နာဒယ်သည် ပြင်သစ်တင်းနစ်ကစားသမား တီဆွန်ဂါအား အနိုင်ရပြီး ကိုးကြိမ်မြောက် မွန်တီကာလိုဖလားဆွတ်ခူးရန် ပြင်ဆင်လျက်ရှိသည်။

ရာဖေးလ်နာဒယ်သည် ၁၀ နှစ်ကျော်အတွင်း မွန်တီကာလိုဖလားပြိုင်ပွဲတွင် ၄၆ ပွဲမြောက် [illegible] စံချိန်တင်ထားသည်။ ၎င်းသည် ပြီးခဲ့သည့်နှစ်က ယင်းပြိုင်ပွဲတွင် ဂျိုကိုဗစ်ကို အနိုင်ရပြီး ဖလားဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

• • • • • • • • • • • • •

အာဆင်နယ် တတိယနေရာပြန်ရောက်

အာဆင်နယ်တို့ ၁၀ဦးတည်းနှင့်ကစားခဲ့ရပြီးနောက် ဖူလ်ဟမ်ကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရလိုက်သဖြင့် အမှတ်ပေးဇယား တတိယနေရာသို့ ပြန်ရောက်လာပြန်ပြီဖြစ်သည်။ အဝေးကွင်းကစားရသော အာဆင်နယ်တို့ ပထမပိုင်းကပင် ဖူလ်ဟမ်အသင်းကို ထိန်းချုပ်ကစားနိုင်ခဲ့သည်။

ပွဲစပြီး ၁၂မိနစ်အကြာ ဖူလ်ဟမ်အသင်းမှ စတိဗ်ဆစ်ဝဲလမ် ကြမ်းတမ်းစွာကစားခဲ့မိ၍ အနီကတ်ပြထုတ်ပယ်ခံရသည်။ ပွဲချိန်၄၃မိနစ်တွင် မာတေးဆက်ကာက အာဆင်နယ်အတွက် ခေါင်းတိုက်ဂိုးသွင်းယူပေးခဲ့သည်။ ဖူလ်ဟမ်တို့ တစ်ဦးထုတ်ပယ်ခံထားရသော်လည်း အာဆင်နယ်ကိုပြန်လည်ခြိမ်းခြောက်ကစားနိုင်ခဲ့သည်။ ယင်းပွဲတွင် ဖူလ်ဟမ်တို့ရှုံးနိမ့်သွားသဖြင့် လွန်ခဲ့သည့်လေးပွဲတွင်တစ်မှတ်သာရခဲ့သည်။

------ ကောင်းမြတ်သူ ------

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- ဘာစီလုနာအသင်းမှ မက္ကဆီကို ကွင်းလယ်ကစားသမား အသက် ၂၂ နှစ်အရွယ် ဂျိုနသန်ဒေါ့စ်ဆန်တို့စ်သည် လာမည့်နွေရာသီတွင် အသင်းမှ ထွက်ခွာမည်ဟု တပ်မပြောကြားသည်။
- ပီအက်စ်ဂျီအသင်းသည် အသက် ၃၁နှစ်အရွယ် တိုက်စစ်မှူး အီဗရာမိုဗစ်အား စာချုပ်အသစ် တပ်မချုပ်ဆိုမည်ဖြစ်သည်။
- ဘရာဇီးတိုက်စစ်မှူး အသက် ၂၁နှစ်အရွယ်ရှိ နေမာသည် ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်၊ ချယ်လ်ဆီးနှင့် မန်စီးတီးတို့က အပြိုင်ခေါ်ယူနေသော်လည်း ဘာစီလိုနာသို့ ပြောင်းရွှေ့ရန် နီးစပ် လျက်ရှိသည်။
- ဖူလ်ဟမ်တိုက်စစ်မှူး ကာရိုးအား စပါးနှင နယူးကာဆယ်တိုက ခေါ်ယူရန် အပြိုင်ကြိုးစားလျက်ရှိသည်။
- ဗလာအသင်းနည်းပြ ပေါလ်လမ်းဘတ်က ဘယ်လဂျီယံတိုက်စစ်မှူး ခရစ္စတင်းဘန်တီက်အား စာချုပ်ချုပ်ဆိုရန် ဆန္ဒပြင်းပြလျက်ရှိသည်။
- ဝီဂန်နည်းပြ ရောဘတ်တို မာတီနက်ဇ်က ဒိန်းမတ်တိုက်စစ်မှူး ကိုမီလက်စ်၊ နောက်ခံလူ အိုကိုရီတို့အား ခေါ်ယူရန်ကြိုးစားလျက်ရှိသည်။
- လေဗာကူဆင်အသင်း တိုက်စစ်မှူး အင်ဒရေးရက်ချာလက်ကို ချယ်လ်ဆီးက ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။
- မန်စီးတီးနောက်ခံလူ လက်စကော့သည် ယခုနှစ်နွေရာသီတွင်အသင်းမှ ထွက်ခွာမည်ဖြစ်သည်။
- မော်ရင်ဟိုထွက်ခွာပါက အန်ဆယ်လော့တီအား ရီးရဲမက်ဒရစ်နည်းပြအဖြစ် တာဝန်ပေးရန် စီစဉ်ထားကြောင်း အသင်းပိုင်ရှင် ပီရက်ဇ်က ပြောကြားသည်။

(၃၄)နှစ်ပြည့် မွေးနေ့ဆုတောင်း

၂၂-၄-၂၀၁၃ရက်မှာကျရောက်တဲ့ [illegible] (၃၄)နှစ်ပြည့် မွေးနေ့မှသည့် [illegible]

ဆုတောင်းလျက်-

ထာဝရ ညီမလေး

[illegible] ရပ်ကွက်ကြီး (၁၂) တွင် ရှမ်းအလွန်ကောင်းသော အကျယ် (၁၀၀ × ၁၂၀)ရှိ ကန်မြင့်မြေကွက်အား (730)သိန်း [illegible]

ဆက်သွယ်ရန်ဖုန်း-09 73089767 [illegible]

Y.E.S. Since 1994

International English Language Centre

Basic Spoken English	Grammar Foundation Course
Mon to Thurs-10:00-12:00am 22,29 Apr	Mon to Thurs- 1:00- 2:30 pm 1 Apr
Mon to Thurs-1:00-5:00 pm 22,29 Apr	Mon to Thurs- 3:30- 5:00 pm 29 Apr
Sat & Sun -3:00 - 6:00 Pm 27 Apr	Basic Writing Course
Pre-Intermediate English	Mon to Thurs - 10:00-12:00 am 1 Apr
Mon to Thurs-10:30-12:30am 1 Apr	Sat & Sun - 3:45 - 8:15pm 27 Apr
Mon to Thurs-5:00-7:00 pm 1 Apr	Structure & Written Expression
Sat & Sun - 12:30 - 3:30 Pm 27 Apr	Sat & Sun - 9:00-12:00 am 27 Apr
Mon to Thurs-1:00-3:00pm 29 Apr	Mon to Thurs - 6:00-8:30pm 29 Apr
Intermediate English	IELTS,IELTS (SPEAKING) ,SAT,AP1,AWE,TOEFL
Mon to Thurs-1:00-3:00pm 20 May	

No.190, 2nd Flr:,28thSt:(Upper), Pabedan Tsp ☎ 243950

မင်္ဂလာဆောင် ကျေးဇူးတင်လွှာ

[illegible]

ပြည်တွင်းသတင်း

အင်ဗာတာ - ဗို့အားမြှင့်စက်နှင့် မီးဘေးအန္တရာယ်

ကိုရွှေသိမ်းအေး (ဓါးသိုင်းချောင်း)

ယခုအခါ ပူပြင်းသောနွေရာသီနှင့်အတူ လျှပ်စစ်ပစ္စည်းများ သုံးစွဲရာမှ အပူလွန်ကဲ၍ မီးလောင်ကျွမ်းမှုများလည်း သတင်းစာများတွင် အတွေ့များလာရသည်။ ထိုအထဲတွင် အင်ဗာတာ-ဗို့အားမြှင့်စက်မှ အပူလွန်ကဲပြီး မီးလောင်မှုများအဖြစ်များပါသည်။

မွန်ပြည်နယ်-ပေါင်မြို့နယ် ဇင်းကျိုက်ရွာတွင် အင်ဗာတာ-ဗို့အားမြှင့်စက် မီးအားမြှင့်တက်ထားပြီး အပူလွန်ကဲရာမှ မီးထောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။ ပြည်သူများ အိမ်ခြေ ၁၂၄ လုံး၊ ၉၉၂ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ တစ်ဖန် ရန်ကုန်တိုင်းဒေသကြီးသာမက တစ်ပြည်လုံး တုန်လှုပ်ချောက်ချားခဲ့ရသည် မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မီးလောင်ပေါက်ကွဲမှုကြီး၏ အဓိကစစ်ဆေးတွေ့ရှိချက်မှာ ဗို့အားမြှင့်စက်ခလုတ်များကို မပိတ်မိရာမှ အပူလွန်ကဲပြီး မီးစတင်လောင်ကျွမ်းကြောင်း တွေ့ရှိခဲ့ရသည်။ မတ်လတွင် ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရားအနီးရှိကျောင်းတိုက်၌ ဗို့အားမြှင့်စက်ကို မပိတ်မိဘဲ သံဃာတော်များ ဆွမ်းပင့်ကြွနေစဉ် အပူလွန်ကဲရာမှ မီးလောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့သည်။ အလားတူဖြစ်ရပ်များ မကြာခဏဖြစ်ပေါ်လျက်ရှိပါသည်။ ညအခါ အိပ်ပျော်နေစဉ် မီးလောင်လျှင် အပူရှိန်ကြောင့် လူများနိုးထလာနိုင်သော်လည်း အင်ဗာတာ-ဗို့အားမြှင့်စက် အပူလွန်ကဲ၍ မီးခိုးမှိုင်းများ ထွက်လာလျှင် လူများမနိုးဘဲ အသက်ရှူကျပ်ကာ မိသားစုလိုက်သေဆုံးရသည် အဖြစ်မျိုး တွေ့ရှိရသည်။ သို့ဖြစ်၍ အင်ဗာတာ-ဗို့အားမြှင့်စက်ကြောင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးမှုတွေ အဖြစ်များလာသဖြင့် လျှပ်စစ်ဝန်ထမ်းဟောင်းတစ်ဦးအနေဖြင့် သတိပြုဆင်ခြင် သုံးစွဲသင့်သော အချက်များကို ရေးသားတင်ပြရန်ဆန္ဒပြင်းပြလာမိပါသည်။

အင်ဗာတာ (INVERTER)

အင်ဗာတာဆိုသည်မှာ ဘက်ထရီအိုးကရနိုင်သည့် အနိမ့်စား ဒီစီလျှပ်စစ်ကို နေအိမ်သုံးလျှပ်စစ်အဖြစ် အေစီ ၂၃၀ ဗို့ အသွင်ပြောင်းပေးနိုင်စွမ်းရှိသော အီလက်ထရွန်နစ်စက်တစ်မျိုးဖြစ်သည်။ အင်ဗာတာတွင် ဗို့မြှင့်စနစ်နှင့် ဘက်ထရီစနစ်များပါရှိသည်။ လျှပ်စစ်စွမ်းအား ထုတ်လုပ်မှုပမာဏ သိပ်မများသော်လည်း တီဗွီ၊ ဗီဒီယို၊ မီးချောင်းအနည်းငယ်ကို အသုံးပြုနိုင်သဖြင့် အရေးပေါ်အသုံးပြုရာမှာ အဆင်ပြေလှပေသည်။ ဘက်ထရီအိုးနှင့်တွဲသုံးနေရသဖြင့် ဘက်ထရီအိုးမှာ ချာဂျင်ရှိနေဖို့လည်း လိုအပ်ပါသည်။ လျှပ်စစ်မီးပြန်လာလျှင် ဘက်ထရီအားသွင်းပေးရသည်။ ဈေးကွက်မှာ ၁၂ ဗို့ဘက်ထရီများ (36) Ah မှ 200 Ah အရွယ်အထိ အရွယ်အမျိုးမျိုးရောင်းချလျက်ရှိသည်။ အင်ဗာတာအရွယ်များက (300) VA- (500) VA- 1000 VA အရွယ်တို့ကို အများဆုံးရောင်းချလျက်ရှိသည်။

ဘက်ထရီအိုး (BATTERY)

ဘက်ထရီအိုးများသည် ဓာတုဗေဒတုံ့ပြန်မှုကနေ ဒီစီလျှပ်စစ်ဗို့အား ထုတ်လုပ်ပေးသည့် ပစ္စည်းဖြစ်သည်။ ဘက်ထရီချာဂျင်သွင်းနေသည့်အခါ ရေမော်လီကျူးများမှာ အောက်ဆီဂျင်အက်တမ်နှင့် ဟိုက်ထရိုဂျင်အက်တမ်များအဖြစ် ဓာတ်ကွဲသွားသည်။ ချာဂျင်နှုန်းမြင့်လေလေ ဓာတ်ကွဲမှုမြင့်လေလေပင်။ ဘက်ထရီအခန်းတွေထဲမှ အရည်များ ပလုံစီထွက်နေပေမည်။ ၎င်းဓာတ်ငွေ့နှစ်မျိုးပေါင်းစပ်ပြီး ရေဖြစ်နေချိန်မှာ မီးကိုငြိမ်းသတ်နိုင်စွမ်းရှိသော်လည်း ဓာတ်ငွေ့အသီးသီးဘဝရောက်ချိန်မှာ တစ်မျိုးက မီးလောင်တာကို အားပေးပြီး နောက်တစ်မျိုးက ကိုယ်တိုင်မီးလောင်လွယ်လေသည်။ ၎င်းဓာတ်ငွေ့နှစ်မျိုး ဘက်ထရီအိုးနားမှာ စုမိနေချိန်တွင် မီးဘေးအန္တရာယ်ရှိပေသည်။ ဖယောင်းတိုင်မီး၊ မီးခြစ်မီး သုံးမိလျှင် ပေါက်ကွဲစေတတ်သည်။ တချို့သော ဗီဒီယိုပြရုံများတွင် ချာဂျင်ပြည့်မပြည့် ဘက်တရီအိုးကို မီးခြစ်မီး၊ ဖယောင်းတိုင်မီးများ ဖြင့်ကြည့်မိရာမှ ပေါက်ကွဲမှုဖြစ်ကာ မျက်လုံးနှင့်မျက်နှာများ ပျက်စီးခြင်း ကြုံတွေ့ကြရပေသည်။ လခန္ဓာကိုယ်ပေါ်သို့ အရည်များလွင့်စဉ်ထိရောက်ပါက ရေသန့်များများနှင့် အမြန်ဆေးကြောပစ်ဖို့ လိုအပ်ပါသည်။ ဘက်ထရီအိုးအနီးတွင် မီးခြစ်မီး၊ ဖယောင်းတိုင်မီးသုံးစွဲမိလျှင် မီးဘေးအန္တရာယ်ရှိပါသဖြင့် ဓာတ်မီးကိုသာ သုံးစွဲရပေမည်။

အော်တိုမစ်တစ်စနစ်များ

အင်ဗာတာများတွင် လူက အဖွင့်အပိတ်လုပ်ပေးရသော အင်ဗာတာနှင့် အော်တိုမစ်တစ်စနစ်ပါရှိသော အင်ဗာတာဟူ၍ နှစ်မျိုးရှိပါသည်။ ယခုအခါ ခေတ်မီတိုးတက်လာသည်နှင့်အမျှ အော်တိုမစ်တစ်စနစ်ပါရှိသော အင်ဗာတာများကို အသုံးပြုလာကြသည်။ အော်တိုမစ်တစ်စနစ်ပါသော အင်ဗာတာများတွင်-

(၁) လျှပ်စစ်မီးပြတ်သွားလျှင် အင်ဗာတာမီးကို အလိုအလျောက် ချိန်းပေးသည်။

(၂) လျှပ်စစ်မီးသုံးရန်မလိုတော့သည့်အခါ အလိုအလျောက်မီးအားမြှင့်စက်အဖြစ် ပြောင်းပေးသည်။

(၃) မီးအား အလွန်အကျွံတက်လာသည့်အခါ အလိုအလျောက် ဖြတ်တောက်ပေးသည်။

ဘက်ထရီအားသွင်းရာတွင်လည်း-

(၁) အချက်ပြမီးစနစ်၊ (၂) အချက်ပြအသံပေးစနစ်၊ (၃) အလိုအလျောက်ဖြတ်တောက်သည့်စနစ်များ ပါဝင်လေသည်။ သို့သော် အင်ဗာတာများတွင် (CHE FULL) ဆိုသော စာတန်းပါရှိရုံဖြင့်အော်တိုမစ်တစ်ပိတ်ပေးသည့် စက်ဟုမမှတ်သင့်၊ လူကပိတ်ပေးရသည်။ မပိတ်မိလျှင် ချာဂျင်လွန်ကဲရာမှ မီးလောင်ကျွမ်းတတ်ပါသည်။ အင်ဗာတာများတွင် အော်တိုမစ်တစ်စနစ် ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ အော်တို (AUTO) ကို အားကိုးယုံကြည်မှုမထားသင့်ပေ။ လူကိုယ်တိုင် မျက်ခြည်မပြတ် စနစ်တကျဆောင်ရွက်မှသာ လုံခြုံမှုရှိပေမည်။

အင်ဗာတာ၊ ဘက်ထရီသုံးစနစ်တွင် အထူးသတိပြုကြရန်မှာ-

(က) ဘက်ထရီအိုးကို အလုံပိတ်နေရာတွင်မထားရ၊ လေဝင်လေထွက်ကောင်းသောနေရာတွင်ထားရန်။ (ဘက်ထရီအိုးမှထွက်သော ဓာတ်နှစ်မျိုးမှာ မီးလောင်လွယ်သဖြင့် ပြင်ပလေနှင့်ဆက်သွယ်မှ အမြန်ဓာတ်ပြယ်သွားမည်။)

(ခ) ဘက်ထရီအိုးအနီး ဖယောင်းတိုင်မီး၊ မီးခြစ်မီးမသုံးရန်၊ မီးလောင်ပေါက်ကွဲတတ်သည်။ (ဘက်ထရီချာဂျင်ပြည့် မပြည့်ကြည့်လျှင် ဓာတ်မီးအသုံးပြုရန်)

(ဂ) ဘက်ထရီအားသွင်းနေစဉ် ဘက်ထရီညပ်ကိုမကစားရ၊ မီးပွင့်၍ ပေါက်ကွဲမှုနှင့်အတူ အန္တရာယ်ရှိသည်။

(ဃ) ဘက်ထရီအိုးအတွင်း အရည်များလျော့နည်းလာလျှင် သတ်မှတ်သောနေရာအထိ မိုးရေသန့်များဖြည့်ပေးရန်၊ ဘက်ထရီအိုးတစ်လုံး နှစ်နှစ်ထက် ပိုမသုံးသင့်။

(င) ဘက်ထရီအဖုံးများကို နည်းနည်းစီလျှော့ပေးထားရမည်။ အသေမကျပ်ရ၊ ဘက်ထရီအခန်းတွင်းမှ ဓာတ်ကွဲထွက်လာသော ဓာတ်ငွေ့များ ပြင်ပမထွက်နိုင်လျှင် အဖုံးတွေပွင့်ထွက်တတ်ပါသည်။

(စ) အင်ဗာတာဗို့အားမြှင့်စက်များတွင် မလိုအပ်သည့် လျှပ်စစ်ပစ္စည်းများ ထည့်သွင်းအသုံးမပြုရန်၊ အင်ဗာတာမနိုင်သည့် လျှပ်စစ်ပစ္စည်း ဖယ်ရှားပြီးမှ အသုံးပြုရန်။

(ဆ) အင်ဗာတာဗို့အားမြှင့်စက်ကို မလိုအပ်လျှင်ပိတ်ထားရန်။ မှန်ကန်သောဗို့ (VOLT) ဒိုင်ခွက်ကို တပ်ဆင်ထား၍ ည ၉ နာရီကျော်လျှင် ဗို့အားမြှင့်တက်လာသဖြင့် (၁၈၀)ဗို့ရှိပါက ပိတ်ထားသင့်သည်။ (ညဉ့်နက်လေ မီးအားမြှင့်လေဖြစ်၍ မပိတ်လျှင် အပူလွန်ကဲရာမှ မီးလောင်တတ်သည်။ အင်ဗာတာအနီးတွင် ပြက္ခဒိန်အဟောင်းများ ချိတ်ထားခြင်းနှင့် မီးလောင်လွယ်သောအရာများ မထားရ။)

(ဇ) ညအိပ်ရာဝင်လျှင်ဖြစ်စေ၊ ပြင်ပသို့သွားလျှင်ဖြစ်စေ မိသားစုဝင်များမှ နားလည်မှုရှိစွာ သတိထားပိတ်ကြရန် အရေးကြီးပါသည်။ လွန်ခဲ့သော သုံးနှစ်လောက်က မန္တလေးမြို့တွင် အင်ဗာတာမပိတ်မိဘဲအိပ်မိ၍ အပူလွန်ကဲရာမှ မီးခိုးမှိုင်းများထွက်ရှိကာ အိပ်ခန်းအတွင်း အသက်ရှူကျပ်သေကြရသည်။ ရန်ကုန်မြို့တွင်လည်း ညအခါ ရွှတ်တရက် မိုးကြီးရေဝင်လာသဖြင့် အင်ဗာတာအတွင်းရေဝင်ကာ မီးခိုးထွက်၍ မိသားစုလိုက် အသက်ရှူကျပ်သေခဲ့ရလေသည်။ အင်ဗာတာများမှာ လျှပ်စစ်မီးသုံးစွဲရုံသာမက မီးအားမြှင့်မြင်း၊ ဘက်ထရီအားသွင်းခြင်းများကိုပါ အသုံးပြုရသဖြင့် လူက သတိထားစောင့်ကြည့်ပြီးမှ သုံးစွဲသင့်ပေသည်။ မီးလောင်မှုအများဆုံးမှာ အင်ဗာတာများကို ပိတ်ချိန်တန်မပိတ်ဘဲ ပေါ့ဆစွာထားခြင်းကြောင့် ဖြစ်ပေသည်။ သို့ဖြစ်၍ ယခုလိုနွေရာသီမှာ "အင်ဗာတာများ သတ်ထားကြ" ဖို့ နှိုးဆော်တိုက်တွန်း ရေးသားလိုက်ရပါသည်။

နွေရာသီကလေးသူငယ်များ ဝိပဿနာ ရှုမှတ်နည်း တရားပွဲ

ပုသိမ် ဧပြီ ၂၁

ပုသိမ်မြို့ ဓမ္မရေစင်အဖွဲ့မှ အဦးမအကြိမ်မြောက် နွေရာသီကလေးသူငယ်များ ဝိပဿနာရှုမှတ်နည်း အထူးတရားပွဲကို ဧပြီ ၁၉ ရက်မှ ၂၁ ရက်အထိ သုံးရက်တိုင်တိုင် ပဲခူး ၁၀ မိုင်ကုန်း ဓမ္မဒူတ တောရသာသနာ့ရိပ်သာ ပဓာနဆရာတော် ဒေါက်တာပညိဿရာဘိဝံသ အရှင်မြတ်က ဟောပြောပြသပေးတော်မူရာ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၀၀ ကျော် တက်ရောက်ကြသည်။

အဆိုပါ ကလေးသူငယ် ဝိပဿနာတရားရှုမှတ်နည်း အထူးတရားပွဲသို့ တက်ရောက်ကြသော ကျောင်းသား ကျောင်းသူတို့အား မြောင်းမြ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတ ဘိဝံသ အရှင်မြတ်က နံနက်၊ နေ့လယ် ထမင်း၊ ဟင်း၊ မုန့်ပဲသရေစာများ ကျွေးမွေးလှူဒါန်းတော်မူကြောင်း သိရသည်။

ပုသိမ်လှကြည်

လျှပ်စစ်သုံးလျှင် သတိမူငြ် ဝန်အားမမျှ မသုံးရ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့် ၅)

တောင်ငူမြို့၊ ဒုတိယမြို့နယ်တရားသူကြီးရုံးတော်၌

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၀

ဦးညွန့်သိန်း နှင့် ဦးမျိုးသူ(ခ)မင်းနိုင်

တရားလို တရားပြိုင်

(တရားလို၏အခွင့်ရကိုယ်စားလှယ်ဦးခင်ဇော်)

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်၆၄၊ ကမ္ဘာအေးဘုရားလမ်းနေ ထူးထူးကုမ္ပဏီလီမိတက်၊ မန်နေးဂျင်းဒါရိုက်တာ သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးညွန့်သိန်းက အုတ်၊ သဲ၊ ကျောက်ဖိုးကျန်ငွေ၂၈၇၃၆၀၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၂၆ရက် (၁၃၇၅ခုနှစ် တန်ခူးလပြည်ကျော် ၁ရက်) နံနက် ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်ဟူ့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဧပြီ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်ကျော်ဦး)

ဒုတိယမြို့နယ်တရားသူကြီး(၂)

တောင်ငူမြို့နယ်တရားရုံး

အမည်မှန်

နမ္မတူမြို့၊ ပန်ပိုက်(၇)ရပ်ကွက်နေ ဦးဘရန်တောင်၏သား မောင်ဘောက်လာ၏ အမည်မှန်မှာ မောင်နော်နော်ဖြစ်ပါသည်။

မောင်နော်နော်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)

မိုးကောင်းမြို့နယ် တရားရုံးတော်၌

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၈

မကြော့ကြော့မြင့်အောင် နှင့် မောင်လွင်မျိုးနိုင်ဦး

တရားလို တရားပြိုင်

မိုးကောင်းမြို့နယ်၊ နန့်ရင်းရပ်ကွက်နေ မောင်လွင်မျိုးနိုင်ဦး (ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မကြော့ကြော့မြင့်အောင်က လင်မယားကွာရှင်းပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရသူရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၃၀ရက် (၁၃၇၅ခုနှစ် ကဆုန်လဆန်း ၅ရက်) မွန်းမတည်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည် စာရွက်စာတမ်းများနှင့် သင်တို့ကတင်ပြအမှီပြုလိုသည် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဧပြီ ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇော်မင်း)

ဒုတိယမြို့နယ်တရားသူကြီး

မိုးကောင်းမြို့နယ်တရားရုံး

သုံးဆယ်ပေး အထကမြတ်ဆရာပူဇော်ပွဲ

မတ္တရာမြို့နယ် သုံးဆယ်ပေး(အလက၊ အထက) ကျောင်းသူကျောင်းသားဟောင်းများစုပေါင်း၍ ၁-၅-၂၀၁၃ရက်တွင် တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်ဖြစ်ပါ၍ အသက်(၅၅)နှစ်နှင့်အထက် သုံးဆယ်ပေး ကျောင်းတွင် သုံးနှစ်နှင့်အထက် တာဝန်ထမ်းဆောင်ခဲ့သော ဆရာဆရာမများအား အပူဇော်ခံကြွရောက်ပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

မှတ်ချက်။ လိုအပ်သည်များကို စီစဉ်ဆောင်ရွက်နိုင်ရန် ဖုန်း- ၀၉-၄၀၂၆၆၄၄၅၉ သို့ ၂၅-၄-၂၀၁၃ ရက် နောက်ဆုံးထား၍ ပြန်ကြားပေးပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။

ဖြစ်မြောက်ရေးအဖွဲ့.

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်ငြိမ်းကျော်လင်း ၁၂/မရက(နိုင်)၁၁၇၈၃၇သည် မိဘအိုအကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုမူဆက်ဆံပြီး မိဘသဘောမတူသည်ကိစ္စအား ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်ပြီး နောက်နောင်မည်သည့်ကိစ္စကိုမျှ လုံးဝတာဝန်မယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(မေးမြန်းခြင်းသည်းခံပါ။)

ဒေါ်ရီရီ ၁၂/မရက(နိုင်)၀၆၀၉၃၆

ကြော်ငြာ

The Government of Republic of the Union of Myanmar
Ministry of Finance and Revenue
Committee on Finance and Awards
27th SEA GAMES
Invitation for Bids

1. Bids are invited by the Committee on Finance and Awards, the Ministry of Finance and Revenue, for the supply of the medals to be awarded in the forthcoming 27th SEA GAMES.
2. Official Bidding from and requirement shall be available at the Ministry of Finance and Revenue ,Office No.26, Nay Pyi Taw, Internal Revenue Department Office No.46, Nay Pyi Taw and Tax Service Unit,No.59/61 at the Corner of Pansodan and Merchant Street,Yangon during the office hour from 22-4-2013 to 3-5-2013 in payment of kyat 10,000 (kyat ten thousand).
3. Bids shall state the followings in details:
   - (a) CIF Yangon price (may be in Kyats or in United State Dollers)
   - (b) Price must be quoted for each kind of medal (for gold, silver, bronze) (6cm diameter and 0.5cm thickness of each medal)
   - (c) Price shall include ribbon (47cm long of the ribbon,3.5cm wide of the ribbon)
   - (d) Sample of ribbon,description and photo of medal box must be submitted.
   - (e) Time for delivery (not more than five months)
   - (f) Mode and process of making medals (Press, mold, etc)
   - (g) Composition and ratio of metals contained in each kind of medal(Gold, silver,bronze)
   - (h) Guarantee
4. Contract of Purchasing shall be entered with the successful bidder.
5. Committee on Finance and Awards reserves the right to cancel,verify,re-invite tender and its decision shall be final and conclusive.
6. Bids shall be only on the official bidding forms as per paragraph two.
7. Bids in sealed envelopes shall be submitted at the Ministry of Finance and Revenue, Office No.26,Nay Pyi Taw, no later than (16:00) hours on 17-5-2013
8. Bids shall be opened at the same venue on 20-5-2013 at 10:00am for signature and verification .Bidders are invited to present at this.
9. Announcement on the successful bidder will be made on 31-5-2013.
10. For enquiry,contact phone numbers,01-378370,01-378372,067-430071 and 067-410181 during office hour.

Secretary
Committee of Finance and Awards

မော်တော်ယာဉ်မြင့်ကားများ စနစ်တကျပြုပြင်နည်းသင်တန်း

OBD 2 Training Center

- အင်ဂျင်ထိန်းချုပ်နည်းစနစ်
- OBD2
- SENSORS
- ABS/SRS
- EMISSION
- TROUBLE CODES
- DIAGNOSTIC SCANNER

(၂၅-၅-၂၀၁၃) နေ့တွင် တန်းခွဲသစ်စမည်။

သင်တန်းကြေး သုံးသိန်း

အခြေခံမှစ၍စာတွေ့၊ လက်တွေ့သင်ကြားပေးပါသည်။

သင်တန်းအချိန်နှင့် နေ့ရက် (Mon ~ Sat) နံနက် ၁၀ နာရီ မှ ၁၂ နာရီ

အခန်းအမှတ်(၀၁-၀၈)ပထမထပ်၊ ရွှေသာပလာဇာ၊ အထက်ပုဇွန်တောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၅၂၂-၅၅၅၅၆၅

ကလေးနာမည်ပေးနာမည်ကျော်ဆရာကြီး
ရှေ့နေဦး...(LL.B.) နှင့်သာဆက်သွယ်ပါ

☎01-394727,01-399426,09-73009994, 095152521

Business Capacity Building (BCB) Centre

Strategic Marketing Management (Intensive Course)

မြန်မာနိုင်ငံ၏ Sales and Marketing လောကတွင် ဈေးကွက်ဖော်ဆောင် နေသူများအတွက် မျက်မှောက်ခေတ် Competitive Marketing ကို ထိရောက်စွာ ထိုးဖောက်ဆောင်ရွက်နိုင်ရန် အောက်ပါဘာသာရပ်များဖြင့် ဖွင့်လှစ်ပို့ချပေးပါမည်။

♦ Marketing Strategy and Marketing Plan ♦ Strategic Advertising Management ♦ Promotional Management ♦ Understanding the Consumer Behavior ♦ Brand Building, Brand Positioning & Customer Relationship Management

- ❖ သင်တန်းချိန် - နံနက် ၉:၀၀ နာရီမှ ၁၂:၀၀ နာရီထိ (စနေ၊ တနင်္ဂနွေ)
- ❖ သင်တန်းကာလ - (၁)လ ♦ သင်တန်းစမည့်ရက် - မေ (၄)ရက်

Ph:01 538531, 01 505972, E-mail: bcbcentre009@gmail.com

တိုးမြှင့်ပင်စင်ကိစ္စ

လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများမှ သက်ပြည့်ပင်စင်၊ နှစ်ပြည့်ပင်စင်၊ နာမကျန်းပင်စင်၊ အထူးပင်စင်၊ မိသားစုပင်စင် ခံစားနေပြီဖြစ်သော ပင်စင်စားများအားလုံးကို ၁-၇-၂၀၁၁ ရက်မှစ၍ နိုင်ငံတော်က ပင်စင်လစာငွေ တိုးမြှင့်ခံစားခွင့်ပြုခဲ့ပါသည်။

ယခုအချိန်တွင် တိုးမြှင့်ပင်စင်ခံစားစေရန် ကျန်ရှိနေသော ပင်စင်စားများသည် တိုးမြှင့်ပင်စင် ခံစားနိုင်စေရန်အတွက် လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများ ညွှန်ကြားရေးမှူးရုံး(နေပြည်တော်) လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများ စက်ရုံ (လမ်းရှာစခန်း)သို့ ဆက်သွယ်လျှောက်ထားနိုင်ရန် အသိပေးကြေညာအပ်ပါသည်။

လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်း

Business Capacity Building (BCB) Centre မှ
လုပ်ငန်းခွင်တွင် အင်္ဂလိပ်စာ အားနည်းနေသူများနှင့်
အင်္ဂလိပ်စာကို မဖြစ်မနေ အသုံးပြုနေသူများအတွက်
INTENSIVE BUSINESS ENGLISH
သင်တန်းကို မေလ(၁၁) ရက်နေ့တွင် ဖော်ပြပါ Special Guidance Areas များဖြင့် သင်ကြားပို့ချပါမည်။

• Business Letter Writing • Effective Business Email
• Business English Grammar • Idioms, expression, vocabulary, acronyms related to Business • Professional Telephone Etiquette

- ❖ သင်တန်းချိန် - ညနေ ၅:၃၀ နာရီ မှ ၇:၃၀ နာရီ (စနေ၊ တနင်္ဂနွေနေ့)
- ❖ သင်တန်းကာလ- (၂) လ၊ (၃၂) နာရီ

Ph: 01 538531, 01 505972, E-mail: bcbcentre009@gmail.com

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌ ခန့်ထားရန်)
Chein Kaung Express Co.,Ltd.
အမှတ် ၁၂၆၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၈၀၈၄၅၊ ၃၈၀၈၄၆၊ ၂၀၂၃၁၇

၁။ **Airfreight Operation Supervisor** ကျား (၂) ဦး
တက္ကသိုလ်မှဘွဲ့ရရှိသူ၊ အသက် ၃၅ နှစ်အောက်၊ အင်္ဂလိပ်စာအရေး၊ အပြောတတ်ကျွမ်းသူ။

၂။ **Sales Executives** ကျား/မ (၃)ဦး
တက္ကသိုလ်မှ ဘွဲ့ရရှိသူ၊ အသက် ၃၅ နှစ်အောက်၊ အင်္ဂလိပ်စာ အရေး၊ အပြော ကျွမ်းကျင်သူ၊ Logistics Sector နှင့် ဆက်နွယ်သည့် လုပ်ငန်းအတွေ့အကြုံရှိသူ။

၃။ **Auditor** မ (၁)ဦး
B.Com/C.P.A ဘွဲ့ရရှိပြီးသူ၊ အသက် ၄၀ အထက်၊ ကုမ္ပဏီစာရင်းများရေးဆွဲစိစစ်ဖူးသူ၊ Accounting Software (Peach Tree) တတ်ကျွမ်းသူ။

၄။ **Admin Manager** ကျား/မ (၁)ဦး
တက္ကသိုလ်မှ ဘွဲ့ရရှိပြီးသူ၊ အသက် ၃၅ နှစ်အထက် စီမံအုပ်ချုပ်ရေးလုပ်ငန်း လုပ်ကိုင်ဖူးသူ၊ ကွန်ပျူတာတတ်ကျွမ်းသူ။

၅။ **Driver** ကျား (၃)ဦး
လုပ်သက်အနည်းဆုံး သုံးနှစ်ရှိသူ၊ အလုပ်ချိန်ကြာမြင့်စွာလုပ်ကိုင်နိုင်သူ၊ နယ်ခရီးမောင်းနှင်နိုင်သူ။

အလုပ်လျှောက်ထားသူများသည် ရပ်ရည်သန့်ပြန့်သူ၊ အကျင့်စာရိတ္တကောင်းမွန်သူ၊ စကားပြောပြေပြစ်သူဖြစ်ရမည်။ အလုပ်လျှောက်ထားရန် စိတ်ဝင်စားသူများသည် ခြောက်လအတွင်း ရိုက်ထားသော လိုင်စင်ဓာတ်ပုံ တစ်ပုံ၊ CV Form ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်/ ရဲစခန်းထောက်ခံစာတို့နှင့်အတူ ၁၀-၅-၂၀၁၃ ရက်တွင် နောက်ဆုံးထား၍ အထက်ပါလိပ်စာနှင့်အတူလိပ်မူ၍ လည်းကောင်း၊ cke.inform@gmail.com သို့လည်းကောင်း ပေးပို့နိုင်ပါသည်။

ဈေးကွက်ရှာဖွေရေး စက်ချုပ်သင်တန်းခေါ် ယူခြင်း

ရယူနိုင်ပါသည်။

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း
အကြောင်းကြားစာ
(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်
၂၀၁၃ခုနှစ် တရားမအထွေထွေမှုအမှတ်-၇၃

ကွယ်လွန်သူ ဦးသန်းဌေးမြင့်၏ ကျန်ရှိရစ်သောပစ္စည်းများအကြောင်း

ဒေါ်အေးအေးခိုင် လျှောက်ထားသူ
အမှတ် (၂၁/၃ဘီ)၊ မပိုလမ်း၊
မြေနီကုန်း/မြောက်၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း/မြောက်၊ မပိုလမ်း၊ အမှတ် (၂၁/၃ဘီ)နေ ဒေါ်အေးအေးခိုင်က ကွယ်လွန်သူ ဦးသန်းဌေးမြင့်၏ တရားဝင်ဇနီးဖြစ်သည်ဟူ၍ အထက်ဖော်ပြပါနေရပ်လိပ်စာနေ ၎င်းကွယ်လွန်သူ ဦးသန်းဌေးမြင့်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးသန်းဌေးမြင့်မှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ခုနှစ် မေ ၆ရက် (၁၃၇၅ခုနှစ် တန်ခူးလပြည့်ကျော် ၁၁ရက်) နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်အေးအေးခိုင်၏ လျှောက်ချက်ကိုကြားနာ၍ လက်မှတ်ရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဧပြီ ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်သစ်ဆွေ (ဒုတိယခရိုင်တရားသူကြီး-၈)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ခရုသင်း (သမင်မြူ)
LEUCODERMA



ကြော်ငြာ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး သန်လျင်-ကျောက်တန်းမြို့နယ်၊ သီလဝါစက်မှုဇုန်၊ မြေကွက်အမှတ်(၉)၊ ဧရိယာ ၁ဒသမ၈၇၀ ဧက အမည်ပေါက် ဦးခင်မောင်ဆန်း ၁၃/ရကန(နိုင်)၀၀၆၀၇၀မှ First Myanmar Investment Co., Ltd. က စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပြီး၄င်းကုမ္ပဏီအမည်ဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ အမည်ပြောင်းလဲ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် အောက်ဖော်ပြပါရုံးသို့ တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးကျော်စိန်(ငြိမ်း)
လွှတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)
အသက် (၉၀)

ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဒုတိယဥက္ကဋ္ဌ သီရိပျံချီဦးဌေးဦး-ဒေါ်နီနီဝင်းတို့၏ ဖခင်ကြီးသည် ၁၇-၄-၂၀၁၃ရက်တွင် ဟင်္သာတနေအိမ်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဟင်္သာတအထက(၂) ကျောင်းသား ကျောင်းသူဟောင်းများ
ရန်ကုန်/ဟင်္သာတ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်သွန်းညွန့် (အသက်-၉၂နှစ်)

သူငယ်ချင်းဒေါ်ရီရီတင့်၏ မိခင်ဒေါ်သွန်းညွန့်သည် ၂၄-၃-၂၀၁၃ရက်နေ့တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

(၂၄-၄-၂၀၁၃ရက်နေ့တွင်တစ်လပြည့်ဆွမ်းကပ်တရားနာကြွရောက်ပါရန်)

၁၉၇၅-၀၉၈၀ခုနှစ် ပညာရေးတက္ကသိုလ်ကျောင်းသား/သူများ
(ကျန်းမာရေးနှင့်လူမှုရေး ကူညီမှုအဖွဲ့)

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးကျော်စိန်(ငြိမ်း)လွှတ်လပ်ရေးမော်ကွန်းဝင်
(ဒုတိယဆင့်)
အသက်(၉၀)နှစ်

ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ သီရိပျံချီ ဦးဌေးဦး-ဒေါ်နီနီဝင်းတို့၏ဖခင်ကြီး ဗိုလ်ကြီးကျော်စိန်(ငြိမ်း) ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းပါကြောင်း။

ဦးခင်မောင်ရီ-ဒေါ်သန်းသန်းဝင်း
[illegible]

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးကျော်စိန်(ငြိမ်း)
(လွှတ်လပ်ရေးမော်ကွန်းဝင်-ဒုတိယဆင့်)
အသက်(၉၀)

ရေဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နေ (ဦးဖေ-ဒေါ်မယ်မြင့်)တို့၏သား၊ (ဒေါ်လှလှ)၏ခင်ပွန်း ဟင်္သာတမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပျံချီ ဦးဌေးဦး-ဒေါ်နီနီဝင်း၊ မန္တလေးမြို့နေ ဒေါက်တာအောင်ခိုင်သန်း(ဒုဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်)-ဒေါ်သွယ်သွယ်ဦး၊ ဒေါ်ကြည်ကြည်ဆွေ အလပြ၊ အတက(၃)၊ ဟင်္သာတတို့၏ဖခင် ဗိုလ်ကြီးကျော်စိန်(ငြိမ်း) လွှတ်လပ်ရေးမော်ကွန်းဝင်-ဒုတိယဆင့်သည် ဟင်္သာတမြို့နေအိမ်တွင် ၁၇-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၅၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ
